

နန္ဒကျော်သူ

# ရွှေနဂါးသိုင်းကျမ်း

စာစဉ် (၁ + ၆)

5

## တတိယပိုင်း (ဓာတ်သိမ်း)

## ရွှေနဂါးသိုင်းရဲ့တိုက်

အပိုင်း (၁)

မူယုံမိ၏ကျင်းလုံပိတ်ချန်

1984

Alien-ချစ်စုလှိုင်

သိုင်းစာစဉ်များpage.

12.3.2019

Alien မှ pdf အဖြစ် စကန်ဖတ်သည်

ALiEN.


နှင်းကျော့ညို
ရွှေနဂါးသိုင်းရုံတိုက်
ရွှေနဂါးသိုင်းကျမ်းတော်




စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၁၃၃၀)

မျက်နှာဖုံးနှင့်ရေခံခွင့်ပြုချက်အမှတ် (၃၇၀)

ထုတ်ဝေခြင်း

၁၉၈၄-ခု၊ အောက်တိုဘာလ၊

ပထမအကြိမ်၊

အုပ်ရေ—[redacted]၁၈၀၀

တန်ဖိုး—နှစ်ဆယ့်နှစ်ကျပ်။

မျက်နှာဖုံးနှင့်ရေခံပန်းချီ

ပန်းချီ ငြိမ်းအောင်။

ကာလာခွဲ

မောင်မောင်ဟိန်း။

အဖုံးရိုက်

ဆန်းသစ်စ။


ရွှေနဂါးသိုင်းကျမ်း စာစဉ် (၃)

# နန္ဒကျော်သူ

ရွှေနဂါးသိုင်း ရဲတိုက်



# အချစ်ရန်သူ သိုင်းရန်သူ

နှစ်လပိုင်း လကုန်ရက် ဖြစ်သည်။

တရုတ်ပြည်မြောက်ပိုင်း ဆန်းကမ်လမ်းမကြီးပေါ်၌ မြင်းလှည်းတန်းတခုသည် ပြေးလွှား၍ နေလေသည်။

မြင်းလှည်းပေါ်မှ အနက်ရောင်ကွပ်ထားသောသုံးမြှောင့်ပုံ အလံသည် လေထဲ၌ တလူလူလွင့်၍ နေသည်။

ထိုအလံ၏ အလယ်ဗဟို၌ အဖြူရောင် ဓားမြှောင်ပုံ ရေးဆွဲထားလေသည်။ ထိုအလံသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က သိုင်းလောကကို တုန်လှုပ်စေခဲ့သော 'သေမင်းတမန်' အလံပင် ဖြစ်ပါသည်။

ထိုအလံသည် လွန်ခဲ့သောဆယ်နှစ်ခန့်မှစ၍ သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့သည်။

ဝဏ္ဏထွန်းစာပေ

ယခု ထိုအလံသည် တရုတ်ပြည် မြောက်ပိုင်း ဆန်းကမ် လမ်းမကြီးပေါ်၌ ပြန်လည်ပေါ်ထွက်လာလေသည်။

ဤသို့ဆိုလျှင် ထို 'သေမင်းတမန်' ကြောင့် သိုင်းလောကသည် တဖန် ပြန်လည်တုန်လှုပ်ဦးမည်လော။

*   *   *

ဤနေရာသည် ဆန်းကမ်လမ်းမကြီးနှင့် မဝေးလှသော နေရာမှ တောင်ကုန်းတခု ဖြစ်သည်။

တောင်ကုန်းပေါ်မှကြည့်လျှင် ဆန်းကမ်လမ်းမကြီးပေါ်၌ ရွေ့လျားနေသော မြင်းလှည်းတန်းကို ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။

ယခု ထိုတောင်ကုန်းပေါ်၌ မြင်းလေးစီးသည် ရပ်တန့်၍ ဆန်းကမ်လမ်းမကြီးပေါ်မှ မြင်းလှည်းတန်းကို ကြည့်နေလေသည်။

ထိုမြင်းလေးစီးမှာ ရှောင်လင်မှ လျှောင်အင်း၊ ဗူးတန်မှ ဝူစွမ်းနှင့် သူတို့၏ တပည့်နှစ်ဦးပင် ဖြစ်ပါသည်။

လျှောင်အင်းက မြင်းလှည်းတန်းကို စူးစိုက်၍ ကြည့်ယင်း ဝူစွမ်းအား လှမ်း၍

'ဆူးရိဖုံးကို အခုလို လမ်းခွတ်သပ်မှာ တွေ့မယ်လို့ ကျုပ် မထင်ခဲ့ဘူး'

ဟု ပြောလိုက်လေသည်။



ဝူစွမ်းက တချက်ပြုံးလိုက်ပြီး....

'သေမင်းတမန် အလံကိုတွေ့မှတော့ ဆူးရိဖုံးကိုတွေ့ရတာနဲ့ အတူတူပဲပေါ့'

ဟု ပြောလူက်လေသည်။

လျှောင်အင်းက တချက်ပြုံးယင်း

'ဒီပုံအတိုင်းဆို သူတို့ ကျိကျန်ရွာမှာ ညအိပ်ရလိမ့်မယ်'

ဝူစွမ်းက လျှောင်အင်းအား တချက်လှမ်းကြည့်လိုက်ပြီး

'ဟုတ်တယ်၊ ကျိကျန်ရွာမှာ သူတို့ ညအိပ် မရပ်နားယင် ရှေ့မှာ ညအိပ်ရပ်နားဖို့နေရာ ရှိမှာမဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။

လျှောင်အင်းက တချက်ပြုံးကာ

'ကျုပ်တို့ ကျိကျန်က စောင့်နေယင် မကောင်းဘူးလား'

ဟု ပြောလိုက်လေသည်။

ဝူစွမ်းက ဦးခေါင်းကိုညိတ်လိုက်ပြီး

'ကောင်းတယ်'

ဟု ပြောလိုက်လေသည်။

ထို့နောက် အတန်ကြာသောအခါ တောင်ကုန်းပေါ်၌ မြင်းလေးစီးကို မတွေ့ရတော့ချေ။

သို့သော် ဆန်းကမ်လမ်းမကြီးပေါ်၌ မြင်းတစီး ပြေးလွှားနေသည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

မကြာမီ ထိုမြင်းသည် မြင်းလှည်းတန်း၏ရှေ့သို့ ရောက်ရှိလာလေတော့သည်။

*   *   *

ဝဏ္ဏထွန်းစာပေ

မြင်းလှည်းများ ရပ်တန့်သွားသည်။

အကြောင်းမှာ မြင်းလှည်းတန်းရှေ့၌ မြင်းတစီး ရပ်တန့်နေသည် မဟုတ်ပါလော။

ထိုရပ်တန့်နေသော မြင်းပေါ်မှ လူငယ်သည် မြင်းလှည်းပေါ်မှ 'သေမင်းတမန်'အလံကို တချက်ကြည့်လိုက်ပြီး အသံကျယ်လောင်စွာဖြင့်

'ဆန့်ကွမ်းချုံး… ဆန့်ကွမ်းချုံး'

ဟု အော်ဟစ်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် နောက်ဆုံးမြင်းလှည်း၏တံခါး ပွင့်သွားပြီး မိန်းကလေး လေးဦး ထွက်လာလေသည်။

ထိုမိန်းကလေး လေးယောက်၏ လက်သည် မိမိတို့၏ ခါးများပေါ်၌အသင့်ရှိနေပြီး အကြောင်းတစုံတရာ ပေါ်ပေါက်လာပါက လျှပ်တပြက် တိုက်ခိုက်ရန် ပြင်ဆင် ထားကြောင်း သိနိုင်ပေသည်။

လူငယ်က သူ၏မြင်းကို မိန်းကလေးများထံ မောင်းနှင်လိုက်လေသည်။

ထို့နောက် သူသည် မြင်းပေါ်မှ ဆင်းသက်လိုက်ပြီး ထိုမိန်းကလေး လေးဦးကို ဦးညွှတ်ပြလိုက်လေသည်။

ထိုမိန်းကလေး လေးဦးအနက် အစိမ်းရောင် ဝတ်ဆင်ထားသော မိန်းကလေး မျက်မှောင်တချက်ကြုတ်ယင်း

'ရှင် ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

လူငယ်က နှစ်လိုဖွယ်ရာ အပြုံးဖြင့် ပြုံးယင်း





'ကျကျန်ရှန့်ပါ'

ဟု ပြောလိုက်လေသည်။

အစိမ်းရောင်ဝတ် မိန်းကလေးက

'ဘာကိစ္စလဲ'

ဟု မေးလိုက်လေသည်။

ကျကျန်ရှန့်က ပြုံးလျက်

'ဆန့်ကွမ်းချုံးနဲ့ တွေ့ချင်လို့ပါ'

ဟု ပြောလိုက်လေသည်။

ထိုစဉ် ရုတ်တရက် ဒုတိယမြင်းလှည်း၏ တံခါးသည် ပွင့်သွားပြီး မိန်းကလေးတဦး ဆင်းသက်လာလေသည်။

မိန်းကလေးသည် ကျကျန်ရှန့်အား မြင်တွေ့လိုက်သည်နှင့် ဝမ်းသာအားရဖြင့် ကျကျန်ရှန့်၏ ရင်ခွင်အတွင်းကို ပြေးဝင်လိုက်လေသည်။

ကျကျန်ရှန့်ကလည်း မိန်းကလေးကို မြင်တွေ့လိုက်သည်နှင့်

'ဆန့်ကွမ်းချုံး'

ဟု အော်ဟစ်ကာ မိန်းကလေးအား ဆီးကြိုပွေ့ဖက်လိုက်လေသည်။

ထို့နောက် သူတို့နှစ်ဦးသည် တယောက်ကို တယောက် လွှတ်ထွက်သွားမည် စိုးရိမ်သည့်အလား တဦးကိုတဦး တင်းကျပ်စွာ ဖက်ထားကြလေတော့သည်။

ထိုစဉ် ရုတ်တရက်

'ဆန့်ကွမ်းချုံး'

ဟူသော အသံတသံသည် ခက်ထန်မာကျောစွာ ပေါ်ထွက်လာလေသည်။

ယင်းအသံကြောင့် ကျကျန်ရှန့်နှင့် ဆန့်ကွမ်းချုံး တို့သည် ရုတ်တရက် လန့်ဖျပ်ကာ ကပျာကယာ လူချင်းခွာ လိုက်လေသည်။

ထို့နောက် ကျကျန်ရှန့်နှင့် ဆန့်ကွမ်းချုံးတို့သည် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်လေတော့သည်။

ယင်းသို့ကြည့်လိုက်သည်နှင့် သူတို့သည် ပထမ မြင်းလှည်းပေါ်မှ အသက် လေးဆယ်ကျော်ခန့် အမျိုးသမီးတဦး ဆင်းသက်နေသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုအမျိုးသမီးသည် တချိန်က သိုင်းလောကကို တုန်လှုပ်စေခဲ့သော ရိပိန်တောင် ဘီလူးမ ဆူးရိဖုံးပင်ဖြစ်သည် မဟုတ်ပါလော။

* * *

ကျကျန်ရှန့်သည် ဆူးရိဖုံးအားတွေ့မြင်လိုက်သည်နှင့် သူ၏လက်နှစ်ဘက်ကိုဆုပ်ကာ

'ဒေါ်ဒေါ်က ဆူးရိဖုံးလား'

ဟု မေးလိုက်လေသည်။

ဆူးရိဖုံးက ခက်ထန်သောမျက်နှာထားဖြင့် ဆန့်ကွမ်းချုံးအား လှမ်း၍





'ဆန့်ကွမ်းချုံး…လှည်းပေါ်တက်၊ ငါတို့ခရီးနှောင့်နှေးလို့မဖြစ်ဘူး'

ဟု ပြောလိုက်လေသည်။

ထို့နောက် သူမသည် ခန္ဓာကိုယ်ကိုလှည့်၍ မြင်းလှည်းပေါ်တက်လိုက်လေသည်။

ဆန့်ကွမ်းချုံးသည် ဆူးရိဖုံးအားတလှည့်၊ ကျကျန်ရှန့်အားတလှည့် ကြည့်ပြီး တွေဝေနေလေသည်။

ကျကျန်ရှန့်က ဆန့်ကွမ်းချုံး၏လက်ကိုဆွဲ၍ ဟန့်တားထားလိုက်ပြီး ဆူးရိဖုံး ဝင်ရောက်သွားသော မြင်းလှည်းရှိရာသို့ လျှောက်သွားလေသည်။

ဆူးရိဖုံးက မြင်းလှည်းထဲသို့ ရောက်သည်နှင့် မြင်းလှည်းတံခါးကို ပိတ်လိုက်လေသည်။ ကျကျန်ရှန့်က မြင်းလှည်းရှေ့၌ ရပ်တန့်လိုက်ပြီး

'ကျွန်တော် တခုပြောပါရစေ'

ဟု ပြောလိုက်လေသည်။

မြင်းလှည်းထဲမှ

'မင်းနဲ့ ဆန့်ကွမ်းချုံး မေတ္တာမျှနေတယ်ဆိုတဲ့ အကြောင်းလား….'

ဟူသော ဆူးရိဖုံး၏အသံ ပေါ်ထွက်လာလေသည်။

ကျကျန်ရှန့်က လျင်မြန်စွာ

'ဟုတ်ပါတယ်'

ဟု ပြောလိုက်လေသည်။

'ဒါပေမယ့် ဆန့်ကွမ်းချုံးဟာ ရွှေနဂါးသိုင်းသမား ဆန့်ဝိန်ကျက်နဲ့ လက်ထပ်တော့မှာ'

ဟူသော အသံသည် မြင်းလှည်းထဲမှ ပေါ်ထွက် လာလေသည်။

ကျကျန်ရှန့်က ပြုံးကာ

'ဒါပေမယ့်ဆန့်ကွမ်းချုံးဟာ ရွှေနဂါးသိုင်းသမားနဲ့ လက်မထပ်ရသေးပါဘူး၊ ဒါကြောင့်'

ကျကျန်ရှန့်၏ စကားမဆုံးမီ မြင်းလှည်းထဲမှ

'ဒါကြောင့် မင်းတို့ရဲ့ချစ်ခြင်းကို မခွဲပါနဲ့လို့ ပြောမလို့ မဟုတ်လား'

ဟု မေးလိုက်သော ကျင်းရိဖုံး၏အသံ ပေါ်ထွက်လာလေသည်။ ကျကျန်ရှန့်က

'ဟုတ်ပါတယ်'

မြင်းလှည်းထဲမှ ဆူးရိဖုံး၏ ရယ်မောသံနှင့်အတူ

'လောကမှာ ကတိသစ္စာဆိုတာ ဘယ်တော့မှ မဖျက်ကောင်းဘူးကွ'

ဟု ပြောသံ ပေါ်ထွက်လာလေသည်။

ကျကျန်ရှန့်က ပြုံးကာ

'ဟုတ်ပါတယ်၊ ဒါပေမယ့် တခါတရံတော့ ဖျက်ကောင်း ဖျက်ရပါလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

'ဘာပြောတယ်ကွယ့်'





ဟု ဆူးရိဖုံး၏မေးသံ မြင်းလှည်းထဲမှ ပေါ်ထွက်လာလေသည်။

ကျကျန်ရှန့်က တချက်ပြုံးကာ

'ဒီလိုပါ၊ တခါတရံ ပေးခဲ့တဲ့ကတိကိုဖျက်သင့်ယင် ဖျက်ရပါတယ်၊ ဥပမာ တရုတ်ပြည်ထဲကိုမလာပါဘူးဆိုတဲ့ ကတိမျိုးပေါ့'

ဟု ပြောလိုက်လေသည်။

ကျကျန်ရှန့်၏ စကားသံဆုံးသည်နှင့် မြင်းလှည်းထဲမှ မည်သည့် အသံမျှ ပြန်လည်ထွက်ပေါ်လာခြင်း မရှိချေ။

အတန်ကြာအောင် တိတ်ဆိတ်၍နေပြီးမှ ဆူးရိဖုံး၏ အသံသည် မြင်းလှည်းထဲမှ ပေါ်ထွက်လာလေသည်။

'ဆန့်ကွမ်းချုံး'

ဆန့်ကွမ်းချုံးသည် ဆူးရိဖုံး၏ အသံကြောင့် သူမ၏ခန္ဓာကိုယ်သည် တချက်မျှ တုန်လှုပ်သွားပြီး

'ရှင်...'

ဟု ထူးကာ မြင်းလှည်းအနားသို့ ရောက်လာလေသည်။

မြင်းလှည်းအနားသို့ ဆန့်ကွမ်းချုံး ရောက်လာသည်နှင့်

'ဆန့်ကွမ်းချုံး၊ အဲ့ဒီသူငယ်ကို သတ်လိုက်'

ဟု အမိန့်ပေးလိုက်သော ဆူးရိဖုံး၏အသံ ပေါ်ထွက်လာလေတော့သည်။

ဆူးရိဖုံး၏အမိန့်ကြောင့် ဆန့်ကွမ်းချုံးသည် ရုတ်တရက် မည်သို့ပြုလုပ်ရမှန်းမသိအောင် ဖြစ်သွားလေတော့သည် မဟုတ်ပါလော။

* * *

ဆန့်ကွမ်းချုံးသည် အတန်ကြာအောင် တွေဝေနေလေသည်။

အတန်ကြာမှ ဆန့်ကွမ်းချုံးသည် မြင်းလှည်းရှေ့၌ ဒူးထောက်လိုက်ပြီး....

'ဆရာ....ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မတို့ချစ်ခြင်းကို မခွဲပါနဲ့'

ဟု တောင်းပန်လိုက်လေသည်။

မြင်းလှည်းထဲမှ

'ဆန့်ကွမ်းချုံး...ဒီသူငယ်ကို သတ်လိုက်'

ဟု ပြောလိုက်သော ဆူးရိဖုံး၏အသံ ထပ်မံပေါ်ထွက်လာလေသည်။

ဆန့်ကွမ်းချုံးသည် သက်ပြင်းတချက်ကို မသိမသာ ရှိုက်လိုက်ပြီး ဒူးထောက်ရာမှ ဖြည်းညင်းစွာ ထလိုက်လေသည်။

ထို့နောက် သူမသည် နောက်ကျော၌ လွယ်ထားသော ဓားအိမ်မှ ဓားကို ဖြည်းညင်းစွာ ထုတ်ယူလိုက်လေတော့သည်။

ဓားအိမ်မှဓားထွက်လာသည်နှင့်တပြိုင်တည်း သူမ၏မျက်လုံးအိမ်ထဲမှ ပူနွေးသော မျက်ရည်စက်သည် ပါးပြင်ပေါ်သို့ စီးကျလာလေတော့သည်။

ကျကျန်ရှန့်သည် နေရာ၌ မလှုပ်မယှက် ရပ်၍နေသည်။

ဆန့်ကွမ်းချုံးသည် သူမ၏ခန္ဓာကိုယ်ကို ဖြည်းညင်းစွာဖြင့် ကျကျန်ရှန့်ဘက်သို့ လှည့်လိုက်လေသည်။





သူမ၏ မျက်လုံးအိမ်ထဲ၌ မျက်ရည်များဖြင့် ပြည့်လျှံနေ၍ သူမသည် မလှုပ်မယှက်ရပ်နေသောကျကျန်ရှန့်ကို မှုန်ရီဝိုးတဝါးသာ မြင်ရလေသည်။

သူမသည် သက်ပြင်းတချက် ရှိုက်လိုက်ပြီး ကျကျန်ရှန့်အား စတင်တိုက်ခိုက်လိုက်လေတော့သည်။

သူမ၏ ဓားသိုင်းကွက်သည် တဒင်္ဂအတွင်း သုံးကွက်မျှ ပြောင်းလဲကာ ကျကျန်ရှန့်၏ရင်သို့ ထိုးစိုက်လိုက် လေသည်။

သို့သော် ကျကျန်ရှန့်က ရှောင်တိမ်းခြင်း မပြုပါ။

ထို့ကြောင့် ဆန့်ကွမ်းချုံးသည် မျက်စိများ ပြာဝေသွားပြီး ကပျာကယာ သူမ၏ဓားဦးကို နောက်ဆုတ်လိုက်လေသည်။

သို့သော် သူမ၏ဓားဖျားသည် ကျကျန်ရှန့်၏ ရင်ဘတ်မှ အင်္ကျီစကို တထွာခန့်စုတ်ဖြဲလိုက်ပြီး ကျကျန်ရှန့်၏ ရင်ဘတ်၌ အနီစင်းတစင်း ဖြစ်ပေါ်လာစေ လေတော့သည်။

ကျကျန်ရှန့်သည် မိမိ၏ရင်ဘတ်၌ စစ်ကနဲ နာကျင်သော ဝေဒနာတရပ်ကို ခံစားလိုက်ရသော်လည်း လုံးဝ အပြုံးမပျက်ပါ....။

သူသည် ကျေနပ်စွာပြုံး၍ ဆန့်ကွမ်းချုံးကို ကြည့်လေသည်။

ဆန့်ကွမ်းချုံးသည် ကျကျန်ရှန့်၏ ရင်ဘတ်ထက်၌ သွေးများ စို့လာသည်ကိုမြင်တွေ့သည်နှင့် သူမ၏ခန္ဓာကိုယ်တခုလုံးသည် တချက်တုန်ခါသွားပြီး လက်ထဲမှဓားကို မြေပေါ်သို့ ပစ်ချလိုက်လေတော့သည်။

ထို့နောက် မြေပေါ်သို့ ဒူးထောက်က ဦးခေါင်းကို ငုံ့၍ ငိုကြွေးလေတော့သည်။

ကျကျန်ရှန့်သည် ဆန့်ကွမ်းချုံးရှေ့၌ ဒူးထောက်လိုက်ပြီး ဆန့်ကွမ်းချုံး၏ပခုံးကို ကိုင်လိုက်လေသည်။

ထိုစဉ် သူတို့နှစ်ဦးအနီးသို့ ခြေထောက်တစုံ ရပ်တန့်လာပြီး ဆန့်ကွမ်းချုံး၏ ခေါင်းကို ကောက်ယူလိုက်လေတော့သည်။

*　　*　　*

ဆန့်ကွမ်းချုံးက မျက်ရည်များပြည့်လျှံနေသော မျက်လုံးဖြင့် ခြေထောက်ပိုင်ရှင်ကို မော့ကြည့်လိုက်လေသည်။

ထို့နောက် သူမှသည် ထိုခြေထောက်ကို ဖက်၍

'ဆရာ... ဆရာ... ကျွန်မတို့ ချစ်....'

သူမ၏ စကားမဆုံးမီ ဆူးရိဖုံးသည် မိမိ၏ခြေထောက်ကို ဖက်ထားသော ဆန့်ကွမ်းချုံးအားတွန်းဖယ်လိုက်ပြီး ကျကျန်ရှန့်အား.....

'သူငယ်...မင်းကို အခွင့်အရေးတခု ပေးမယ်'

ဟု ပြောလိုက်လေသည်။

ထို့နောက် ဆူးရိဖုံးသည် ကျကျန်ရှန့်အား စူးစိုက်၍ကြည့်လိုက်သည်။ ပြီးမှ

'တကယ်လို့ မင်းက ငါ့ရဲ့ သိုင်းကွက်သုံးကွက်ကို ကာကွယ်နိုင်ခဲ့ယင် ငါကသဲ ငါပေးထားတဲ့ကတိကို ဖျက်လိုက်မယ်'





ဟု ပြောလိုက်လေသည်။

ကျကျန်ရှန့်က ဆူးရိဖုံးအား မော့၍ကြည့်လိုက်ပြီး

'ကျွန်တော်က ဒေါ်ဒေါ်ရဲ့ သိုင်းကွက်သုံးကွက်ကို ခုခံနိုင်ခဲ့ယင် ကျွန်တော်တို့ရဲ့ချစ်ခြင်းကို မခွဲတော့ဘူးပေါ့ဟုတ်လား'

ဟု မေးလိုက်လေသည်။

ဆူးရိဖုံးက တချက်ပြုံးလိုက်ပြီး

'ငါ စကားတခွန်းပဲ ပြောတယ်၊ ပိုမပြောဘူး၊ အချိန်ကို ဖြုန်းတာလဲ ငါမကြိုက်ဘူး'

ဟု ပြောလိုက်လေသည်။

ထို့နောက် သူမသည် ရှေ့သို့ ခြေလှမ်း လေးငါးလှမ်းမျှ လျှောက်သွားလိုက်ပြီး ရပ်တန့်လိုက်လေသည်။ ပြီးမှ သူမသည် ကျကျန်ရှန့်အားလှမ်း၍

'သူငယ်...မင်း အသင့်ဖြစ်ပြီလား'

ဟု မေးလိုက်လေသည်။

ကျကျန်ရှန့်သည် ဆန့်ကွမ်းချုံးအား တချက်ကြည့်လိုက်သည်။ ပြီးမှ ဒူးထောက်ရာမှမတ်တတ်ရပ်လိုက်ပြီး ဆူးရိဖုံးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ဆူးရိဖုံးက တချက်ပြုံးကာ

'ကဲ...မင်းရဲ့ခေါင်းကို ထုတ်တော့'

ဟု ပြောလိုက်လေသည်။

ဆူးရိဖုံး စကားသံဆုံးသည်နှင့် တပြိုင်တည်း

'ချွင်...'

ဟူသော အသံနှင့်အတူ ကျကျန်ရှန့်၏ဓားသည် ဓားအိမ်ထဲမှ လက်ထဲသို့ ရောက်လာလေ တော့သည်။ တဆက်တည်း ကျကျန်ရှန့်သည်....

'ယား...'

ဟု အော်ဟစ်ကာ ဆူးရိဖုံးကို တိုက်ခိုက်လိုက် လေတော့သည်။

ဆူးရိဖုံးက ပြုံးလျက် ကျကျန့်ရှန့်၏ဓားကွက်ကိုရှောင်ယင်း

'တစ်....'

ဟု အော်ကာ သူမ၏တိုက်ကွက်ကို စတင်လိုက် လေတော့သည်။

သူမ၏ဓားကွက်သည် တကွက်တည်းသာ ဖြစ်သော်လည်း ထိုဓားသိုင်းကွက်တကွက်တည်း၌ အပြောင်းအလဲ ခုနစ်မျိုးကို လျှပ်တပြက်အတွင်း ဖြစ်ပေါ်သွားစေလေတော့သည်။

ထို့နောက် ဆူးရိဖုံးသည်

'နှစ်....'

ဟု အော်ဟစ်ယင်း နောက်ထပ် ဓားကွက်တကွက်ကို ထုတ်သုံးလိုက်လေသည်။

ထိုဓားကွက်သည် ပထမဓားကွက်ထက်ပို၍လျင်မြန်ပြီး ပို၍ တိကျလေသည်။ သို့သော် ဆူးရိဖုံးသည် ရုတ်တရက် ရပ်တန့်လိုက်ပြီး သူ၏လက်ထဲမှ ဓားကို မြေပေါ်သို့ပစ်ချကာ ကျကျန်ရှန့်အား

'သူငယ်....မင်း ကံကောင်းတယ်မှတ်ပါ၊ မင်းကို ဒီတခါ ငါ လွှတ်လိုက်မယ်'



ဟု ပြောလိုက်လေသည်။

ထို့နောက် တဆက်တည်း မြင်းလှည်းရှိရာသို့ လျင်မြန်စွာ လျှောက်သွားယင်း

'နောက်ကြောင်းပြန်လှည့်မယ် မြန်မြန်'

ဟု အော်ဟစ်ကာ မြင်းလှည်းပေါ်သို့ တက်လိုက်လေ တော့သည်။

ထို့နောက် သူမ၏မြင်းလှည်းသည် အခြားမြင်းလှည်းများ ကို မစောင့်ပဲ ထိုနေရာမှ အမြန်ဆုံးထွက်ခွာသွား လေတော့ သည်။

* * *

ကျကျန်ရှန့်သည် ဝေး၍သွားပြီဖြစ်သော ဆူးရိဖုံး၏ မြင်း လှည်းကို အံ့သြစွာကြည့်နေမိလေသည်။

ထိုစဉ် ရုတ်တရက် သူ၏နောက်ကျောသို့ ချွန်ထက်သော အရာတခုနှင့် ထောက်ထားခြင်း ခံလိုက်ရသဖြင့် ကျကျန်ရှန့် သည် သတိပြန်ဝင်လာကာ သူ၏နောက်ကျောဘက်သို့ လှည့် ကြည့်လိုက်လေသည်။

ဆန့်ကွမ်းချုံးသည် ဆူးရိဖုံးပစ်ချခဲ့သောမိမိခေါးကို ကောက်ယူလိုက်ပြီး ကျကျန်ရှန့်၏နောက်ကျောသို့ ထောက်ထားလိုက်သည်။ ကျကျန်ရှန့်က အံ့သြစွာဖြင့်

'ဆန့်ကွမ်းချုံး'

ဟု ခေါ်လိုက်လေသည်။

ဆန့်ကွမ်းချုံးက မျက်မှောင်ကြုတ်လျက်

'ရှင်....လူယုတ်မာပဲ'

ဟု အော်ဟစ်လိုက်သည်။

ကျကျန်ရှန့်က မျက်လုံးပြူးကာ

'ဆန့်ကွမ်းချုံး မင်းဘာတွေပြောနေတာလဲ'

ဟု အံ့သြသံဖြင့် မေးလိုက်လေသည်။

ဆန့်ကွမ်းချုံးက

'ရှင်....ဆရာ့ကို လက်နက်ပုန်းနဲ့ယှဉ်လိုက်တယ် မဟုတ်လား'

ဟု မေးလိုက်လေသည်။

ကျကျန်ရှန့်က ပခုံးကိုတွန့်ကာ

'ကျုပ် ဘယ်တော့မှ လက်နက်ပုန်း မသုံးဘူး'

ဟု ပြောလိုက်လေသည်။

ဆန့်ကွမ်းချုံးသည် ကျကျန်ရှန့်အားအဘန်ကြာအောင် စူးစိုက်၍ကြည့်နေပြီးမှ သက်ပြင်းတချက်နှင့် သူမ၏ခေါးကို ခေါးအိမ်ထဲသို့ ပြန်လည်သိမ်းဆည်းလိုက်လေသည်။ ပြီးမှ

'ဒါဖြင့်ဘာဖြစ်လို့ ဆရာ အလောတကြီး နောက်ကြောင်းပြန်လှည့်ရတာလဲ'





ဟု မေးလိုက်လေသည်။

ကျကျန်ရှန့်က ပခုံးနှစ်ဘက်တွန့်ကာ

'ငါလဲ ဒါကိုပဲ သိချင်နေတာ'

ဟု ပြောလိုက်လေတော့သည်။

* * *

ဆန့်ကွမ်းချုံးသည် ကျကျန်ရှန့်အား အဘန်ကြာအောင် ငေး၍ကြည့်နေပြီးမှ သက်ပြင်းတချက်ချကာ 'ထူးဆန်းတယ်၊ ထူးဆန်းတယ်'ဟု ပြောလိုက်လေသည်။

ကျကျန်ရှန့်က နားမလည်ဟန်ဖြင့်

'ဘာ ထူးဆန်းနေတာလဲ'

ဟု မေးလိုက်လေသည်။

ဆန့်ကွမ်းချုံးက ခေါးကို ခေါးအိမ်ထဲသို့ပြန်လည်သိမ်းဆည်းလိုက်ပြီး

'ဆရာဟာ သူ့ရဲ့သိုင်းကွက်ကို ချက်ချင်း ရပ်တန့်လိုက်ပြီး ရုတ်တရက် နောက်ကြောင်းပြန်လှည့်တယ်၊ ပြီးတော့ ဘယ်သူ့ကိုမှ မစောင့်ပဲ ထွက်သွားတယ်'

ကျကျန်ရှန့်က တချက်ပြုံးလိုက်ပြီး

'ဒါနဲ့ပဲ ငါက လက်နက်ပုန်း သုံးတယ်လို့ မင်းကထင်လိုက်တာပေါ့....ဟုတ်လား'

ဆန့်ကွမ်းချုံးက

'အစ်ကိုက လက်နက်ပုန်းမသုံးဘူးလို့ ပြောတော့ ဒါဟာ ထူးဆန်းမနေဘူးလား'

ကျကျန်ရှန့်က တချက်ပြုံးလိုက်ပြီး

'ဆူးရိဖုံး ဘာဖြစ်လို့ အခုလို နောက်ကြောင်း ပြန်လှည့်သွားတယ်ဆိုတာ သိတဲ့လူ တယောက်ပဲရှိတယ်'

ဆန့်ကွမ်းချုံးက မျက်မှောင်ကလေးတချက်ကြုတ်လိုက်ပြီး

'ဘယ်သူလဲ'

ကျကျန်ရှန့်က အတန်ကြာစဉ်းစားလိုက်ပြီး

'ဆူးရိဖုံး... ပဲ'

ဟု ပြောလိုတ်လေသည်။

ဆန့်ကွမ်းချုံးက ကျကျန်ရှန့်အား မျက်စောင်းတချက်ထိုးလိုက်ပြီး ဘာမပြောညာမပြောနှင့် ကျကျန်ရှန့်၏မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။ ပြီးမှ

'ကျွန်မ အစ်ကို့ရဲ့မြင်းကို ယူသွားမယ်'

ဟု ပြောလိုက်လေသည်။

ကျကျန်ရှန့်က လှမ်း၍

'မင်း ဘယ်သွားမှာလဲ'

ဆန့်ကွမ်းချုံးက....

'ရိပိန်ဘောင် ပြန်မှာပေါ့'

ကျကျန်ရှန့်က မြင်း၏ဇက်ကြိုးကို ဆွဲထားယင်း....





'ဆူးရိဖုံးက မင်းကို နောက်တခါ အတင်းအကျပ် လက်ထပ်ခိုင်းယင် ဘယ်လိုလုပ်မလဲ'

ဆန့်ကွမ်းချုံးက တချက်ပြုံးလိုက်ပြီး....

'စိတ်ချ၊ အသက်သာ အသေခံမယ်၊ ဒုတိယအကြိမ်ဆိုတာ မရှိစေရဘူး'

ဟု ပြောလိုက်လေသည်။

ထို့နောက် သူမသည် မြင်း၏ ဝမ်းဗိုက်ကို ဖနောင့်ဖြင့် ပေါက်ကာ မြင်းကို စီးနှင်းသွားလေတော့သည်။

ကျကျန်ရှန့်သည် ဝေး၍သွားပြီဖြစ်သော ဆန့်ကွမ်းချုံးအား မျက်စိတဆုံး ကြည့်ယင်း သက်ပြင်းတချက်ကို ချလိုက်လေတော့သည်။

ထိုအချိန်မှစ၍ ဆန့်ကွမ်းချုံးသည် သိုင်းလောကမှ ထူးဆန်းစွာ ပျောက်ကွယ်သွားသေတော့သည် မဟုတ်ပါလော။

*　　　*　　　*

ကျိကျန်ရွာ။

တိတ်ဆိတ်သောညဉ့် ကျိကျန်ရွာသည် အိပ်မောကျနေလေသည်။

သို့သော် ညဥ့်နှစ်ချက်ထိုးသည့်တိုင် အိပ်၍ မပျော်ပဲ ရွာအဝင် လမ်းမကြီးသို့ ငေးမောကြည့်နေသူ နှစ်ဦး ပါရှိသည်။

ထိုနှစ်ဦးမှာ ရှောင်လင်မှ လျှောင်အင်းနှင့် ဝူးတန်မှ ဝူစွမ်းတို့ပင် ဖြစ်ပါသည်။

သူတို့သည် ရိပိန်တောင် ဘီလူးမ ဆူးရိဖုံးကို စောင့်မျှော်နေကြခြင်းပင် ဖြစ်ပါသည်။

သို့သော် ညဥ့်နှစ်ချက် ထိုးသည့် တိုင်အောင် ဆူးရိဖုံး၏ မြင်းလှည်းတန်းသည် ကျိုကျန်ရွာသို့ ဝင်ရောက်လာခြင်းမရှိပါ။

အကယ်၍ ဆူးရိဖုံးသည် ထူးဆန်းစွာ ရိပိန် တောင်သို့ နောက်ကြောင်း ပြန်လှည့် သွားစ ကြောင်း လျှောင်အင်းနှင့် ဝူစွမ်း သိခဲ့လျှင် အခြေအနေသည် မည်သို့ ပြောင်းလဲလာမည်နည်း။

ယခုမူ လျှောင်အင်းနှင့် ဝူစွမ်းတို့သည် ကျိုကျန်ရွာ၏ အဝင်လမ်းမကြီးပေါ်သို့ ကြည့်ကာ ဆူးရိဖုံးအား စောင့်မျှော်နေဆဲပင် ဖြစ်ပါတော့သည်။

* * *



## "ရွှေနဂါးဌာနချုပ်"

ကျန်မင်ရှောင်ယောင် တောင်ကြားမှ ထွက်ခွာလာသော မြင်းလှည်းတန်းသည် (၅ ရက်ကြာ ခရီးနှင်ပြီးနောက် နန့်ဆန်းတောင်ခြေမှ မြို့ကလေးတမြို့သို့ ရောက်ရှိလာလေတော့သည်။

နန့်ဆန်း တောင်ခြေမြို့သို့ ရောက်သည်နှင့် ရွှေနဂါးဌာနချုပ်မှ အကြိုလွှတ်လိုက်သော သိုင်းဆရာများက စင်းမမတို့ လူစုအား အသင့်စောင့်ကြိုနေလေသည်။

ထို့နောက် သူတို့သည် တံတားတခုကို ဖြတ်ကျော်ကာ တောင်တက်လမ်းကလေးအတိုင်း တောင်ပေါ်သို့ တက်သွားကြလေတော့သည်။

* * *

အရောင်အသွေး စုံလင်သော တောပန်း ကလေးများသည် မြင်သူတိုင်း၏ ရင်ကို အေးမြစေသည်။ ထိုတောပန်းကလေးများက သဘာဝ၏ လှပသော ရှုခင်းကို ဖန်ဆင်းထားသကဲ့သို့ ထင်ရပေသည်။

သို့သော် ယခု တောင်တက်လမ်းကလေးအတိုင်း တရွေ့ရွေ့ တက်နေသော လူတစုသည် မည်သူမှ ထိုသဘာဝ ရှုခင်းကို ကြည့်ရန် စိတ်ဆန္ဒမရှိကြချေ။ လူတိုင်းသည် ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြလေသည်။

* * *

မွန်းတည့်ချိန်။

ထိုအချိန်၌ သူတို့သည် နာမည်ကျော်သော 'ရှုံဟို'မြက်ခင်းပြင်သို့ ရောက်ရှိလာလေတော့သည်။

'ရှုံဟို' မြက်ခင်းပြင်သည် ကေ(၁၀၀)မျှ ကျယ်ဝန်းပြီး ထင်းရှူးပင်များ ဝန်းရံကာ လှပသော ပန်းချီကား တချပ် သဖွယ် ဖြစ်၍နေလေသည်။

ထင်းရှူးပင်များကြားမှ ကွေ့ကောက်သော ကျောက်လမ်းကလေး မြက်ခင်းပြင်ကိုပတ်၍ ဖောက်ထားလေသည်။





ထို ရှုံဟိုမြက်ခင်းပြင်၏ တဘက်၌ ကျောက်လှေကား တခု ရှိပြီး ထိုကျောက်လှေကား၏ အဆုံး၌ ရွှေနဂါးဌာနချုပ်၏ အပြင်တံခါးမကြီးကို တွေ့မြင်ရမည်ဖြစ်ပေသည်။

ဆင်းရဲသားပညာရှိ ချီစီဖု အမည်ခံ၍ ရုပ်ဖျက်ထားသော အမည်မဲ့ ခြံပိုင်ရှင် ကုန်းစွန်းယန်းသည် ကျောက် လှေ ကား ပေါ်သို့ မော့ကြည့်လိုက်လေသည်။

ဤ ကျောက်လှေကား ဆုံးသည်နှင့် သူသည် ရွှေနဂါး ဌာနချုပ်ထဲသို့ ရောက်ရှိတော့မည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် သူ၏အကြံအစည်သည် အထမြောက်ပါမည် လော....

* * *

ရွှေနဂါးဌာနချုပ်။

နန့်ဆန်းတောင်ပေါ်မှလှပခန့်ညားသော ရဲတိုက်အဆောက် အအုံဖြစ်သည်။

ရွှေနဂါးဌာနချုပ်၏ အဝင်တံခါးမကြီး၏ ဘေးနှစ်ဘက်၌ (၁၀)ပေခန့်မြင့်သော ကျောက်တိုင်နှစ်တိုင်ရှိသည်။

ထိုကျောက်တိုင်ပေါ်တွင် ရွှေရောင်အဆင်းရှိသော နဂါးနှစ်ကောင်က ရစ်ပတ်လျက် ကောင်းကင်ပေါ်သို့ တက်နေဟန် ထုလုပ်ထားလေသည်။

အနုပညာ လက်ရာ မြောက်လှသဖြင့် သက်ရှိ နဂါးနှင့် မခြားပေ။

ကုန်းစွန်းယန်းသည် ထိုရွှေနဂါးဌာနချုပ်ကို မော့ကြည့်ယင်း ရင်ထဲ၌ ဖော်ပြနိုင်စွမ်းမရှိသော ဝေဒနာ တရပ်ကို ခံစားလိုက်ရလေတော့သည်။

တဆက်တည်းမှာပင် မိမိ၏ထိုက်ပိုင်တောင်ခြေမှ အမည်မဲ့ ခြံဝင်းကို သတိရလာလေသည်။

ဤရွှေနဂါးဌာနချုပ်သည် သူ့၏အမည်မဲ့ ခြံဝင်းထက် (၁၀)ဆမကကြီးကျယ် ခမ်းနားနေသည်မဟုတ်ပါလော။

ကျောက်လှေကားတထစ်နင်းတိုင်း ကုန်းစွန်းယန်း၏ ရင်ထဲ၌တချက်စူးရှသွားသည်ဟု ခံစားလိုက်ရလေတော့သည်။

ကျောက်လှေလားတထစ် နင်းတိုင်း ကုန်းစွန်းယန်း၏စိတ်ထဲ၌ ရွှေနဂါးသိုင်းသမားအပေါ် အမုန်းတချက်ပိုကြီးထွားလာလေတော့သည်မဟုတ်ပါလော....

* * *





ခန်းမထဲသို့ ဝင်ရောက်လိုက်သည်နှင့် ဌာနချုပ် တာဝန်ခံ ချိုင်ရိစုက မိမိ၏လက်ဘက်ကို ဆုပ်ကာ စင်းမမအား ကြိုဆိုလိုက်လေသည်။ ပြီးမှ....

သူသည် စင်းမမအား လက်ဖက်ရည်ဖြင့် တည်ခင်း ဧည့်ခံယင်း....

ကျွန်တော်ကိုယ်တိုင် ဆင်းမကြိုနိုင်တာကို ခွင့်လွှတ်ပါ’

ဟု တောင်းပန်စကား ပြောလိုက်လေသည်။ စင်းမမ က အနည်းငယ်ပြုံးကာ...

‘ကိစ္စမရှိပါဘူး’

ဟုပြောလိုက်ပြီးဌာနချုပ်တာဝန်ခံအား ကုန်းစွန်းယန်းနှင့် မိတ်ဆက်ပေးလိုက်လေသည်။

ချိုင်ရိစုက ခေါင်းညိတ်ပြလိုက်ပြီး ပြုံးပြလိုက်ပြီး တဆက်တည်း ခန်းမထောင့်၌ ရပ်နေသော ဆရာရိကို လှမ်း၍ ခေါ်လိုက်လေသည်။

ထို့နောက် ဆရာရိအား ကုန်းစွန်းယန်းနေထိုင်ရန် အခန်းလိုက်ပို့ရန် အမိန့်ပေးလိုက်လေသည်၊ ဆရာရိက ကုန်းစွန်းယန်းအား ပြုံးပြလိုက်ပြီး....

‘ဆရာချီ… ဒီဘက်ကို ကြွပါ’

ဟုပြော ခန်းမထဲမှ ဦးဆောင်၍ ထွက်ခွာသွား လေတော့သည်။

ကုန်းစွန်းယန်းက အခန်းထဲရှိ လူများကို ပြုံး၍ နှုတ်ဆက်လိုက်ပြီး ဆရာရိ ခေါ်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

မာကျင်လျှံကလည်း ကုန်းစွန်းယန်းကို ကူညီရန်အတွက် လိုက်ပါသွားလေတော့သည်။

စင်းမမသည် မိမိ၏မြင်ကွင်းမှ ကုန်းစွန်းယန်းပျောက်ကွယ်သွားသည့်တိုင်အောင် တိတ်ဆိတ်နေပြီးမှ ချိုင်ရီစု ဘက်သို့ လှည့်ကာ…

'မင်းသားဘယ်မှာရှိလဲ၊ နွေရာသီစံအိမ်မှာလား'

ဟု မေးလိုက်လေသည်။

ချိုင်ရီစုက တချက်ပြုံးလိုက်ရင်း….

'မင်းသား ခရီးထွက်သွားပါတယ်'

စင်းမမက နှုတ်ခမ်းတချက်ကိုက်လိုက်ပြီး….

'ဘယ်သွားတာလဲ'

ဟု ထပ်၍မေးလိုက်လေသည်။

ချိုင်ရီစုက ပြုံး၍ ဦးခေါင်းကို ခါယမ်းကာ….

'မင်းသားရဲ့ အမိန့်မရပဲ ကျွန်တော်ဘယ်လိုမှ ပြောမပြနိုင်ပါဘူး'

ဟု ပြောလိုက်လေသည်။

စင်းမမက သက်ပြင်း တချက် ချလိုက်ပြီးဘာမျှ မပြောတော့ချေ။

အတန်ကြာမှ စင်းမမသည် အေးတိ အေးစက်သော လေသံဖြင့်

'ဆရာချိုင် ကျွန်မသယ်လာတဲ့ ပစ္စည်းတွေကို သိမ်းဆည်းထားလိုက်ပါ၊ မင်းသားလာမှ စီစဉ်ပါ့မယ်'

ဟု ပြောလိုက်လေသည်။





ချိုင်ရီစုက တချက်ပြုံးလိုက်ပြီး…

'အလောင်း (၄)လောင်းကို ရေခဲခန်းမထဲမှာ ထည့်ထားပြီးပါပြီ၊ ချင်းမြို့က ပိုင်လိန်ကျိုနဲ့ ပိုင်ထုံးကျို ကိုလဲ အမှတ် (၅)မြေအောက်ခန်းမှာ ချုပ်ထားပြီးပါပြီ'

ဟု ပြောလိုက်လေသည်။

စင်းမမက ဦးခေါင်းကိုညိတ်လိုက်ပြီး၊

'ကဲ ကျွန်မ အနားယူတော့မယ်'

ဟု ပြောကာ၊ ခန်းမထဲမှ လှည့်ထွက်လိုက်လေသည်။

ချိုင်ရီစုကပြုံးလျက်

'ကျွန်တော်လိုက်ပို့ပါ့မယ်'

ဟု ပြောယင်း စင်းမမနှင့်အတူ ခန်းမထဲမှ ထွက်လိုက်လေတော့သည်။

*　　　*　　　*

ရှည်လျားသောစကြံအတိုင်း လျှောက်ယင်း ချိုင်ရီစုက စင်းမမအား တချက်လှမ်းကြည့်ကာ

'ဒါနဲ့၊ ကျွန်မင်ရှောင်ယောင်တောင်ကြားက ၄ ယောက် လွတ်သွားတယ်ဆို'

ဟု မေးလိုက်လေသည်။

စင်းမမက ရွှေသို့ဆက်လက်လျှောက်ယင်း

'ဟုတ်တယ်၊ သူတို့နောက်ကို အမှတ် ၄ ဌာနခွဲမှူးချုပ် လိုက်သွားတယ်'

ဟု ပြောလိုက်လေသည်။

ချိုင်ရီစုက ဦးခေါင်းကိုတဆတ်ဆတ်ညိတ်ယင်း

'နောက်ကော'

ဟု ထပ်၍မေးလိုက်လေသည်။

စင်းမမက ရုတ်တရက် သူမ၏ခြေလှမ်းကို ရပ်တန့်လိုက်ပြီး၊

'ဒါဟာ၊ နောက်ဆုံးသတင်းပဲ'

ဟု ပြောလိုက်လေသည်။

စင်မမ၏စကားကြောင့် ချိုင်ရီစုသည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး။

'ဌာနခွဲမှူးချုပ်ရဲ့သတင်း ဘာမှ ထပ်မရခဲ့ဘူးလား'

ဟု မေးလိုက်လေသည်။

စင်းမမက မျက်မှောင်တချက်ကြုတ်လိုက်သည်။

ချိုင်ရီစု၏မျက်နှာထားနှင့် လေသံသည် သူမအား မယုံသင်္ကာဟန် ပေါ်လွင်နေသည် မဟုတ်ပါလော။

ထို့ကြောင့် စင်းမမကမျက်မှောင်တချက် ကြုတ်လိုက်ခြင်း ဖြစ်ပါသည်။

ပြီးမှ၊ သူမ ဘန္ဒတ်ခမ်းတချက်မဲ့လိုက်ပြီး၊ အေးစက်သော လေသံဖြင့်





'ဌာနခွဲမှူးချုပ်ရဲ့သတင်းကိုသိချင်ယင် ဆရာချိုင်ကိုယ်တိုင် ဌာနခွဲမှူးချုပ်အကြောင်း လိုက်ပြီးစုံစမ်းသင့်တယ်'

ဟု ပြောလိုက်လေတော့သည်။

ချိုင်ရီစုက တချက်ပြုံးလိုက်လေ့သည်။

ပြီးမှ၊

'ကျွန်တော်က စိတ်ပူတဲ့အတွက် မမေးသင့်တဲ့မေးခွန်းကို မေးမိတာ ခွင့်လွှတ်ပါ'

ဟု တောင်းပန်လိုက်လေသည်။

စင်းမမက ဘာမျှပြန်မပြောပဲ၊ သက်ပြင်းတချက်မှုတ်ထုတ် လိုက်ပြီး၊

'အမှန်တော့ ကျွန်မတို့အခုအချိန်မှာ ဌာနခွဲမှူးချုပ်ရဲ့ သတင်း ရသင့်ပြီ၊ ဒါပေမယ့် ဘာဖြစ်လို့အခုအထိ မရသေး တာလဲ'

ဟု တကိုယ်တည်းရေရွတ်သကဲ့သို့ ရေရွတ်လိုက်မိလေတော့ သည်။

*　　　*　　　*

အခန်းထဲမှ မာကျင်လျှံထွက်သွားမှ ကုန်းစွန်းယန်းသည် သက်ပြင်းတချက်ချကာ အခန်းတံခါးကို ပိတ်လိုက်လေသည်။

ထို့နောက် သူသည် ခုတင်ပေါ်၌လဲလျောင်းလိုက်ပြီး၊ မာကျင်လျှံ၏အကြောင်းကို စဉ်းစားလိုက်သည်။

မာကျင်လျှံသည် ယခုခရီးစဉ်တလျှောက်လုံး မိမိအား လိုသည်ထက်ပို၍ ဂရုစိုက်နေသည်။

ထို့ပြင် မာကျင်လျှံသည် ဤရွှေနဂါးဌာနချုပ်၌ စင်းမမ ထက်ပို၍ ကျွမ်းကျင်ကြောင်း တွေ့ရှိရလေသည်။

အကယ်၍သာ မိမိအနေဖြင့် မာကျင်လျှံအား ကြိုးကိုင်နိုင်မည်ဆိုပါလျှင်၊ ဤရွှေနဂါးဌာနချုပ်သို့ မိမိလာရောက်သောရည်ရွယ်ချက်သည် အချိန်တိုတိုဖြင့် အောင်မြင်လိမ့်မည်ဟု ကုန်းစွန်းယန်း ယုံကြည်ပေသည်။

မာကျင်လျှံအား ကြိုးကိုင်နိုင်ရန်မှာလည်း ခက်ခဲသော အလုပ်မဟုတ်ပါ။

ရေလာမြောင်းပေးလုပ်နေသော မာကျင်လျှံ၏ရေမြောင်းထဲသို့ ရေသွင်းရုံသာ ရှိသည် မဟုတ်ပါလော။

* * *

ချိုင်ရီစုက စင်းမမအား အခန်းတံခါးဝအထိ လိုက်ပို့ပြီး နှုတ်ဆက်၍ ထွက်ခွာသွားလေသည်။

စင်းမမက ချိုင်ရီစု၏နောက်ကျောကို စိုက်၍ အတန်ကြာအောင် ငေးကြည့်နေပြီးမှ သူမ၏အိပ်ခန်းတံခါးကို ပိတ်လိုက်လေသည်။

ပြီးမှ။





သူမသည် သက်ပြင်းတချက်ကို ဖြည်းညင်းစွာချလိုက်ပြီး အခန်းထဲမှ စာကြည့်စားပွဲတွင် ဝင်ရောက်ထိုင်လိုက်လေသည်။

ထို့နောက် သူမ၏အတွေးများသည် ရိုပိန်တောင်သို့ ပျံ့လွင့်၍ သွားလေတော့သည်။

စင်းမမသည် ရိုပိန်တောင် ဘီလူးမ ဆူးရီဖုံး၏လက်အောက်၌ (၁၅)နှစ်နည်းပါးမျှ အမှုထမ်းခဲ့ရသည်။

ထို့ကြောင့် သူမသည် ရိုပိန်တောင်ဘီလူးမ ဆူးရီဖုံး၏ စိတ်နေသဘောထားကို ကောင်းစွာနားလည်ခဲ့သည်။

ထို့ပြင် သူမသည် ဆန့်ကွမ်းချုံး၏ စိတ်နေသဘောထားကိုလည်း သိနားလည်ခဲ့သည်။

အထူးသဖြင့် သူမသည် ဆန့်ကွမ်းချုံးအား ငယ်ငယ်ကတည်းက ထိန်းကျောင်းလာရသဖြင့် ဆန့်ကွမ်းချုံး အပေါ် သံယောဇဉ်တွယ်ခဲ့လေသည်။

ဆူးရီဖုံးက ဆန့်ကွမ်းချုံးအား ရွှေနဂါး သိုင်းသမားနှင့် လက်ဆက်ရန်နားချစဉ်က ဆန့်ကွမ်းချုံးက ငြင်းဆန်ခဲ့သည်။

သူမကလည်း ဆန့်ကွမ်းချုံးဘက်မှ ဝင်ရောက်၍ ဆူးရီဖုံးအား မေတ္တာရပ်ခံခဲ့လေသည်။

သို့သော် ဆူးရီဖုံးက ဆန့်ကွမ်းချုံးအား ရွှေနဂါး သိုင်းသမားနှင့် အတင်းအကျပ် လက်ထပ်ရန် အမိန့်ပေးခိုင်းစေခဲ့လေသည်။

ဤသို့ ဆူးရီဖုံးက ဆန့်ကွမ်းချုံးအား အတင်းအကျပ်လက်ထပ်ခိုင်းခြင်းမှာ မည်သို့ အကြောင်းရှိမည်နည်း။

4 3

သိုင်းလောကတခုလုံးကို လွှမ်းမိုးလိုသော ရွှေနဂါး သိုင်းသမား ဆန်ဝန်ကျက်နှင့် ပူးပေါင်းခြင်းကပင် ကောင်းသော အကြံအစည် ဖြစ်နိုင်ပါဦးမည်လော။

သိုင်းလောက နာမည်ကြီးသိုင်းအဖွဲ့(၈)ဖွဲ့မှ ပုဂ္ဂိုလ် (၁၂) ဦးအား ဖမ်းဆီးရန်အမိန့်ပေးခြင်းသည် ဆူးရိဖုံး၏ အကြံ အစည်မဟုတ်ဟု မည်သူက ပြောနိုင်မည်နည်း။

ယခု....ကျန်မင်ရှောင်ယောင် တောင်ကြားမှ လွတ်မြောက်သွားသော အဖွဲ့(၈)ဖွဲ့မှ သိုင်းသမား (၄)ဦး၏ကံကြမ္မာ မည်သို့ ရှိမည်နည်း။

အမှတ်(၄)ဌာနခွဲမှူး ချိုက် သေသလား ရှင်သလား

ဝူးတန်မှ ဝူစွမ်း နှင့် ရှောင်လင်မှ လျှောင်အင်းတို့ ဘယ်ရောက်နေသနည်း။

စင်းမမ တွေးယင်းတွေးယင်း အဖြေရှာမရပဲစိတ်ညစ်လာလေတော့သည်။

တဆက်တည်းမှာပင် မိမိယခု ရွှေနဂါးဌာနချုပ်၌နေထိုင်ရခြင်းသည် အန္တရာယ်မဖြစ်နိုင်ဟု မိမိကိုယ်ကိုမိမိ အာမခံချက်မပေးနိုင်ချေ။

ထို့ကြောင့် စင်မမသည် သက်ပြင်းရှည်တချက်မှုတ်ထုတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်လေတော့သည်။

ထိုစဉ် ရုတ်တရက် သူမ၏ အခန်း တံခါးခေါက်သံ ပေါ်ထွက်လာလေတော့သည်။

ထို့ကြောင့် သူမသည်တံခါးရှိရာသို့ဖြည်းညင်းစွာလျှောက်သွားလိုက်ပြီး တံခါးဖွင့်လိုက်လေသည်။





အခန်းတံခါး ဖွင့်သည်နှင့် စင်းမမသည် အခန်းတံခါးဝ၌ ချိုင်ရီစု ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထို့ပြင် ချိုင်ရီစု၏လက်ပေါ်၌ ခိုတကောင်နားနေသည်ကိုပါ မြင်တွေ့လိုက်ရလေသည်။

ချိုင်ရီစုက စင်းမမအား ပြုံးပြလိုက်ပြီး…

'မင်းသားထံက သတင်းပို့ပါတယ်'

ဟု ပြောလိုက်ပြီး သူ၏လက်ထဲမှ စာရွက်ကိုပေးလိုက်လေသည်။

စင်းမမက ချိုင်ရီစု၏လက်ထဲမှ စာရွက်ကိုလှမ်းယူလိုက်ပြီး ဖတ်ကြည့်လိုက်လေသည်။

ယင်းသို့ဖတ်ကြည့်လိုက်သည်နှင့်တပြိုင်တည်း စင်းမမ မျက်နှာ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့သည်။

'ဆူးရိဖုံး အဆိပ်ဖြင့် အသတ်ခံရ၊ ဆန်ကွမ်းချုံး ပျောက်ဆုံး....'

ဟူသောသတင်းကို ရေးသားထားသည် မဟုတ်ပါလော။

*  *  *

နောက်တနေ့…

ကုန်းစွန်းယန်း အိပ်ရာမှ ထလိုက်သည်နှင့် မာကျင်လျှံ က ဆူးရိဖုံး အဆိပ်ခပ်အသတ်ခံရကြောင်း၊ ဆန်ကွမ်းချုံးပျောက်

ဆုံးနေကြောင်းသတင်းကို နံနက်စာနှင့်အတူ သယ်ဆောင်လာလေသည်။

ထိုနေ့ မွန်းတည့်ချိန်မတိုင်မီ ရွှေနဂါးဌာနချုပ်မှ စင်းမမ ရိပိန်တောင်သို့ ထွက်ခွာသွားလေတော့သည်။

ထိုသတင်း ကြားရသောအခါ ကုန်းစွန်းယန်း ရင်ထဲ၌ ပျော်ရွှင်သွားလေတော့သည်။

အကြောင်းမှာ မိမိ အကြံ အစဉ်ကို နှောင့်ယှက်မည့်သူ တယောက် လျော့နည်းသွားပြီမဟုတ်ပါလော။

ထို့ကြောင့် ကုန်းစွန်းယန်းသည် မှာကျင်လျှံကို အသုံးချကာ မိမိ၏အကြံအစဉ်ကို ရက်ပိုင်းအတွင်း စတင်ရန် စဉ်းစားလိုက်လေတော့သည်။

* * *



## "ကျောက်ဆန်းကျိ"

ရိပိန်တောင်။

ရိပိန်တောင်၏ တောင်ထိပ်၌ ကြီးမားသော ရဲတိုက်တခု ရှိသည်။

ထိုရဲတိုက်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက တည်ရှိဟန်ဖြင့် အချို့နေရာများ၌ ပျက်စီးမှုများကို တွေ့မြင်ရမည် ဖြစ်ပေသည်။

သို့သော် ပြန်လည်ပြင်ဆင်ထားသဖြင့် ပျက်စီး ယိုယွင်းမှုများသို့ မတွေ့ရသလောက်ပင် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ဤရဲတိုက်၌ လွင့်ထူထားသောအလံကို တွေ့မြင်သည်နှင့် သိုင်းလောက၌ လူများ တုန်လှုပ်မည် ဖြစ်ပါသည်။

ဤရဲတိုက်၌ လွှင့်ထူထားသော အလံမှာ 'သေမင်းတမန်' အလံပင်ဖြစ်ပါသည် မဟုတ်ပါလော။

*　　*　　*

ကျယ်ဝန်းသော အခန်းတခန်း ဖြစ်ပါသည်။

ရိပိန်တောင် ရဲတိုက်မှ ကျယ်ဝန်းသော အခန်းတခန်း ဖြစ်ပါသည်။

ဆူးရိဖုံး သီးသန့်စာကြည့်ခန်းမှ ဆိုသော်လည်း ဧည့်ခန်းတခုတမျှ ကျယ်ဝန်းလေသည်။

ဆန်ဝန်ကျက်သည် အခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေလေသည်။

ပြီးမှ ဆန်ဝန်ကျက်သည် အခန်းအလယ်၌ ရပ်တန့်လိုက်ပြီး ကျောက်ဆန်းကျီဘက်သို့ လှည့်လိုက်လေသည်။

ကျောက်ဆန်းကျီသည် ငှက်မွေး တောင် ယပ်တောင်ကို ခပ်ယင်း ဆူးရိဖုံး၏ ကုလားထိုင်၌ ထိုင်လျက် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော ဆန်ဝန်ကျက်အား ကြည့်နေလေသည်။

ကျောက်ဆန်းကျီသည် အသက်(၄၀)ခန့်ရှိ အမျိုးသမီးတဦးဖြစ်ပြီး စင်းမမကဲ့သို့ပင် ရိပိန်တောင် ဘီလူးမ ဆူးရိဖုံး၏ အားထားရသူတဦး ဖြစ်ပါသည်။





သူမသည် စင်းမမကဲ့သို့ပင် အဆင့်မြင့် သိုင်းသမား တဦး ဖြစ်ပါသည်။

သို့သော် သူမသည် စင်းမမနှင့် မတူပေ။ သူမသည် စင်းမမထက် လုပ်မှုကို ပို၍နှစ်သက်သည်။ စင်းမမထက် ပို၍ ဉာဏ်နီဉာဏ်နက်များသည်။ ပို၍ ကောက်ကျစ်စဉ်းလဲသည်။

ဆန်ဝန်ကျက်က ကျောက်ဆန်းကျီဘက်သို့ လှည့်လိုက်ပြီး....

'ဆူးရိဖုံး ခရီးတဝက်က လှည့်ပြန်လာတာဟာ အဆိပ်မိခဲ့တာကြောင့်လား'

ကျောက်ဆန်းကျီက ငှက်မွေးတောင် ယပ်တောင်ကို တချက်ခပ်ယင်း....

'အဲဒီလိုမဟုတ်ယင် ဆရာမက ဘာလို့ပြန်လာပါ့မလဲ'

ဆန်ဝန်ကျက်က မျက်မှောင်ကြုတ်ယင်း....

'လှမ်းခရီးမှာ အဆိပ်မိတာလား၊ ခရီးမထွက်ခင်ကတည်းက အဆိပ်မိခဲ့တာလား'

ဟု မေးလိုက်လေသည်။

ကျောက်ဆန်းကျီက မျက်မှောင် ကြုတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ ပြီးမှ...

'မင်းသားရဲ့ စကားက အနှောင့်မလွတ် အသွားမလွတ် ဖြစ်နေတယ်။ သတိထား ပြောပါ'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်က ရုတ်တရက် ပြုံးလိုက်ပြီး....

'ကျုပ်က ဆူးရိဖုံးအတွက် မခံမရပ်နိုင်လို့ ပြောမိတာပါ'

ကျောက်ဆန်းကျိကြ ပြုံးလိုက်ပြီး ဆန်ဝန်ကျက်၏ အနီးသို့ လျှောက်လာကာ....

'မခံမရပ်နိုင် ဖြစ်တယ်ဆိုတာ ဆူးရိဖုံး အတွက်လား၊ ဆန့်ကွမ်းချုံး အတွက် လား'

ဟု မေးလိုက်လေသည်။

ဆန်ဝန်ကျက်၏ မျက်နှာသည် တချက်မည်းသွားပြီး ဘာမှ ပြန်မပြောတော့ချေ။ အတန်ကြာမှ....

ဆန်ဝန်ကျက်သည် တချက်ပြုံးလိုက်ယင်း....

'ဆန့်ကွမ်းချုံး ပျောက်ဆုံးတာ လမ်းခရီးမှာလား၊ ဒီပြန်ရောက်သေးသလား'

ကျောက်ဆန်းကျိကြ ပြုံးယင်း...

'ဆူးရိဖုံး အဆိပ်မိတော့ ကျွန်မတို့ နောက်ကြောင်း ပြန်လှည့်ခဲ့တယ်၊ အဲဒီကတည်းက ဆန့်ကွမ်းချုံး ပါမလာခဲ့ဘူး'

ဆန်ဝန်ကျက်က တချက်စဉ်းစားလိုက်ယင်း....

'ခင်ဗျားတို့ လမ်းခရီးမှာ တွေ့တဲ့ သူငယ်က ဘယ်လိုလူစားလဲ'

ကျောက်ဆန်းကျိကြ ပြုံးယင်း....

'ခန့်ညားတဲ့ သူငယ်တယောက်ပဲ'

ဆန်ဝန်ကျက်က နှုတ်ခမ်းတချက်ကိုက်ယင်း....

'ကဲ... ဖြစ်ပျက်ပုံ အသေးစိတ် တခေါက်လောက် ပြန်ပြောပြနိုင်မလား'

ဟု မေးလိုက်လေသည်။





ကျောက်ဆန်းကျိကြ ဦးခေါင်းကိုညိတ်ကာ

'ပြောပြနိုင်ပါတယ်'

ဟု ပြောလိုက်ပြီး။

ဖြစ်ပျက်ပုံကို အသေးစိတ်ပြောပြလိုက်လေသည်။

ဆန်ဝန်ကျက်က ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလေသည်။

ကျောက်ဆန်းကျိ၏စကားဆုံးမှ ဆန်ဝန်ကျက်သည် တချက်ပြုံးလိုက်ပြီး။

'ခင်ဗျားပြောပြတာ အသေးစိတ်ပါတယ်၊ ဒါပေမယ့် တခု ကျန်နေသေးတယ်ထင်တယ်'

ဟု ပြောလိုက်လေသည်။

ကျောက်ဆန်းကျိကြ မျက်မှောင်ကြုတ်လိုက်ပြီး

'ဘာကျန်နေသေးလို့လဲ'

ဟု မေးလိုက်လေသည်။

ဆန်ဝန်ကျက်က တချက်ပြုံးယင်း

'အဲဒီသူငယ်က သူ့နာမည်ကိုပြောမသွားဘူးလား'

ကျောက်ဆန်းကျိကြ တချက်စဉ်းစားလိုက်ယင်း

'ဟုတ်တယ်၊ ပြောတယ်'

နေပါအုံး၊ ခြောင် ကျကျန်ရှန့်၊ ဟုက်တယ် ဟုတ်တယ်၊ ကျကျန်ရှန့်လို့ပြောတယ်'

ဆန်ဝန်ကျက်က မျက်မှောင်ကြုတ်၍ အတန်ကြာအောင် စဉ်းစားနေလေသည်။

ပြီးမှ။

သူသည် ဦးခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး။
'မကြားဖူးဘူး'
ဟုပြောလိုက်လေသည်။

ထိုစဉ် ရုတ်တရက် ကျောက်ဆန်းကျီသည် တစုံတခုအား သတိရဟန်ဖြင့်
'ဩော်၊ သူသုံးတဲ့သိုင်းကွက်ကိုပြောယင်း၊ မင်းသာ အံ့ဩလိမ့်မယ်'

ဟုပြောလိုက်လေသည်။
ဆန်ဝန်ကျက် မျက်မှောင်ကြုတ်ယင်း
'ဘာသိုင်းကွက်ဖြစ်လို့ ကျုပ်ကအံ့ဩရမှာလဲ'
ဟုမေးလိုက်လေသည်။

ကျောက်ဆန်းကျီက တချက်ပြုံးလိုက်ပြီး
'မင်းသားရဲ့ ရွှေနဂါးသိုင်းကွက်ပဲ'
ဟုပြောလိုက်လေတော့သည်။

ယင်းစကားကြောင့် ဆန်ဝန်ကျက်၏ခန္ဓာကိုယ်တခုလုံးသည် တုန်လှုပ်သွားလေတော့သည်။

အကြောင်းမှာ၊ ရွှေနဂါးသိုင်းနှင့်ပတ်သက်၍ မိမိနှင့်အမည်မဲ့ခြံဝင်းပိုင်ရှင် ကုန်းစွန်းယန်းသာရှိခဲ့သည်။
ယခု၊ အမည်မဲ့ခြံဝင်းမရှိတော့ပါ။

အမည်မဲ့ခြံဝင်းပိုင်ရှင်လည်း သိုင်းလောကမှ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။





တကယ်၍ အမည်မဲ့ခြံဝင်းပိုင်ရှင် အသက်ရှင်လျက် ရှိသည့်တိုင်အောင် ကျကျန်ရှန့်ဆိုသူ မဖြစ်နိုင်ဟု ဆန်ဝန်ကျက် ယုံကြည်သည်။
ဤသို့ဆိုလျှင် ကျကျန်ရှန့်သည် ရွှေနဂါးသိုင်း၏ မျိုးဆက်လော။
ထိုကျကျန်ရှန့်က ရွှေနဂါးသိုင်းကွက်ကို အဘယ်ကြောင့် အသုံးပြုနိုင်သနည်း၊

* *

ဆန်ဝန်ကျက်သည် အခန်း၏မျက်နှာကြက်ကို မော့ကြည့်ယင်း
'ကျကျန်ရှန့် ကျကျန်ရှန့်'
ဟုနှုတ်မှတီးတိုးရေရွတ်နေလေသည်။
အတန်ကြာမှ ဆန်ဝန်ကျက်သည် သက်ပြင်းတချက်နှင့်အတူ
'ကျကျန်ရှန့်ဆိုတာ တစုံတယောက်ကများ ရုပ်ဖျက်ထားတာ ဖြစ်နိုင်မလား'
ဟု မေးလိုက်လေသည်။
ကျောက်ဆန်းကျီက တချက်ပြုံးလိုက်ပြီး

'ဘာလဲ၊ ရှင်က ကျကျန်ရှန့်ဟာ အမည်မဲ့ခြံဝင်းပိုင်ရှင် ကုန်းစွန်းယန်း ရုပ်ဖျက်ထားတာလို့ ထင်လို့လား'

ဟု မေးလိုက်လေသည်။

ဆန်ဝန်ကျက်က ဘာမျှပြန်မပြောပဲ ဆိတ်ဆိတ်နေလိုက်သည်။ သူသည် ဝန်ခံသည့်အနေဖြင့် ဆိတ်ဆိတ်နေခြင်းလော၊ သို့မဟုတ် ပြန်လည်၍ပြောရန် စကားမရှိ၍ တိတ်ဆိတ်နေခြင်းလောဟူ၍ မည်သူမျှမသိနိုင်ပါ။

ကျောက်ဆန်းကျီက တချက်ပြုံးယင်း

'ဒီ ကျကျန်ရှန့်ဆိုတဲ့သူငယ်ဟာ အသက် ၂၅ နှစ်၊ ၂၆ နှစ်လောက်ပဲ ရှိအုံးမယ်၊ တကယ်လို့ တစုံတယောက်က ရုပ်ဖျက်ထားတာဆိုယင်တော့ ရုပ်ဖျက်ပညာ သိပ်တော်တယ်လို့ ချီးကျူးရမှာပဲ'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်သည် အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေပြီးမှ သက်ပြင်းတချက်ကိုချကာ

'အင်းလေ၊ ဘာပဲဖြစ်ဖြစ်ပေါ့ တနေ့တော့ ဒီပြဿနာရှင်းသွားမှာပဲ'

ဟု ပြောလိုက်လေတော့သည်။

* * *





ထိုနေ့ည။

သန်းခေါင်ကျော်သည့်တိုင်အောင် ဆန်ဝန်ကျက် အိပ်၍မပျော်ပါ။

သူ၏ဦးနှောက်ထဲ၌ အတွေးပေါင်းသောင်းခြောက်ထောင်က ဝင်ရောက်လျက်ရှိနေသည်။

နောက်ဆုံး....ဆန်ဝန်ကျက်သည် နံတင်ပေါ်မှ ထလိုက်ပြီး စာကြည့်စားပေါ်ပွဲသို့ လျှောက်လာလေသည်။

ထို့နောက် စာကြည့်စားပွဲပေါ်မှ မီးအိမ်ကိုထွန်းညှိလိုက်ပြီး စာကြည့်စားပွဲ၌ ဝင်ရောက်ထိုင်လိုက်လေသည်။

ပြီးမှ သူ၏ရင်ဘက်ကြားမှ အဝါရောင် စာအုပ်တအုပ်ကို ထုတ်ယူလိုက်လေသည်။

ထို့နောက် ဆန်ဝန်ကျက်သည် သိုင်းကျမ်းကိုအစမှအဆုံးတိုင် ပြန်လည်၍ ဖတ်နေလေတော့သည်။

* * *

ရောင်နီပျို့လာပြီဖြစ်သည်။

သို့တိုင်အောင် ဆန်ဝန်ကျက်သည် စာကြည့် စားပွဲ၌ထိုင်ကာ ရွှေနဂါးသိုင်းကျမ်းအား ဖတ်နေဆဲဖြစ်သည်။

စားပွဲပေါ်မှမီးအိမ်သည် ဆီခန်းလာသည့်အလားတဖြည်းဖြည်းမှိန်၍လာသည်။

ဆန်ဝန်ကျက်သည် ရွှေနဂါးသိုင်းကျမ်းကိုအခေါက်ခေါက်အခါခါ ဖတ်နေဆဲဖြစ်သည်။

သူ၏စိတ်ထဲ၌လည်း ရွှေနဂါးသိုင်းကျမ်း၌ တစုံတရာအမှားအယွင်းရှိနေသည်ဟု ခံစားနေမိသည်။

ထို့ကြောင့် သူသည် ရွှေနဂါး သိုင်းကျမ်းကို အခေါက်ခေါက်အခါခါ ဖတ်ကြည့်နေမိခြင်းဖြစ်ပေသည်။

နောက်ဆုံး၌ ဆန်ဝန်ကျက်သည် ရွှေနဂါး သိုင်းကျမ်းမှ တစုံတခုသော အမှားအယွင်းကို ရှာဖွေ တွေ့ရှိသွားလေတော့သည်။

ထိုအချက်မှာ ရွှေနဂါးသိုင်းကျမ်းမှ သိုင်းကွက်အပြောင်းအလဲ(၃)ခု လျော့နည်းနေခြင်းပင် ဖြစ်ပါတော့သည်။

ဤသို့ဆိုလျှင်....ဆန်ဝန်ကျက်၏ ရွှေနဂါး သိုင်းကျမ်းသည် အစစ်ဟု ခေါ်ဆိုနိုင်ဦးမည်လော။

ဤသို့ဆိုလျှင် ဆန်ဝန်ကျက်သည် ရွှေနဂါး သိုင်းမျိုးဆက်ဟု သတ်မှတ်နိုင်ပါဦးမည်လော။

ဤရွှေနဂါးသိုင်းကျမ်းနှင့်ပတ်သက်၍ အသေအချာသိသူတယောက်ရှိပါသည်။ ထိုသူမှာ ရွှေနဂါးသိုင်း၏ (၆) ကြိမ်မြောက်မျိုးဆက် 'လိန်ထိုင်ခားညော့သည် ရှောင်ရင်ချူး' က ရွှေနဂါးသိုင်းကျမ်းကို ပြန်လည် ကူးခိုင်းခဲ့သော 'ကူဆန်း'ပင် ဖြစ်ပါသည်။





သို့သော် ... ကူဆန်း သည် လူ့လောက၌ မရှိတော့ပါ။ အကယ်၍သာ ကူဆန်းတယောက် အသက်ထင်ရှား ရှိခဲ့မည်ဆိုလျှင် ရွှေနဂါး သိုင်းကျမ်း၏ ပဟေဠိကို ဖြေရှင်း နိုင်မည်မဟုတ်ပါလော....

* * *

အကယ်၍သာ-

လိန်ထိုင်ခားညော့သည် ရှောင်ရင်ချူးနှင့် ကူဆန်း တို့သည် မိတ်ဆွေများမဖြစ်ခဲ့လျှင် သို့မဟုတ် ရွှေနဂါးသိုင်းကျမ်းရေစို၍မပျက်စီးခဲ့လျှင် လိန်ထိုင် ခားညော့သည်က ရွှေနဂါး သိုင်းကျမ်းပြန်လည်ကူးရန် ကူဆန်းအား ပေးခဲ့မည်မဟုတ်ပါ။

အကယ်၍သာ ကူဆန်းသည် ဆန်မြို့စား ဆန်ကွေး နှင့် သိကျွမ်းခဲ့ခြင်းမရှိခဲ့လျှင်....

သို့တည်းမဟုတ် ကူဆန်းသည် ဆန်ကွေး၏ ထောင်ချောက်ထဲသို့ မဝင်ခဲ့မိလျှင် ရွှေနဂါးသိုင်းကျမ်းသည် နှစ်ခုဖြစ်လာနိုင်ရန် အကြောင်းမရှိပါ။

အကယ်၍သာ ကူဆန်းသည် စီထူမြောင် ဆိုသော မိန်းကလေးနှင့် အကြောင်းမပါခဲ့လျှင် ဆန်ကွေး၏ထောင်ချောက်ထဲသို့ ဝင်ရောက်မိမည်မဟုတ်ပေ။

ထို့ပြင် ရွှေနဂါးသိုင်းကျမ်းအား သုံးစောင်ခွဲ၍ ကူးမည်မဟုတ်ချေ။

သို့သော်…လိန်ထိုင်ဓား ညွှံသည်နှင့် ကူဆန်းသည် မိတ်ကောင်းဆွေကောင်းဖြစ်ခဲ့သည်။

လိန်ထိုင်ဓားညွှံသည် ရှောင်ရင်ချူး ၏ နေအိမ်သည်ရေလွှမ်းမိုးခံခဲ့ရသည်။ သို့ဖြစ်၍လည်း ရွှေနဂါးသိုင်းကျမ်းသည် ရေစို၍ ပျက်စီးခဲ့ရသည်။

ထို့ကြောင့် ရှောင်ရင်ချူးသည် စာပေ၊ ကဗျာ၊ အနုပညာ၌ ထက်မြက်သော ကူဆန်းကို စိတ်ချယုံကြည်စွာဖြင့် ရွှေနဂါးသိုင်းကျမ်းအား ပြန်လည်ကူးစေခဲ့သည်။

ထိုသိုင်းကျမ်းကို ကူးနေစဉ်အတွင်း ကူဆန်းသည် ဆန်မြို့စား ဆန်ကွေးနှင့် အသိအကျွမ်းဖြစ်ခဲ့ရသည်။

တနေ့ ကူဆန်းနှင့် ဆန်ကွေး ညစာ အတူစားသောက်စဉ် ကူဆန်းက မထင်မှတ်ပဲ ရွှေနဂါးသိုင်းကျမ်းအကြောင်းတစွန်းတစ ပြောဆိုမိခဲ့လေသည်။

ကူဆန်းသည် ကဗျာသမား၊ စာသမားတယောက်သာ ဖြစ်သည်။ ထို့ကြောင့် မိမိကူးပေးနေရသောရွှေနဂါးသိုင်းကျမ်းသည် သိုင်းလောက၌ တုန်လှုပ်စေသော သိုင်းကျမ်းတစောင်ဖြစ်သည်ဟု မသိခဲ့ချေ။





ဆန်ကွေးအနေဖြင့် သိုင်းလောက အတွေ့အကြုံရှိသူဖြစ်၍ ရွှေနဂါးသိုင်းကျမ်း၏အကြောင်းကို ကြားဖူးသူဖြစ်လေသည်။

သို့ဖြစ်၍၊ နောက်နေ့မှစ၍ ဆန်ကွေးသည် ရွှေနဂါးသိုင်းကျမ်းအား ရရှိရန် ကြံစည်လေတော့သည်။

ဆန်ကွေးသည် မိမိ၏ဒုတိယဇနီးအား ကူဆန်းကို သွေးဆောင်ဖြားယောင်းရန် အတင်းအကျပ် စေခိုင်းလေသည်။

နောက်ဆုံး ဆန်ကွေးသည် မိမိ၏ ဒုတိယဇနီး စီထူမြောင်နှင့် ထောင်ချောက်ဆင်ကာ ကူဆန်းအားအကျပ်ကိုင်၍ ရွှေနဂါးသိုင်းကျမ်းကို တစောင်ဖို့၍ကူးရန်ခိုင်းစေလိုက်လေတော့သည်။

ကူဆန်းသည် စိတ်နေသဘောထား ကောင်းမွန်သော လူတယောက်ဖြစ်ကြောင်း စီထူမြောင်သိသောအခါ ကူဆန်းအား ရွှေနဂါးသိုင်းကျမ်းရေးကူးရာတွင် အကူအညီ ပေးလေသည်။

ထို့ပြင် ဤသိုင်းကျမ်းသည် သိုင်းလောကတခုလုံးကို တုန်လှုပ်စေသော သိုင်းကျမ်းတစောင်ဖြစ်ကြောင်း ပြောပြလေသည်။

နောက်ဆုံး၌ ကူဆန်းသည် ရွှေနဂါး သိုင်းကျမ်းကို(၃) စောင်ရေးကူးလိုက်လေတော့သည်။

သို့သော် ကူဆန်းသည် မိမိအားဒုက္ခဖြစ်အောင် ပြုလုပ်ခဲ့သော ဆန်ကွေးကို ကလဲ့စားချေရန်အတွက် ရွှေနဂါးသိုင်းကျမ်း(၃)စောင်ကို မူရင်းအတိုင်းမကူးပဲ လျော့၍ ကူးလိုက်လေတော့သည်။

ဆန်ကွေးအားပေးရန်ကူးသော ရွှေနဂါးကျမ်း၌သိုင်းကွက်အပြောင်းအလဲ(၇)ခုလျှော့ရေးခဲ့သည်။

လိန်ထိုင်ဓားညွှန့်သည် ရှောင်ရင်ချူး၏ ရွှေနဂါးကျမ်း၌အပြောင်းအလဲ(၃)ခဲ့လျှော့ရေးခဲ့ပြီး၊ မိမိ၏မျိုးဆက်အတွက်ရွှေနဂါးသိုင်းကျမ်း အပြောင်းအလဲအပြည့်အစုံ ရေးသားခဲ့လေသည်။

သို့သော် ကူဆန်းသည် ဆန်ကွေးအား ရွှေနဂါးသိုင်းကျမ်းပေးသောအခါ ရှောင်ရင်ချူးအတွက်ရေးသော ကျမ်းကိုမှားယွင်း၍ ပေးခဲ့မိလေသည်။

သို့ဖြစ်၍ ရှောင်ရင်ချူး၏ ရွှေနဂါးသိုင်းကျမ်းသည် သိုင်းကွက် အပြောင်းအလဲ(၇)ခု လျှော့နည်းခဲ့လေတော့သည်။

ထို့ကြောင့် ရှောင်ရင်ချူး၏ နောက်သိုင်းမျိုးဆက် ဖြစ်သော အမည်မဲ့ခြံဝင်းပိုင်ရှင် ကုန်းစွန်းယန်းသည် အပြောင်းအလဲ(၇)ခုလျှော့နည်းသော ရွှေနဂါးသိုင်းကျမ်းကို ရရှိခဲ့လေသည် မဟုတ်ပါလော။

ဆန်ကွေး၏မျိုးဆက်ဖြစ်သော ဆန်ဝန်ကျက်၌ အပြောင်းအလဲ(၃)ခုလျှော့နည်းသောသိုင်းကျမ်းကို ရရှိခဲ့လေသည်။

ကူဆန်း၏မျိုးဆက်ဖြစ်သော ကျကျန်ရှန့်၌သာလျှင်ရွှေနဂါးသိုင်းကျမ်း၏ အပြောင်းအလဲပြည့်စုံသော ကျမ်းတစောင်ရှိနေခဲ့သည် မဟုတ်ပါလော။

သို့သော် ဤအကြောင်းအရာများကိုသိသော ကူဆန်းသည် ရွှေနဂါးသိုင်းကျမ်းကူးပေးပြီးသည့် နောက်တနေ့မှစ၍ စိတ်ထူ





မြောင်နှင့်အတူ ချန်အန်းမြို့မှ ခြေရာ ပျောက်သွားလေတော့သည်။

ထိုနေ့ ထိုအချိန်မှစ၍ ကူဆန်းကို မည်သူမျှ တွေ့မြင်ခြင်းမရှိတော့ပါ။

သို့ဖြစ်၍ ကျကျန်ရှန့်သည် ကူဆန်း၏မျိုးဆက်ဟူ၍ လည်းကောင်း၊ ကျကျန်ရှန့်ထံ၌ ပြည့်စုံသော ရွှေနဂါးသိုင်းကျမ်းရှိသည်ဆိုခြင်းကိုလည်းကောင်း မည်သူမျှမသိကြချေ။

ထို့ကြောင့် ရွှေနဂါး သိုင်းသမား ဆန်ဝန်ကျက်သည်လည်းကောင်း၊ အမည်မဲ့ခြံဝင်းပိုင်ရှင် ကုန်းစွန်းယန်းသည်လည်းကောင်း တတိယ ရွှေနဂါးသိုင်းသမားတယောက်ရှိလိမ့်မည်ဟု မည်သည့်အခါကမျှ စိတ်ကူးကြလိမ့်မည် မဟုတ်ချေ။

* * *

## ကျကျန်ရှန့်

ပန်းပေါင်းစုံတောင်ကြား။

အမည်နှင့်လိုက်ဖက်အောင်ပင် ပန်းပေါင်းစုံ ဝေဆာဖူးပွင့်နေကြသည်။

ထိုပန်းပေါင်းစုံ တောင်ကြား၌ အသက် ၂၅ နှစ်ခန့်ရှိ လူငယ်တယောက်သည် သိုင်းလေ့ကျင့်နေလေသည်။

သို့သော် သူသည် စိတ်ပါဝင်စားမှုမရှိသည့်အလား ခေတ္တမျှသာ လေ့ကျင့်ပြီး အေးမြသောစမ်းချောင်းဘေး၌ထိုင်ကာ တစုံတယောက်အား စောင့်မျှော်နေလေသည်။

ထိုလူငယ်မှာ တတိယ ရွှေနဂါးသိုင်းသမားဟု ခေါ်ဆိုနိုင်သော ကျကျန်ရှန့်ပင် ဖြစ်ပါသည်။

*　　*　　*





ကျကျန်ရှန့်သည် စမ်းချောင်းဘေး၌ ထိုင်နေသည်။

ဤနေရာ၌ သူသည် ဆန့်ကွမ်းချုံးနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ဤစမ်းချောင်းဘေး၌ပင် သူတို့သည် တဦးကိုတဦး မေတ္တာမျှခဲ့ကြသည် မဟုတ်ပါလော။

ယခု ဤနေရာ၌ ကျကျန်ရှန့် တဦးတည်းသာ ရှိနေပါသည်။ လွန်ခဲ့သော (၂)လပိုင်း လကုန်ရက်က သူသည် ဆန်းကမ်လမ်းမကြီးပေါ်၌ ဆန့်ကွမ်းချုံးနှင့် ဆုံတွေ့ခဲ့သည်။

ထိုနေ့မှစ၍ သူသည် ဆန့်ကွမ်းချုံး၏ သတင်းကို မကြားရတော့ချေ။

ဆန့်ကွမ်းချုံး၏ သတင်းအစား ဆန့်ကွမ်းချုံးနှင့် ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်တို့၏ မင်္ဂလာလက်ထပ်ပွဲကို ရွှေ့ဆိုင်းသည့် သတင်းနှင့် ကျန် မင် ရှောင် ယောင် တောင်ကြားမှ သတင်းများကိုသာ ကြားခဲ့ရလေသည်။

ယခု ဤနေရာသို့ ကျကျန်ရှန့် လာရောက် နေခြင်းမှာ ဆန့်ကွမ်းချုံးအား တွေ့လိမ့်နိုး မျှော်လင့်ချက်ဖြင့် လာရောက်နေခြင်းပင် ဖြစ်ပါသည်။

သို့သော် ယခု(၁၀)ရက်မျှ ရှိပြီဖြစ်သော်လည်း ဆန့်ကွမ်းချုံး၏ အရိပ်အရောင်မျှပင် မမြင်ရချေ။

ဤသို့ဆိုလျှင် ဆန့်ကွမ်းချုံး မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။

*　　*　　*

မြင်းတစီး၊ လူတယောက်။

ပန်းပေါင်းစုံတောင်ကြားသို့ ရောက်ရှိလာသည်။

ထိုလူသည် ခရီးဝေး နှင်ခဲ့ရဟန်ဖြင့် သူ၏ တကိုယ်လုံး၌ ဖုန်များ လိမ်းကျံ၍နေသည်။

သူသည် မြင်းကို ကျကျန်ရှန့် ရှေ့၌ ရပ်တန့်လိုက်ပြီး မြင်းပေါ်မှ ဆင်းသက်လိုက်လေသည်။ ထိုလူ၏ ဝတ်စားပုံကို ကြည့်ခြင်းဖြင့် ထိုလူသည် နေပြည်တော်မှ ရဲမက်တဦး ဖြစ်ကြောင်း သိသာပေသည်။

ထိုလူသည် မြင်းပေါ်မှ ဆင်းသက်ပြီးနောက် ကျကျန်ရှန့်အား ဦးညွတ်လိုက်လေသည်။ ထို့နောက် သူသည် ရင်ဘတ်ကြားမှ စာချွန်လွှာတခုကို ထုတ်ယူလိုက်ပြီး ကျကျန်ရှန့်အား လှမ်း၍ ပေးလိုက်လေသည်။

ကျကျန်ရှန့်က စာချွန်လွှာကို လှမ်းယူ၍ ဖတ်လိုက်လေသည်။ အတန်ကြာမှ ကျကျန်ရှန့်သည် ဦးခေါင်း ညိတ်ပြလိုက်လေတော့သည်။

* * *

ကျကျန်ရှန့်သည် ကူဆန်းနှင့် စီထူမြောင် တို့၏ သား ဖြစ်သည်။

စီထူမြောင် အနေဖြင့် အသက်ငါးဆယ်ကျော်မှ ကံပေါ်သည် ဆိုသကဲ့သို့ စီထူမြောင် အသက်ငါးဆယ်ကျော်မှ ကျကျန်ရှန့်ကို မွေးဖွားခဲ့ခြင်း ဖြစ်ပါသည်။





ကျကျန်ရှန့်(၆)နှစ်သား အရွယ်တွင် ကူဆန်း ကွယ်လွန်ခဲ့သည်။ ထိုအချိန်မှစ၍ စီထူမြောင်သည် မိမိ၏ ညီအစ်မဝမ်းကွဲဖြစ်သော ကျင်းလင်ကူကျား၏ မိန်းမထံ၌ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။

ထို့နောက် စီထူမြောင်သည် မိမိ၏ သားအား ရွှေနဂါးသိုင်းကျမ်းကိုပေး၍ လေ့ကျင့်စေခဲ့သည်။

ကူဆန်းက ဆန်ကွေး၏ မျိုးဆက်အား ကလဲ့စားချေရန် ရွှေနဂါး သိုင်းကျမ်းကို တစောင်ပို၍ ကူးယူခဲ့သော်လည်း စီထူမြောင်က မိမိ သားကို ယဉ်ကျေးသိမ်မွေ့အောင် သွန်သင်ဆုံးမခဲ့သည်။

မိခင်နှင့် အနေကြာသူ ဖြစ်သည့် အလျောက် ကျကျန်ရှန့်သည် ယဉ်ကျေး သိမ်မွေ့သော လူငယ်တဦး ဖြစ်လာခဲ့လေသည်။

ကျကျန်ရှန့် အသက်(၁၈)နှစ် ပြည့်သည့်အခါ ကျင်းလင်ကူကျား၏ ဇနီး ပဥ္စမ ကျင်းလင်က ကျကျန်ရှန့်အား နေပြည်တော်၌ အမှုထမ်းဆောင်စေခဲ့လေသည်။

ကျကျန်ရှန့် အသက်(၂၀)တွင် စီထူမြောင် ဆုံးပါးခဲ့လေတော့သည်။

* * *

နေရောင်ခြည်သည် ပန်းပေါင်းစုံ တောင်ကြားသို့ ဖြာကျလာပြီ ဖြစ်သည်။

နွေးထွေးသော နံနက်ခင်း၏ နေရောင်ခြည်အောက်၌ မြင်းနှစ်စီးသည် ပန်းပေါင်းစုံ တောင်ကြားမှ ထွက်ခွာသွားလေတော့သည်။

ထိုမြင်းနှစ်စီးမှာ နေပြည်တော်မှ ရဲမက်နှင့် ကျကျန်ရှန့် ဖြစ်ပါသည်။ ကျကျန်ရှန့်သည် နေပြည်တော်မှ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ရန် ပန်းပေါင်းစုံ တောင်ကြားသို့ ထွက်ခွာခဲ့ခြင်းဖြစ်ပါသည်။

ကျကျန်ရှန့်အား နေပြည်တော်မှ ပေးအပ်သော တာဝန်မှာ သိုင်းလောကအား တုန်လှုပ်စေပြီး ကျန် မင် ရှောင် ယောင် တောင်ကြား၌ ဥပဒေမဲ့ သတ်ဖြတ်သော ဆန်ဝန်ကျက်အား စုံစမ်းဖော်ထုတ်ရန်ပင် ဖြစ်သည်မဟုတ်ပါလော။

ဆန်ဝန်ကျက်သည် စာကြည့်စားပွဲမှ ထလိုက်သည်။

ထို့နောက် သူ၏အခန်းပြတင်းပေါက်ကို ဖွင့်လိုက်လေသည်။

နံနက်ခင်း၏ရောင်နီသည် အခန်းထဲသို့ဖြာကျလာလေသည်။

ဆန်ဝန်ကျက်သည် ပြတင်းပေါက်မှတဆင့် ရိပိန်တောင်၏ ရှုခင်းကို ကြည့်လိုက်လေသည်။

နံနက်ခင်း၏ရောင်နီအောက်၌ ရိပိန်တောင်သည် သာယာလှပေသည်။ သို့သော် ထိုသာယာမှုသည် ဆန်ဝန်ကျက်၏စိတ်အား ကြည်နူးရွှင်လန်းရန် မစွမ်းဆောင်နိုင်ချေ။



ဆန်ဝန်ကျက်၏စိတ်ထဲ၌ ပြိုတော့မည့်မိုးကဲ့သို့ မရွှင်မလန်း ဖြစ်နေခြင်းသည် ရိပိန်တောင်ဘီလူးမဆူးရိဖုံး သေဆုံးသည့်အတွက် မဟုတ်ပါ။

ဆန့်ကွမ်းချုံး ရုတ်တရက်ထူးဆန်းစွာ ပျောက်ဆုံးသည့် အတွက်လည်း မဟုတ်ပါ။ ဤသို့ဆိုလျှင် မည်သည့်အရာက ဆန်ဝန်ကျက်၏စိတ်ကို မရွှင်လန်းစေရန် ဖန်တီးထားပါသနည်း။

အကြောင်းမှာ ဆန်ဝန်ကျက်သည် မိမိ၏ ရွှေနဂါးသိုင်းထဲ၌ အပြောင်းအလဲ ၃ မျိုး လျှော့နည်းနေကြောင်း သတိထားမိခြင်းကြောင့် ဖြစ်ပါသည်။

ထို့ပြင် သူ၏စိတ်ထဲ၌ ကျကျန်ရှန့်ဆိုသောလူငယ်မှာ ကုန်းစွန်းယန်း ရုပ်ဖျက်ထားခြင်းလော၊ သို့တည်းမဟုတ် အခြား ရွှေနဂါးသိုင်းသမားတယောက်လော ဟူ၍ ဝေခွဲရခက်နေခြင်းကြောင့် ဖြစ်ပါသည်။

အကယ်၍သာ ကျကျန်ရှန့်သည် တတိယရွှေနဂါးသိုင်းသမားဖြစ်ခဲ့လျှင် ဆန်ဝန်ကျက် ဆက်မတွေးတော့ပါ။

သူသည် သက်ပြင်းတချက်ကို မသိမသာ ချလိုက်ပြီး ပြတင်းပေါက်မှ ခွာလိုက်လေသည်။

ထိုစဉ် ဆန်ဝန်ကျက်၏ အခန်းတံခါးခေါက်သံ ပေါ်ထွက်လာလေသည်။

ဆန်ဝန်ကျက်သည် အခန်းကိုဖြတ်၍ တံခါးကိုဖွင့်ပေးလိုက်လေသည်။

တံခါးဝ၌ ကျောက်ဆန်းကျိရပ်၍နေသည်။

သူမ၏နောက်၌ အမျိုးသမီးအဖော် ၄ ဦးခြံရံလျက် ရပ်နေသည်။

သူမသည် ဆန်ဝန်ကျက်အား ပြုံးပြလိုက်ပြီး အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။

ထို့နောက် သူမသည် စားပွဲပေါ်၌ငြိမ်းလှုငြိမ်းခင်ဖြစ်နေသော မီးအိမ်ကို တချက်စွေ၍ ကြည့်လိုက်ပြီး၊

'မင်းသားညက ဘာတွေများ စဉ်းစားနေသလဲ'

ဟု မေးလိုက်လေသည်။

ဆန်ဝန်ကျက်က တချက်ပြုံးလိုက်ပြီး

'ကျကျန်ရှန်နဲ့ ဆန့်ကွမ်းချုံးကို ဘယ်လိုစာရင်းရှင်းရမလဲလို့ စဉ်းစားနေတာ'

ဟု ပြောလိုက်လေသည်။

ကျောက်ဆန်းကျိက ပြုံးလိုက်ယင်း

'ကျကျန်ရှန့်ရဲ့သိုင်းကွက်ဟာ မင်းသားရဲ့ ရွှေနဂါးသိုင်းကွက်မျိုးပဲ'

ဆန်ဝန်ကျက်က မဲ့ပြုံးတချက်ပြုံးလိုက်ပြီး၊

'အဲဒီတချက်ရှဲပဲ ကျုပ်က ကျကျန်ရှန့်ကို သိပ်ပြီးတွေ့ချင်နေတာ'

ဟု ပြောလိုက်လေသည်။

ကျောက်ဆန်းကျိကပြုံးယင်း

'တကယ်လို့ မင်းသားက ကျကျန်ရှန့်ကိုတွေ့ယင် ကျွန်မကိုလဲအကြောင်းကြားပါ၊ မမဆူးရီဖုံးအတွက် ကျွန်မကလဲ စာရင်းရှင်းစရာ ရှိပါတယ်'





ဟု ပြောလိုက်လေသည်။

ထို့နောက် ကျောက်ဆန်းကျိက နံနက်စာသုံးဆောင်ရန် ဖိတ်ခေါ်လိုက်လေတော့သည်။

* * *

ထိုနေ့…၊

မွန်းတိမ်းချိန်၌ ရိပိန်တောင်မှ မြင်းတစီးထွက်ခွာသွားလေသည်။

ထိုလူမှာ ဆန်ဝန်ကျက်ပင် ဖြစ်ပါသည်။

ကျောက်ဆန်းကျိသည် ဆန်ဝန်ကျက်အား ရိပိန်တောင်နယ်နိမိတ်အထိ လိုက်၍ပို့ခဲ့လေသည်။

ကျောက်ဆန်းကျိသည် မိမိ၏မြင်ကွင်းမှ ဆန်ဝန်ကျက်ပျောက်ဆုံးသည့်တိုင်အောင် မမှိတ်မသုန် ကြည့်နေလေသည်။

ပြီးမှ သူမသည် သဘောကျစွာ တဟားဟားဖြင့် ရယ်မောလိုက်လေတော့သည်။

* *

လူသုံးယောက်။

ကြီးမားသော ခါးကိုယ်စီလွဲထားသော လူသုံးယောက်။

သူတို့သည် လမ်းဘေး၌စိုက်ထူထားသော ကျောက်တိုင်ကို တချက်ကြည့်လိုက်သည်။ ထို့နောက်သူတို့သည် တဦးကိုတဦး

ကြည့်လိုက်ပြီး တောလမ်းအတိုင်း ရှေ့သို့ဆက်၍ ထွက်ခွာသွားလေတော့သည်။

ထိုလူသုံးယောက်ကြည့်ခဲ့သော ကျောက်တိုင်ပေါ်၌စာလုံး (၃)လုံး ရေးသားထားလေသည်။ ထိုစာလုံး သုံးလုံးမှာ....

'ရိပိန်တောင်'

ဟူ၍ ဖြစ်ပါသည်။

*   *   *

ကျောက်ဆန်းကျိုက လက်တချက် ဝှေ့ယမ်း ပြလိုက်သည်။

ထိုသို့ လက်ဝှေ့ယမ်းလိုက်သည်နှင့် တပြိုင်တည်း လူထွားကြီးနှစ်ဦးက သံတံခါးကို ဆွဲဖွင့်လိုက်လေသည်။

ယင်းသံတံခါးပွင့်သွားသည်နှင့် အောက်သို့ နိမ့်ဆင်းသွားသောလှေကားကို တွေ့ရလေသည်။

ကျောက်ဆန်းကျို၏ဘေးမှ လူထွားကြီး နှစ်ယောက်သည် လက်ထဲမှ မီးတုတ်ကို မြှောက်၍ လှေကားထစ်များ အတိုင်း ရှေ့မှဆင်းသက်သွားလေသည်။





ကျောက်ဆန်းကျို ထိုလူထွားနှစ်ယောက်နောက်မှ လိုက်ပါသွားပြီး ကျောက်ဆန်းကျို၏နောက်မှ မိန်းမဖော်(၄)ဦး ခြံရံ၍ လိုက်ပါသွားလေသည်။

ရှည်လျားသော လှေကားထစ်များ ဆုံးသောအခါ သူတို့သည် ရှည်လျားသော စင်္ကြံသို့ရောက်ရှိ လာလေသည်။

ဤနေရာသည် ရိပိန်တောင်၏ မြေအောက်ခန်း ဖြစ်ပါသည်။ ရှည်လျားသော စင်္ကြံဘလျှောက်၌ မီးအိမ်များသည် တခုနှင့်တခု ဝါးတရိုက်ခန့် ကွာဝေးလေသည်။

ထိုမီးအိမ်များမှ ဝါကျင့်ကျင့်အလင်းရောင်သည် ရှည်လျားသောစင်္ကြံကို လုံလောက်သော အလင်းရောင် ပေးနိုင်စွမ်း မရှိချေ။

ရှည်လျားသော စင်္ကြံ၏အဆုံး၌ ထူထဲသော သံတံခါး တချပ်ကပိတ်၍ ထားသည့် လူထွားတယောက်က ထိုတံခါးအား ဆွဲ၍ ဖွင့်လိုက်လေသည်။

သံတံခါးသည် အသံမြည်စွာဖြင့် ပွင့်၍ သွားလေသည်။ သံတံခါးပွင့်သွားသည်နှင့် မီးတုတ် ကိုင်ဆောင်သော လူထွားနှစ်ယောက်က ထိုအခန်းထဲသို့ ဝင်လိုက်လေသည်။

မီးရောင်ကြောင့် အခန်းသည် အဝင်ပေါက်တပေါက်သာ ရှိသော အခန်းဖြစ်ပြီး အခန်း၏ဝဲယာနှစ်ဘက်၌ အချုပ်ခန်း တဘက်လျှင်(၄)ခန်းစီရှိကြောင်း တွေ့မြင်ရပေသည်။

ဤအချုပ်ခန်းများသည် နှစ် ပေါင်း အတန်ကြာအောင် အသုံးပြုခြင်းမရှိသဖြင့် ညှီစို့စို့အနံ့အသက်များ လွှမ်းမိုးနေလေသည်။

ကြီးမားသော မြေကြွက်များက မီးတုတ်၏ အလင်းရောင်ကြောင့် ဟိုဒီပြေးလွှား၍ နေလေသည်။

ကျောက်ဆန်းကျီသည် အခန်း၏ ဝဲဘက်မှ တတိယမြောက် အချုပ်ခန်းရှေ့၌ ရပ်တန့်လိုက်လေတော့သည်။

* * *

အချုပ်ခန်း

ရိုပိန်တောင် ဘီလူးမရဲတိုက်၏ မြေအောက်ခန်း၌ ရှိသော အချုပ်ခန်း။

ထိုအချုပ်ခန်းသည် လွန်ခဲ့သောနှစ်ပေါင်း(၂၀)ကျော်က ရိုပိန်တောင် ဘီလူးမ ဆူးရိုဖုံးကို ဆန့်ကျင်သောလူများအား ချုပ်နှောင်ရာ အချုပ်ခန်း ဖြစ်ပါသည်။

ယခု ထိုအချုပ်ခန်းထဲ၌ ဆန့်ကွမ်းချုံး ရှိနေလေသည်။ သို့သော် သူမသည် အချုပ်ခန်းထဲ၌ သက်တောင့် သက်သာ ရှိနေခြင်း မဟုတ်ပါ။

အချုပ်ခန်း၏ နံရံ၌သူမအား သံကြိုးဖြင့် ချုပ်နှောင်ထားခြင်းဖြစ်ပါသည်။ သူမ၏ခြေထောက်များသည် အချုပ်ခန်း၏ ကြမ်းပြင်မှ တပေခန့် မြင့်တက်နေပေသည်။





သူမ၏ ဆံပင်များသည် ဖွာဆန်ကြဲနေပြီး မျက်နှာပေါ်သို့ ဖုံးအုပ်၍ နေပေသည်။ ဆံပင်များအကြားမှ သူမ၏မျက်နှာသည် ဒဏ်ရာ ဒဏ်ချက်များဖြင့် ညိုမည်း၍ နေလေသည်။

သူမသည် မည်မျှကြာအောင် နှိပ်စက်ညှဉ်းပန်းခြင်းခံထားရသည် မသိပါ၊ ယခု သူမဦးခေါင်းပင် မထောင်နိုင်ပဲ ဇက်ကျိုး၍ နေလေသည်။

အချုပ်ခန်းတံခါး၏ သော့ပေါက်ထဲသို့ သော့တံ ထည့်သံကြားရပြီး မကြာမီ အချုပ်ခန်းတံခါး ပွင့်သံကိုပါ ဆန့်ကွမ်းချုံး ကြားရလေသည်။

ထို့နောက် သူမ၏ရှေ့၌ ခြေထောက်တစုံ လာရောက်ရပ်တန့်သည်ကိုလည်း ဆန့်ကွမ်းကျုံး မြင်ရလေသည်။

သို့တိုင်အောင် သူမသည် ဦးခေါင်းကို မော့မကြည့်နိုင်ပါ။ ထိုကဲ့သို့ ဦးခေါင်းကို မော့ မကြည့်နိုင်သော်လည်း ထိုခြေထောက်ပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း ဆန့်ကွမ်းချုံးသိပါသည်။

ထိုခြေထောက်ပိုင်ရှင်သည် ကျောက်ဆန်းကျီပင် မဟုတ်ပါလော။ ကျောက်ဆန်းကျီသည် သူမ၏လက်ထဲမှ ယပ်တောင်ဖြင့် ဆန့်ကွမ်းချုံး၏မျက်နှာအား မော့လိုက်ပြီး....

‘ဘယ့်နှယ်လဲ…ညည်း ငါ့စကားကို နားထောင်မလား’

ဟု မေးလိုက်လေသည်။

ဆန့်ကွမ်းချုံး ဘာမျှပြန်မပြောပါ။ သူမသည် အံကိုကြိတ်၍ ထားလိုက်သည်။ ကျောက်ဆန်းကျီက သဘောကျစွာရယ်မောလိုက်ပြီး

'ရိပိန်တောင်ဟာ ကျောက်ဆန်းကျီရှဲနေရာဖြစ်နေပြီ ဒီနေရာမှာ ငါရှဲ့စကားကိုဆန့်ကျင်ယင်....'

သူမသည် စကားကိုဆက်၍မပြောပဲ တဟားဟားရယ်မောလိုက်လေသည်။ ပြီးမှ သူမသည် ဆန့်ကွမ်းချုံးအား တချက်စိုက်၍ ကြည့်လိုက်ပြီး

'ဒါပေမယ့် ညည်းကိုတော့ သက်ညှာတဲ့သဘောနဲ့ ငါက သွေးဝိညာဉ်ခြံက မင်းသားနဲ့ လက်ထပ်ပေးပါ့မယ် ဟဲ....ဟဲ'

ဟုပြောလိုက်လေသည်။

ဆန့်ကွမ်းချုံးက ဘာမျှပြန်မပြောပါ။ သို့သော် ဆန့်ကွမ်းချုံးက ကျောက်ဆန်းကျီ၏မျက်နှာအား တံတွေးဖြင့် တချက်လှမ်း၍ ထွေးလိုက်လေသည်။

ကျောက်ဆန်းကျီသည် ရှုတ်တရက်မျက်နှာမဲ့သွားပြီး မိမိ၏နောက်မှ မိန်းမပျိုတဦးကို လှမ်းကြည့်လိုက်လေသည်။

ကျောက်ဆန်းကျီ၏နောက်မှ မိန်းမပျိုက သူမ၏လက်ထဲမှ ကျာပွတ်ကို ကျောက်ဆန်းကျီထံ လှမ်းပေးလိုက်လေသည်။

ထို့နောက် အချုပ်ခန်းအတွင်း၌ ကျာပွတ်သံတရှမ်းရှမ်း ပေါ်ထွက်လာလေတော့သည်။

*　　　*　　　*





ဤအခန်းသည် ရိပိန်တောင်ရဲတိုက်၏ညှော်ခန်းဖြစ်ပါသည်။

ညှော်ခန်းတံခါးပွင့်သွားပြီး ရိပိန်တောင်၏ တံခါးမှူးဝင်ရောက်လာလေသည်။

ရိပိန်တောင်တံခါးမှူး၏နောက်မှ ကြီးမားသောခေါင်းကိုယ်စီလွယ်ထားသော လူသုံးယောက် လိုက်ပါလာလေသည်။

ရိပိန်ထောင်တံခါးမှူးက ကျောက်ဆန်းကျီ၏ ရှေ့၌ ဒူးထောက်လိုက်ပြီး သွေးဝိညာဉ်ခြံမှ ကိုယ်စားလှယ်များရောက်ရှိကြောင်း ပြောလိုက်လေသည်။

ကျောက်ဆန်းကျီက ထိုင်ရာမှထလိုက်ပြီး သွေးဝိညာဉ်ခြံမှ လူများကို သူမ၏ သိုးသန့်ခန်းသို့ ဦးဆောင်၍ ခေါ်သွားလေတော့သည်။

*　　　*　　　*

နံနက်ခင်းအချိန် ဖြစ်ပါသည်။

သွေးဝိညာဉ်ခြံမှ လူသုံးဦးသည် ရိပိန်တောင်မှ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်ပါသည်။

ထိုလူ(၃)ဦးနောက်မှ ဝေါယာဉ်တစီး လိုက်ပါသွားလေသည်။ ထိုဝေါယာဉ်သည် ဝါးယင်းကာဖြင့် ကာရံထားသဖြင့် ဝေါယာဉ်ထဲမှလူကို မတွေ့မြင်ရချေ။

အကယ်၍သာ တစုံတယောက်က ဝေါယာဉ်၏ ဝါးယင်းကာများကို ဖွင့်ကြည့်မည်ဆိုပါက ကြိုးဖြင့် ချုပ်နှောင်ထားသော ဆန့်ကွမ်းချုံးကို တွေ့ရမည်ဖြစ်ပါသည်။

*　　　*　　　*

F.5

## ရွှေနဂါး ဌာနခွဲ(၁၂)ခု

အုန်းမောင်းခေါက်သံ တချက် ပေါ်ထွက်လာသည်။

ရွှေနဂါးဌာနချုပ် တာဝန်ခံ ချိုင်ရီစုသည် ထိုင်ရာမှ ထလိုက်သည်၊

ထို့နောက် သူသည် ကုန်းစွန်းယန်းအား တချက် ကြည့်လိုက်ပြီး အားနာသောလေသံဖြင့်....

'စကားကောင်းနေတာနဲ့ ဆရာချီရဲ့ အိပ်ချိန်ကိုဖြုန်းသလို ဖြစ်နေပြီ'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက နှစ်ခြိုက်စွာပြုံးလိုက်ယင်း...





'ကိစ္စမရှိပါဘူး၊ အခုလို ဆရာချိုင်နဲ့ စကားပြောရတာ သိုင်းလောကရဲ့ ဗဟုသုတတိုးတဲ့အတွက် ကျွန်တော်ကတောင် ဆရာချိုင်ကို ကျေးဇူးတင်ရမှာပါ'

ဟု မြှောက်ပင့် ပြောဆိုလိုက်လေသည်။

ချိုင်ရီစုက ပြုံးလျက်

'ဆရာချိုင်နဲ့ စကားပြောရတာ ကျွန်တော့်အတွက် စာပေ ဗဟုသုတတိုးတာပေါ့၊ ဒါကြောင့် ကျွန်တော်ကသာ ဆရာချိုင်ကို ကျေးဇူးတင်ရမှာ'

ဟု ပြောလိုက်လေသည်။

ထို့နောက် ချိုင်ရီစုသည် ကုန်းစွန်းယန်းအားနှုတ်ဆက်၍ စာကြည့်ခန်းမှ ထွက်ခွာသွားလေတော့သည်။

ကုန်းစွန်းယန်းက ချိုင်ရီစု ထွက်ခွာသွားသည်နှင့် စာကြည့်ခန်းတံခါးကို ပိတ်လိုက်လေသည်။

ထို့နောက် စာကြည့်ခန်းနှင့် ဆက်လျက်ရှိသော မိမိ၏ အိပ်ခန်းထဲသို့ ဝင်လိုက်လေသည်။

အတန်ကြာသောအခါ အိပ်ခန်းထဲမှ ကုန်းစွန်းယန်း ပြန်လည် ထွက်ခွာလာလေသည်။

သို့သော် ကုန်းစွန်းယန်း၏ မျက်နှာသည် ချီစိဖု မျက်နှာ မဟုတ်တော့ပါ။

မျက်နှာအသစ်တခု ဖြစ်နေပါသည်။

ကုန်းစွန်းယန်းသည် စာကြည့်ခန်းမှမီးကို ငြိမ်းလိုက်ပြီး ပြတင်းပေါက်သို့ လျှောက်သွားလေသည်။

ထို့နောက်သူသည် ပြတင်းပေါက်တံခါးအား အသာဖွင့်လိုက်လေသည်။

လရောင်သည် မှုန်ဝါး၍နေသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကို စိုးတဝါးသာ မြင်ရပေသည်။ ကုန်းစွန်းယန်းသည် ပြတင်းပေါက်မှအောက်သို့ ငုံ့လျက် တချက်ဝေ့ကြည့်လိုက်သည်။

သန်းခေါင်ကျော်နေပြီဖြစ်၍ ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်၍ နေလေသည်။

ကုန်းစွန်းယန်းသည် တချက်မျှ အကဲခတ်ကြည့်လိုက်ပြီး ပြတင်းပေါက်မှ အောက်သို့ ခုန်ဆင်းလိုက်လေတော့သည်။

ကုန်းစွန်းယန်း၏ခြေထောက်များ မြေပြင်ကိုထိလိုက်သည်နှင့် တဆက်တည်း ကုန်းစွန်းယန်းသည် ဒူးကိုကွေးညွှတ်လိုက်ပြီး မြေပြင်ပေါ်၌ တပတ်ကျွမ်းထိုးလိမ့်လိုက်လေသည်။

ပြီးမှ၊ ပြန်လည်၍မတ်တတ်ရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို တချက်အကဲခတ် ကြည့်လိုက်လေသည်။

ထို့နောက် ကုန်းစွန်းယန်းသည် လက်ခုပ် ၃ ချက်ကို ခပ်ဖွဖွကလေးတီးလိုက်လေသည်။

မရှေးမနှောင်း အမှောင်ထုအတွင်းမှ သေးငယ်သောလက်ခုပ်တီးသံကြားရပြီး အရိပ်တရိပ်သည် ကုန်းစွန်းယန်း၏ရှေ့သို့ရောက်ရှိလာလေသည်။

ထိုလူရိပ်သည် ကုန်းစွန်းယန်း၏ရှေ့သို့ရောက်သည်နှင့် ရုတ်တရက်ရပ်ကာ နောက်သို့ ၃-၄ လှမ်းမျှ ပြန်လည်ဆုတ်သွားလေသည်။





ကုန်းစွန်းယန်းက ကပျာကယာ ထိုလူရိပ်အား လေသံတိုးတိုးဖြင့်

'ကျုပ်ပါ'

ဟု ပြောလိုက်လေသည်။

ထိုအခါကျမှ လူရိပ်သည် ရပ်တန့်လိုက်ပြီး ကုန်းစွန်းယန်း၏ရှေ့သို့ ပြန်လည်၍ လျှောက်လာလေသည်။

ပြီးမှ ထိုလူရိပ်က ခစ်ကနဲတချက်ရယ်ကာ

'အမည်မဲ့ခြံရဲ့ ရုပ်ဖျက်ပညာက သိပ်ပြောင်မြောက်တာပဲ'

ဟု ချီးကျူးလိုက်လေသည်။

ကုန်းစွန်းယန်းက လျင်မြန်စွာလက်ကာပြယင်း

'မာကျင်လျှံ စကားကိုသတိထားပြောပါ၊ တော်ကြာခင်ဗျားရောကျုပ်ပါ ဒုက္ခရောက်နေပါအုံးမယ်'

ဟု သတိပေးလိုက်လေသည်။

မာကျင်လျှံက သတိရဟန်ဖြင့် တချက်ပြုံးကာ ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

မာကျင်လျှံသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး နောက်ကျော၌ ဓားတချောင်းလွယ်ထားလေသည်။

ကုန်းစွန်းယန်းက ဦးခေါင်းကိုတချက်ညိတ်ယင်း

'စကြစို့၊ အချိန်သိပ်မရှိဘူး'

ဟုပြောလိုက်လေသည်။

မာကျင်လျှံက ဦးခေါင်းကိုညိတ်ကာ ကုန်းစွန်းယန်းအား ဦးဆောင်၍ ခေါ်သွားလေတော့သည်။

*　　*　　*

နွေဦးဧည့်ဆောင်။

ရွှေနဂါးဌာနချုပ်တွင် ခမ်းနားသောဧည့်ဆောင် ၄ ခု ရှိသည်။

နွေဦးဧည့်ဆောင်၊ ဆောင်းဦးဧည့်ဆောင်၊ မိုးဦးဧည့်ဆောင်နှင့် ပွဲလမ်းသဘင်ကျင်းပသော ရွှေနဂါးဧည့်ဆောင်တို့ ဖြစ်ကြသည်။

ရွှေနဂါးဧည့်ဆောင်မှလွဲ၍ ကျန်ဧည့်ဆောင်များသည် ရွှေနဂါးသိုင်းသမားကြီး ဆန်ဝန်ကျက်၏ အထူးဧည့်သည်တော်များကို ဧည့်ခံရာ ဧည့်ဆောင်ဖြစ်ပါသည်။

ထိုဧည့်ဆောင်များထဲ၌ နွေဦးဆောင်သည် အခမ်းနားဆုံးဖြစ်ပါသည်။

ထို့ပြင် အစောင့်အကြပ်အများဆုံးရှိသော ဧည့်ဆောင်ဖြစ်ပါသည်။

တနည်းဆိုရလျှင် ရွှေနဂါးဌာနချုပ်၏ လျှို့ဝှက်ချက်များ စုဝေးရာ နေရာလည်းဖြစ်သည် မဟုတ်ပါလော။

ယခု၊ ထိုဧည့်ဆောင်အနီးသို့ လူရိပ်နှစ်ရိပ် တိတ်ဆိတ်ချဉ်းကပ်လာလေတော့သည်။

ထိုလူရိပ်နှစ်ရိပ်မှာ ကုန်းစွန်းယန်းနှင့် မာကျင်လျှံတို့ပင် ဖြစ်ပါသည်။

ကုန်းစွန်းယန်းသည် ဧည့်ဆောင်၏ပြတင်းပေါက်မှ အထဲသို့ တချက်လှမ်း၍ ကြည့်လိုက်လေသည်။

ဧည့်ခန်းထဲ၌ အစောင့်များသည် မာကျောက်ကို စိတ်ဝင်စားစွာ ကစားနေလေသည်။





ကုန်းစွန်းယန်းသည် တချက်ပြုံးလိုက်ပြီး ပြတင်းပေါက်၏ မှန်ချပ်ကို လက်ဖြင့်ခပ်ဆတ်ဆတ် တချက်ထိုးလိုက်လေသည်။

မှန်ကွဲသံခပ်အုပ်အုပ်တချက် ပေါ်ထွက်လာပြီး ပြတင်းပေါက်မှန်များ ကွဲသွားလေသည်။

ထိုအချိန်၌ မာကျောက်ဝိုင်းမှ ရယ်မောသံများ ထွက်လာပြီး ပြတင်းပေါက် မှန်ကွဲသံကို ဖုံးလွှမ်း သွားလေတော့သည်။

မာကျင်လျှံက ရှေ့သို့တိုးလိုက်ပြီး သူမ၏ရင်ဘတ်ကြားမှ တထွာခန့်ရှိ ထုလုံးရှည်သဏ္ဍာန် ပစ္စည်းနှစ်ခုကို ထုတ်ယူလိုက်လေသည်။

ထို့နောက် သူမသည် ထိုထုလုံးရှည်နှစ်ခု၏ ထိပ်မှ ကြိုးစများကို ဆွဲထုတ်လိုက်ပြီး ကွဲနေသောပြတင်းပေါက်မှ အခန်းထဲသို့ ပစ်ထည့်လိုက်လေတော့သည်။

* * *

ထုလုံးရှည်နှစ်ခုသည် ပြတင်းပေါက်မှတဆင့် အခန်းထဲသို့ ကျရောက်လာလေသည်။

ထို့နောက် ထိုအရာများထဲမှ အဝါရောင် အငွေ့များ ထွက်လာလေတော့သည်။

မကြာမီအခန်းတခုလုံးကို အဝါရောင် အခိုးအငွေ့များက ဖုံးလွှမ်းသွားလေတော့သည်။

ထို့နောက် အစောင့်များသည် တယောက်ပြီး တယောက် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

ထိုစဉ်ပြတင်းပေါက်တံခါး ပွင့်သွားလေတော့သည်။ ထို့နောက် ပွင့်သွားသော ပြတင်းပေါက်မှ ကုန်းစွန်းယန်း ဝင်ရောက်လာလေသည်။

ကုန်းစွန်းယန်းက အခန်းထဲသို့ တချက်ဝေ့ကြည့်လိုက်ပြီး မာကျင်လျှံဘက်သို့ လှည့်ကာ လှမ်း၍ ...

မင်းရဲ့အိပ်ငွေ့က မဆိုးပါလား'

ဟု ပြောလိုက်လေသည်။

မာကျင်လျှံက ပြုံးလျက်…

'ရှင်လဲ ဖြေဆေးကိုကြိုပြီး စားမထားယင် အိပ်ပျော်သွားလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ပြီးမှ....

'ကဲ…ရှင်သွားတော့ ကျွန်မ ဒီက စောင့်နေမယ်'

ဟု ဆက်ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက ကြမ်းပြင်ပေါ်မှ အတုံးအရုံး အိပ်ပျော်နေသော အစောင့်များကို ကျော်ခွကာ တံခါးပေါက်ရှိရာသို့ လျှောက်သွားလေတော့သည်။





ကုန်းစွန်းယန်း တံခါးဝသို့ ရောက်သောအခါ ရုတ်တရက် အခန်းတံခါးပွင့်သွားပြီး အစောင့်တယောက် ဝင်ရောက်လာလေသည်။

အစောင့်သည် ကုန်းစွန်းယန်းအား ရုတ်တရက် မြင်တွေ့လိုက်သောအခါ ငေးကြောင်၍ သွားလေသည်။

ထို တဒင်္ဂအချိန်ကလေးအတွင်း၌ ကုန်းစွန်းယန်းသည်သူ၏ ခန္ဓာကိုယ်ကို လေထဲ၌ ခုန်လိုက်ပြီး မိမိအား အံ့အားသင့်၍ ငေးကြောင်ကြည့်နေသော အစောင့်အား ခြေဖြင့် ကန်လိုက်လေသည်။

'ဝုန်း'

ဟူသောအသံနှင့်အတူ အစောင့်၏ခန္ဓာကိုယ်သည် နောက်သို့ လွင့်သွားပြီး အခန်းနံရံနှင့် ဆောင့်မိကာ ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်။

ထို့နောက် အစောင့်သည် ပြန်လည် ထမလာတော့ချေ။ ကုန်းစွန်းယန်းက လဲကျနေသော အစောင့်အား တချက်ပြုံး၍ ကြည့်လိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

အခန်း၏ဖွဲ့စည်းပုံရှင်းသည်။

အခန်းတည်ဆောက်ထားပုံရှင်းသည်။

ထို့ကြောင့် ကုန်းစွန်းယန်း ဦးနှောက်ခြောက်ရလေတော့သည်။

သာမန်အခန်းနှင့်မခြား တည်ဆောက်ထားသဖြင့် ထူးခြားမှုကို ရှတ်တရက်ရှာဖွေ၍ မရချေ။

ထို့ကြောင့် ကုန်းစွန်းယန်း ဦးနှောက်ခြောက်ခြင်း ဖြစ်ပါသည်။ ဤမျှရိုးစင်းသောအခန်း၌ မည်သူကမျှ လျှို့ဝှက်ခန်းရှိမည်ဟု ထင်မည်မဟုတ်ချေ။

သို့သော်....ကုန်းစွန်းယန်းကမူ ဤမျှ ရိုးစင်းသော အခန်းဖွဲ့စည်းမှုကပင် ထူးခြားနေသည်ဟု ထင်မိပေသည်။

အကြောင်းမှာ ကြီးကျယ် ခန့်ညားသော ရွှေနဂါးဌာနချုပ်၌ သာမန်အခန်းတခန်းကဲ့သို့ ရှိနေခြင်းကပင်ထူးခြားနေသည် မဟုတ်ပါလော။

ကုန်းစွန်းယန်းသည် အခန်း၏အလယ်၌ရပ်၍အခန်းတခုလုံးကို လှည့်ပတ်ကြည့်နေလေသည်။

အခန်းတခန်းလုံး စာအုပ်စင်များ၊ စာအုပ် ဗီရိုများဖြင့်ပြည့်နှက်၍ နေလေသည်။ ထူးထူးခြားခြားဟူ၍ ဘာမျှမတွေ့ရချေ။

အတန်ကြာမှ ကုန်းစွန်းယန်းသည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး နံရံကပ် စာအုပ်စင်များသို့ လျှောက်သွားလေသည်။





နံရံကပ်စာအုပ်စင်၌ စာအုပ်မျိုးစုံရှိသည်။ ကုန်းစွန်းယန်းသည် စာအုပ်စင်ရှေ့၌ ခေတ္တမျှရပ်လိုက်ပြီးစာအုပ်စင်၏အထပ်တိုင်းကို တချက်မျှ ဝေ့ကြည့်လိုက်သည်။

ထို့နောက် တစုံတခုအား ဆုံးဖြတ်ချက်ချလိုက်ပြီး မိမိ၏မျက်စိနှင့် တည့်သော စာအုပ်စင် အထက်မှ စာအုပ်များကို သေချာစေ့စပ်စွာ ကြည့်လိုက်လေတော့သည်။

ထိုစဉ် အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက်ကို သဲ့သဲ့မျှကြားလိုက်ရလေတော့သည်။

* * *

ကုန်းစွန်းယန်းသည် ပဉ္စမမြောက် နံရံကပ်စာအုပ်စင်၏ရှေ့၌ ရပ်တန့်လိုက်သည်။

ထို့နောက် စာအုပ်စင်ပေါ်မှ စာအုပ်များကို သေချာစေ့စပ်စွာ ကြည့်၍နေသည်။

ပြီးမှ သူသည် စာအုပ်တအုပ်ကို ကောက်ယူလိုက်လေသည်။ ထိုစာအုပ်သည် အခြား စာအုပ်များထက် ပို၍ ထူးခြားနေသည်။

အကြောင်းမှာ ထိုစာအုပ်၏အဖုံးသည် မကြာခဏ ကိုင်တွယ်ထားဟန်ဖြင့် နွမ်းပြီး ဖုန်များ သန့်စင်၍နေသည်။

သို့သော် ထိုစာအုပ်ကို တခါမျှ ဖွင့်ဖတ်ဟန် မရှိသကဲ့သို့ အတွင်းစာရွက်များမှာ နွမ်းကြေပုံမရှိချေ။

ကုန်းစွန်းယန်းသည် တချက်ပြုံးလိုက်ပြီး စာအုပ်စင်ပေါ်မှ ထိုစာအုပ် လွတ်သွားသောနေရာသို့ လက်နှိုက်၍ စမ်းလိုက်လေသည်။

ကုန်းစွန်းယန်း၏လက်သည် တစုံတခုအား ထိမိဟန်ဖြင့်

"ချပ်"

ဟူသော အသံသဲ့သဲ့ထွက်ပေါ်လာလေသည်။

ထို့နောက် တဆက်တည်း....

"ဒိ... ဒိ.... ဒိ...."

ဟူသော အသံသဲ့သဲ့ ပေါ်ထွက်လာပြီး နံရံကပ်စာအုပ်စင်သည် တဘက်သို့ ရွှေ့လျားသွားလေတော့သည်။

* * *

မှောင်မည်း၍နေသည်။

ကုန်းစွန်းယန်းက မီးခြစ်လိုက်ပြီး လျှို့ဝှက်အခန်းကို တချက်ကြည့်လိုက်သည်။





အခန်းတခုလုံးသည် စာအုပ်စင်များဖြင့် ပြည့်နှက်နေသည်။ စာအုပ်စင်များပေါ်၌ စာအုပ်များ၊ ဆီစိမ်ထားသော စက္ကူလိပ်များဖြင့် ပြည့်နှက်နေသည်။

ထိုစဉ် မီးငြိမ်းသွားသဖြင့် ကုန်းစွန်းယန်းက နောက်ထပ်မီးခြစ်ဆံဖြင့် မီးထပ်ခြစ်လိုက်သည်။

ထို့နောက် အခန်းနံရံပေါ်မှ မီးအိမ်တွင် ထွန်းညှိလိုက်လေသည်။ ပြီးမှ သူသည် စာအုပ်စင်များ တခုပြီးတခု ကူးကာ ရွှေနဂါးသိုင်းကျမ်းကို ရှာဖွေလေတော့သည်။

အတန်ကြာသည်အထိ ကုန်းစွန်းယန်း ရှာဖွေ မတွေ့ရှိပါ။

ထို့ကြောင့် ကုန်းစွန်းယန်းသည် စိတ်ပျက်ဟန်ဖြင့် သက်ပြင်းတချက် ချလိုက်လေသည်။ ထိုစဉ် သူ၏ မျက်လုံးများသည် ဗီရိုတခုပေါ်မှ တပေခန့်ထူသော စာအုပ်ပေါ်သို့ ရောက်ရှိသွားလေသည်။

ကုန်းစွန်းယန်းသည် ထိုစာအုပ်ကို လှမ်း၍ ယူကြည့်လိုက်လေသည်။ ထိုစာအုပ်၏ မျက်နှာဖုံးပေါ်၌ 'ဗေဒင်ကျမ်းပေါင်းချုပ်'ဟု ရေးသားထားပေသည်။

ကုန်းစွန်းယန်းသည် မျက်နှာဖုံးပေါ်မှ ခေါင်းစည်းကို ဖတ်ကြည့်လိုက်ပြီး မျက်မှောင်တချက် ကြုတ်လိုက်လေသည်။

တဆက်တည်းမှာပင် ဤ 'ဗေဒင်ပေါင်းချုပ်'ကို အဘယ်ကြောင့် လျှို့ဝှက်ခန်း၌ ထားရသနည်းဟူသောအဖြေကို ကုန်းစွန်းယန်း သိချင်လာသည် မဟုတ်ပါလော။

ထို့ကြောင့် ကုန်းစွန်းယန်းသည် ဗေဒင်ပေါင်းချုပ်ကျမ်းကို ဖွင့်ဖတ်လိုက်လေသည်။

ဗေဒင်ပေါင်းချုပ်ကျမ်း၌ ထူးထူးခြားခြား ရေးသားထားခြင်းမရှိပါ။ သို့သော် စာမျက်နှာ ၅၀ ခန့်လှန်၍ ဖတ်ပြီးသောအခါ ကုန်းစွန်းယန်းသည် ဗေဒင်ပေါင်းချုပ်ကျမ်း၏ ထူးခြားချက်ကို တွေ့မြင်လာရလေတော့သည်။

အကြောင်းမှာ စာမျက်နှာ ၅၁ မှစ၍ ဗေဒင်အကြောင်းရေးသားခြင်း မဟုတ်တော့ပဲ ဌာနခွဲတခု၏ အကြောင်းအရာများကို ရေးသားထားခြင်း ဖြစ်နေသောကြောင့် မဟုတ်ပါလော…

ကုန်းစွန်းယန်းသည် မသိမသာ တချက်ပြုံးလိုက်ပြီး ဗေဒင်ပေါင်းချုပ်ကျမ်းကို ဆက်၍ လှန်ကာ ဖတ်လိုက်လေသည်။

ထို့နောက် သူသည် လျှို့ဝှက်ခန်းမှပြန်လည်ထွက်လိုက်ပြီး စာကြည့်ခန်းထဲသို့ ဝင်လိုက်လေသည်။

တဆက်တည်း အခန်းအလယ်မှ စာကြည့်စားပွဲ ရှိရာသို့ လျှောက်သွားပြီး စာရွက်နှင့် ကလောင်တံကို ယူလိုက်လေသည်။

ထို့နောက် လျှို့ဝှက်အခန်းသို့ ပြန်သွားပြီး ဗေဒင်ပေါင်းချုပ် ကျမ်းထဲမှ လျှို့ဝှက်စွာ ရေးသားထားသော ရွှေနဂါးဌာနခွဲ (၁၂)ခု၏ လိပ်စာကို ကူး၍ ရေးသားလိုက်လေသည်။ တဆက်တည်း ထိုဌာနခွဲ(၁၂)ခု၏လျှို့ဝှက်ချက်အချို့ကို သူ၏ဦးနှောက်ထဲ၌ မှတ်သားထားလိုက်လေတော့သည်။

* * *





မိမိ၏အခန်းသို့ ပြန်လည်ရောက်ရှိသောအခါ အဝေးမှ အုန်းမောင်းခေါက်သံ လေးချက်ကို သဲ့သဲ့ကြားလိုက်ရလေတော့သည်။

ကုန်းစွန်းယန်းသည် ချီစီဖုအသွင် ပြန်လည်၍ ရုပ်ဖျက်လိုက်ပြီး ခုတင်ပေါ်၌ လဲလျောင်းလိုက်လေတော့သည်။

အတန်ကြာမှ ကုန်းစွန်းယန်းသည် သက်ပြင်းတချက်ချလိုက်လေတော့သည်။

* * *

ရက်သတ္တပတ် တပတ်ခန့်ရှိပြီ ဖြစ်ပါသည်။

ထိုရက်များအတွင်း ကုန်းစွန်းယန်းသည် မာကျင်လျှံ၏ အကူအညီဖြင့် ရွှေနဂါးဌာနချုပ်၏အရေးကြီးသော နေရာများကိုပင် ဝင်ရောက်ရှာဖွေပြီး ဖြစ်ပါသည်။

သို့သော် ရွှေနဂါးသိုင်းကျမ်းကိုမူ မည်သို့မျှ ရှာဖွေ၍တွေ့ရှိခဲ့ချေ။

ထို့ကြောင့် ကုန်းစွန်းယန်းသည် စိတ်ပျက်စပြုလာပြီ ဖြစ်ပါသည်။ ထိုအချိန်တွင် ကုန်းစွန်းယန်းသည် ရုတ်တရက် တစုံတခုအား သတိရလိုက်မိလေသည်။

ယင်းသို့ သတိရလိုက်မိသည်နှင့် ကုန်းစွန်းယန်းသည် မိမိကိုယ်မိမိ ကျိန်ဆဲလိုက်လေတော့သည်။

အကြောင်းမှာ သူသည် ရွှေနဂါးသိုင်းသမား၏ ခြိမ်းခြောက်မှုကြောင့် ထိတ်လန့်တုန်လှုပ်ခဲ့ပြီး ယခုစဉ်းစားမိသော အချက်ကို မစဉ်းစားမိခဲ့ခြင်း ဖြစ်ပါသည်။

ယခု စဉ်းစားမိသောအချက်မှာ ရွှေနဂါး သိုင်းသမား၏ ကျမ်းစာအုပ်သည် မိမိ၌ရှိသော သိုင်းကျမ်းစာအုပ်ထက် ပို၍ ပြည့်စုံသလော…။

သို့တည်းမဟုတ် မိမိနှင့် တန်းတူ အပြောင်းအလဲ (၇)ခု လျော့နေသလော….။

လိန်ထိုင် ခေါင်းဆောင်သည် လက်ထက်၌ သိုင်းကျမ်း စာအုပ်သည် ရေစိုပျက်စီးခဲ့ရသည် မဟုတ်ပါလော။

ထို့ကြောင့် ထိုသိုင်းကျမ်းကို ပြန်လည်ကူးယူကတည်းက အပြောင်းအလဲ (၇)မျိုးသည် မည်သို့မျှ ပြန်လည်ကူးယူ၍ မရနိုင်အောင် ပျက်စီးခဲ့ခြင်းမရှိဟု မည်သူပြောနိုင်မည်နည်း။

ကုန်းစွန်းယန်းသည် ယင်းသို့စဉ်းစားမိသည်နှင့် သူသည် ရွှေနဂါးသိုင်းသမားနှင့်ယှဉ်ပြိုင်ရန် ဆန္ဒရှိလာသလေတော့သည်။

သူနှင့် ရွှေနဂါးသိုင်းသမားသည်လည်း တခါမှ တွေ့ဆုံခဲ့ဖူးခြင်း မရှိချေ။ အကယ်၍သူတို့နှစ်ဦး ဆုံတွေ့မိပါက မည်သို့ဖြစ်လာမည်နည်း။

* * *





နောက်တနေ့….

ကုန်းစွန်းယန်း၏ အခန်းသို့ မာကျင်လျှံ ဝင်ရောက်လာလေသည်။

သူမနှင့်အတူ သတင်းတခု ပါလာလေသည်။ မာကျင်လျှံက ပြုံးယင်း

'ဆရာချီ…သတင်းကောင်း ပါတယ်'

ဟု ပြောလိုက်လေသည်။

ထို့နောက် သူမသည် ကန္တကလျှပ်ဖြင့် ကုန်းစွန်းယန်းထံ လျှောက်လာပြီး ကုန်းစွန်းယန်း၏ဘေး၌ ဝင်ရောက်ထိုင်လိုက်လေသည်။

ကုန်းစွန်းယန်းက ပျင်းရိစွာဖြင့် ဦးခေါင်းကိုမော့လိုက်ပြီး

'ဘာသတင်းကောင်းလဲ'

မာကျင်လျှံက ပြုံးယင်း

'ကျွန်မတို့မင်းသားမှာ ပြိုင်ဘက်တယောက် တိုးလာပြီတဲ့'

ကုန်းစွန်းယန်းက အံ့သြကာ

'ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

မာကျင်လျှံက ပြုံးယင်း

'ကျုကျန်ရှန်း'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက မျက်မှောင်တချက်ကြုတ်လိုက်ပြီး သူ၏ဦးခေါင်းကို ခါးယမ်းကာ…

'မပြောဖူးဘူး'

F. 6

ဟု ပြောလိုက်သည်။

မာကျင်လျှံက…

'သူလဲ ရှင်တို့လို ရွှေနဂါးသိုင်းသမားပဲ'

ကုန်းစွန်းယန်းက မာကျင်လျှံကိုတချက်စူးစိုက်ကြည့်လိုက်သည်။ ပြုံးမှ

ဒီသတင်းဟာ အမှန်ပဲလား'

မာကျင်လျှံက အသံကိုနှိမ့်၍

'ကျွန်မဌာနချုပ် တာဝန်ခံ ချိုင်ရီစုရဲ့ လျှို့ဝှက် စာအုပ်ထဲက ခိုးဖတ်ခဲ့တာပဲ'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက သက်ပြင်းတချက်ကို မသိမသာ ချလိုက်ပြီး....

'အင်း တတိယ ရွှေနဂါးသိုင်းသမား ပေါ်ပေပြီပေါ့'

ဟု တကိုယ်တည်းရေရွတ်လိုက်လေသည်။

ထို့နောက် သူသည် အဘန်ကြာမျှ ငြိမ်သက်၍ စဉ်းစား နေလေသည်။

အတန်ကြာမှ သူသည် မာကျင်လျှံအား တစုံတရာကို တီးတိုးပြောလိုက်လေတော့သည်။

မာကျင်လျှံက ဦးခေါင်းကို ညိတ်လိုက်ပြီး ကုန်းစွန်းယန်း အခန်းမှ ထွက်ခွာသွားလေတော့သည်။

* * *



နောက်တနေ့ မွန်းလွဲအချိန်တွင်....

ချိုင်ရီစုသည် စာတစောင်ကို ကိုင်လျက် ကုန်းစွန်းယန်း၏ အခန်းထဲသို့ ဝင်ရောက်လာလေတော့သည်။

ထို့နောက်ကုန်းစွန်းယန်းထံသို့ စာကို လှမ်းပေးလိုက်လေသည်။ ကုန်းစွန်းယန်းက စာကိုဖွင့်၍ ဖတ်လိုက်ပြီး ချိုင်ရီစုအား မေ့ကြည့်ကာ....

'အမေ အသည်းအသန်ဖြစ်လို့ အမြန်ပြန်လာပါတဲ့'

ဟု ပြောလိုက်လေသည်။

ချိုင်ရီစုက ဦးခေါင်းကိုညိတ်ကာ....

'ဒါဆိုဆရာချီ ပြန်သင့်တယ်၊ ဒီမှာ ကိစ္စအထူးအထွေမရှိဘူး'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက ပြုံးလိုက်ပြီး…

'ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုက်လေသည်။

ထိုနေ့ညနေ၌ ကုန်းစွန်းယန်းသည် ရွှေနဂါး ဌာနချုပ်မှ ထွက်ခွာသွားလေတော့သည်။

အမှန်မှာ ကုန်းစွန်းယန်း၏မိခင် အသည်းအသန် ဖြစ်နေသည်ဆိုသော သတင်းမှာ မာကျင်လျှံက တဘက်လှည့်ဖြင့် ပေးပို့သော စာဖြစ်ပြီး ချိုင်ရီစုအား လှည့်စားခဲ့ခြင်းသာဖြစ်ကြောင်း ချိုင်ရီစု မသိခဲ့ချေ။

အကယ်၍သာ ချိုင်ရီစုသည် ကုန်းစွန်းယန်းနှင့် မာကျင်လျှံကို ပူးပေါင်း၍ မိမိအားလှည့်စားခဲ့ကြောင်း သိမည်ဆိုလျှင်…

* * *

## “ရင်းဟို”

လို့ရမ်းတိုးမြို့။

လကွယ်ညဖြစ်၍ ပတ်ဝန်းကျင် တခုလုံးသည် မှောင်မိုက်၍ နေသည်။

လို့ရမ်းတိုးမြို့သည်လည်း မှောင်မိုက်သော ညအောက်တွင် အိပ်မောကျနေလေသည်။

လို့ရမ်းတိုးမြို့၏ လမ်းမကြီးပေါ်၌ ခွေးလေခွေးလွင့်များ အစာကိုလုယင်း တကောင် နှင့် တကောင် မန်ဖိနေသံသည် တချက်တချက် အဝေးမှ လွင့်ပျံ့လာလေသည်။

ထိုအချိန်၌ အရှူးတယောက်သည် လို့ရမ်းတိုးမြို့၏ ပေတရာလမ်းမကြီးအတိုင်း ဖြည်းညင်းစွာ လျှောက်လာလေသည်။





သူ၏ အဝတ်အစားများသည် နှစ်ပေါင်းများစွာ လျှော်ဖွပ်ခြင်း မရှိဟန်ဖြင့် နွမ်းနေလေသည်။

ထို့ပြင် နှစ်ပေါင်းများစွာ နေစားထားဟန်ဖြင့် အရောင် လွင့်ပြယ်နေလေသည်။

သူ၏ မုတ်ဆိတ်ကျင်စွယ်များသည်လည်း နှစ်ပေါင်းများစွာ သန့်စင်ခြင်း မရှိခဲ့ဟန်ဖြင့် ရှည်လျား ရှုပ်ထွေး နေလေသည်။

သူသည် လက်ထဲမှ တောင်ဝှေးကို တဒေါက်ဒေါက်ခေါက် ယင်း ချွေဖူကျောင်းဘုံကျောင်း ဘက်သို့ဦးတည်၍ သွားနေလေတော့သည်။

* * *

ချွေဖူကျောင်းဘုံကျောင်း။

လွန်ခဲ့သော နှစ်များက ဤ ချွေဖူကျောင်း ဘုံကျောင်း၏ အနောက်ဘက်တွင် လျံလောင်တာနှင့် ပိုင်လုချူးဟုခေါ်သော လူရှုပ်လူပွေနှစ်ယောက် အသတ်ခံခဲ့ရသည်။

ထိုအချိန်မှစ၍ ထို ချွေဖူကျောင်းဘုံကျောင်း အနောက်ဘက် ရှိ ဝူလျို၏ဖဲဝိုင်းသို့ လူသွားလူလာ မရှိတော့ချေ။

သို့ဖြစ်၍လည်း ဤနေရာသည် အလိုအလျောက် လူပြတ်သောနေရာတခု ဖြစ်ခဲ့လေတော့သည်။

သို့သော် မကြာမီရက်ပိုင်းအတွင်းမှစ၍ ဤနေရာတွင် လူရိပ်လူရောင်တွေ့သည်ဟု ဆိုကြသည်။ သို့သော် မည်သူမျှ ထိုလူရိပ်ကို ရှာ၍ မတွေ့ကြချေ။

သို့ဖြစ်၍ လူတချို့က သရဲခြောက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ထို့ကြောင့် ဤနေရာသို့ မည်သူမျှ မလာရဲကြချေ။

သို့သော် ယခု အရှူးတယောက်သည် ချွေဖူကျင်းဘုံကျောင်း၏ အနောက်ဘက်သို့ လျှောက်လာလေသည်။ ပင်လယ်ကဗွီးပင်နား ရောက်သောအခါ ရုတ်တရက် သစ်ရွက် လှုပ်ခတ်သံအချို့ ပေါ်ထွက်လာသည်။

ထို့စဥ် လေပြင်းတချက် တိုက်ခတ်လာလေသည်။ ထို တိုက်ခတ်လာသည့် လေပြင်းတချက်နှင့်အတူ လူရိပ် တရိပ်သည် ပင်လယ်ကဗွီးပင်နှစ်ပင်ကြားသို့ ရောက်ရှိလာလေသည်။

အရူးသည် သူ၏ရှေ့သို့ ရောက်ရှိလာသောလူရိပ်ကို တချက်ကြည့်လိုက်ပြီး မြေပြင်ပေါ်သို့ ဒူးထောက်လိုက် လေတော့သည်။

လူရိပ်သည် အရူးရှေ့သို့လျှောက်လာပြီး တိုးညင်းသောလေသံဖြင့်

'ရင်းဟို၊ ငါ့ကို သာမန်အနေနဲ့ပဲဆက်ဆံပါ'

ဟု ပြောလိုက်လေသည်။

ရင်းဟိုသည် ဒူးထောက်ရာမှ ထလိုက်သည်။ ထို့နောက် တချက်ပြုံးလိုက်ပြီး....

ဝတ္ထုထွန်းစာပေ



'ခြံပိုင်ရှင်ကို အခုလိုအချိန်မှာ ပိုပြီး လေးစားရမှာပေါ့'

လူရိပ်က တချက်ပြုံးလိုက်ပြီး....

'ရင်းဟို ငါ့ကို ခြံပိုင်ရှင်လို့မခေါ်ပါနဲ့၊ ငါ့ရဲ့ခြံဟာ မီးလောင်လို့ ပြာဖြစ်နေပါပြီ'

ရင်းဟိုက ပြုံးယင်း

'ဒါပေမယ့် ခြံပိုင်ရှင်ဟာ အမည်မဲ့ ခြံပိုင်ရှင်ပါပဲ'

အမည်မဲ့ခြံပိုင်ရှင်၏ရင်ထဲ၌ စို့နစ်၍ သွားလေသည်။ မိမိ၏လူများစုသည် ယခုတိုင် မိမိအပေါ် လေးစားလျက်ရှိကြောင်း တွေ့ရသောအခါ ကုန်းစွန်းယန်း၏စိတ်ထဲ၌ စို့နစ်၍သွားခြင်းဖြစ်ပါသည်။

အတန်ကြာမှ ကုန်းစွန်းယန်းသည် သက်ပြင်းတချက်ချလိုက်ပြီး...

'ကဲ.... ရင်းဟို ငါ မင်းကို တာဝန်တခုပေးရမယ်'

ဟု ပြောလိုက်လေသည်။

ပြီးမှ ကုန်းစွန်းယန်းသည် ရင်းဟိုအား တစုံတရာ တီးတိုးပြောလိုက်လေသည်။ ထို့နောက် ကုန်းစွမ်းယန်းသည် အမှောင်ထုအတွင်းသို့ ပြန်လည်ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

ရင်းဟိုသည် ပင်လယ်ကဗွီးပင်အနီး၌ ရပ်လျက် ကျန်ရစ်ခဲ့လေတော့သည်။ ညဥ့်၏ လေပြင်းတချက်သည် ပင်လယ်ကဗွီးပင်မှ သစ်ရွက်များ လှုပ်ခတ်သွားသည့်တိုင်အောင် တချက်ပြင်းပြင်း တိုက်ခတ်လာလေတော့သည်။

* * *

မိုးသည် နံနက်မှညအထိ အဆက်မပြတ်ရွာနေသည်။

သို့သော် မိုးသည် သည်းကြီးမည်းကြီး ရွာသွန်းနေခြင်း မဟုတ်ပါ။ တဖွဲဖွဲနှင့် မစဲသောမိုးပင် ဖြစ်ပါသည်။

* * *

ထုံးကွမ်းမြို့

ထုံကွမ်းမြို့၏နောက်ဘက်။

ထိုနေရာ၌ တံတားတခုရှိသည်။ ထိုတံတား၏ဘေး၌ နှင် ပေါင်းများကတည်းက တည်ထားသော ရှေးဟောင်း ရဲတိုက် ကြီးတခုရှိသည်။

ထိုရဲတိုက်သည် 'ဝမ်ကျင့်ဆူ'၏ အမွေဆိုင်ရဲတိုက်ကြီး ဖြစ် ပါသည်။ သို့သော် လွန်ခဲ့သော (၁၀)နှစ်က ရဲတိုက်ပိုင်ရှင် ဝမ်ကျင့်ဆူ သေဆုံးပြီးနောက် ထိုရဲတိုက်သည် ပြုပြင်သူမရှိ ပျက်စီး ယိုယွင်းခဲ့လေသည်။

ထို့ပြင် ထိုရဲတိုက်ကို အမွေဆက်ခံမည့်လူ တဦးတယောက် မျှ မရှိသည့်အတွက် ထိုရဲတိုက်သည် ပိုင်ရှင်ကင်းမဲ့နေလေသည်။





ထို့ကြောင့် ရဲတိုက်သည် ရှည်လျားသော မြက်ပင်များ ကြား၌ ပျက်စီးယိုယွင်းလျက် ရှိနေလေသည်။

သို့သော် ယခု ဤရဲတိုက်သည် ထုံကွမ်းမြို့ရှိ ရွှေနဂါး၏ အမှတ်ငါး ဌာနခွဲတခုဖြစ်သည် မဟုတ်ပါလော။

* * *

ည…။

မိုးရွာဆဲ ဖြစ်သည်။

ထိုစဉ် လူရိပ်နှစ်ရိပ်သည် တံတားကိုဖြတ်၍ ရဲတိုက်ရှိရာသို့ လျင်မြန်စွာ ချဉ်းကပ်သွားလေသည်။

ထို့နောက် ထိုလူရိပ်နှစ်ရိပ်သည် အုတ်နံရံကို ကျော်ကာ ရဲတိုက်ထဲသို့ ဝင်ရောက်သွားလေတော့သည်။

ရင်းဟိုသည် ထိုလူရိပ်နှစ်ရိပ် ရဲတိုက်ထဲဝင်ရောက်သွားသည် အထိ ကြည့်နေပြီးမှ တချက်ပြုံးကာ ထိုနေရာမှထွက်ခွာသွား လေတော့သည်။

ရင်းဟိုထွက်သွားပြီး မကြာမီမှာပင် ရဲတိုက် တခုလုံးသည် မီးတောက်မီးလျှံများ ပြင်းထန်စွာ လောင်ကျွမ်း လေတော့ သည်။

ထိုအချိန်၌ တံတားဘေးမှ အနက်ရောင် ဝတ်ဆင်ထား သော လူလေးဦးသည် ရဲတိုက်ရှိရာသို့ တဟုန်ထိုး ပြေးသွား လေတော့သည်။

* * *

လူအော်သံ၊ မြင်းဟီသံများ ဆူညံ၍သွားသည်။

တဖွဲဖွဲ ရွာသွန်းသောမိုးသည် မီးလောင်မှုကို အားပေး အားမြှောက်ပြုသကဲ့သို့ မီးတောက်များကို ပို၍ ပြင်းထန်စေ သည်။

အနက်ရောင်ဝတ်ထားသော လူလေးဦးသည် မီးတောက် မီးလျှံများကြားထဲသို့ တိုး၍ဝင်ရောက်ပြီး လူစုခွဲကာ ရဲတိုက်၏ နေရာအနှံ့သို့ ဖြန့်သွားလေသည်။

မကြာမီမှာပင် ရဲတိုက်၏ နေရာတိုင်းမှ မီးတောက်များ ထွက်ပေါ်လာပြီး ဓား ဓားချင်းထိသံ၊ အော်ဟစ်သံ၊ လဲပြို သံများ ဆက်တိုက် ပေါ်ထွက်လာလေတော့သည်။

ရိဖျောင်း။

ထုံးကွမ်းမြို့ရှိ အမှတ်ငါး ဌာနခွဲမှူးရိဖျောင်း။

သူသည် သူ၏ လက်အောက်ငယ်သားများကို အော်ဟစ် အမိန့်ပေးယင်း အပေါ်ထပ်မှ ပြေးဆင်းလာလေသည်။





လှေကားရင်းသို့မရောက်မီ အဖြူရောင် အလင်းတန်းနှင်ခုက ရိဖျောင်းထံသို့ ပြေးဝင်သွားလေတော့သည်။

ရိဖျောင်းသည် ကပျာကယာ ရှောင်တိမ်းလိုက်ပြီး သူ၏ ခါးမှဓားကို ဆွဲထုတ်လိုက်လေသည်။

အဖြူရောင် အလင်းတန်းနှစ်တန်းသည် ရိဖျောင်း၏မျက်နှာ ရှေ့မှ ဖြတ်ကျော်ကာ နံရံသို့ စိုက်ဝင်သွားလေသည်။

ရိဖျောင်းသည် နံရံ၌ စိုက်ဝင်သွားသော ဓားမြှောင်နှစ် ချောင်းကိုဆွဲနှုတ်လိုက်ပြီး ရန်သူကို ရှာဖွေလိုက်လေသည်။

ထိုစဉ် ရုတ်တရက် မီးခိုးများကြားမှ အနက်ရောင်ဝတ်ဆင် ထားသောလူတယောက်သည် ဖဲပျံရောက်ရှိလာပြီး ရိဖျောင်း အား လျှပ်တပြက် တိုက်ခိုက်လေတော့သည်။

ရိဖျောင်းသည် အနက်ရောင်ဝတ်ဆင်ထားသူ၏ ဓားချက်ကို လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး တဆက်တည်း ဓားကွက် သုံးကွက်မျှ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ထို့နောက် ရိဖျောင်းသည် သူ၏ ကျော်ကြားသော 'အဆိပ် မြွေလျှာနှစ်ခွ' သိုင်းကွက်ဖြင့် အနက်ရောင်ဝတ်လူအား နောက် ထပ် ဓားကွက် မထုတ်နိုင်ရန် တရကြမ်း တိုက်ခိုက်လိုက်လေ သည်။

ထိုစဉ် ရုတ်တရက် မီးများအကြားမှ နောက်ထပ်အနက် ရောင်ဝတ် လူတယောက် ထပ်မံပေါ်ထွက်လပြီး ရိဖျောင်း၏ 'အဆိပ်မြွေလျှာနှစ်ခွ' သိုင်းကွက်ကို ဖျက်ဆီးလိုက်လေသည်။

ထို့ကြောင့် ရိဖျောင်းသည် နောက်သို့ ခြေလှမ်းသုံးလေး လှမ်းမျှ ဆုတ်သွားရလေတော့သည်။

နောက်မှရောက်လာသော အနက်ရောင်ဝယ်သူက ရိဖျောင်း၏ခေါင်းကွက်၌ ပိတ်မိခဲ့သော အနက်ရောင်ဝတ်လူအား

'ဆရာပိုင် အပြင်ထွက်သွားပြီး လုပ်စရာရှိတာလုပ်ပါ၊ ကျုပ် ဒီလူကိုထိန်းထားမယ်'

ဟု ပြောလိုက်လေသည်။

ဆရာပိုင်က ဦးခေါင်းညိတ်ကာ ထိုနေရာမှ လှည့်ထွက်သွားလေတော့သည်။ ရိဖျောင်းက မိမိ၏သိုင်းကွက်ကို ချေဖျက်လိုက်သူအား မျက်မှောင်ကြုတ်၍ကြည့်ယင်း

'မင်း ဘယ်သူလဲ'

အနက်ရောင်ဝတ်လူက အေးစက်သောလေသံဖြင့်

'အမည်မဲ့ခြံက ကြီးကြပ်ရေးမှူး ချန်း ပဲ'

ဟု ပြောလိုက်လေသည်။

အမည်မဲ့ခြံဟူသောအသံကို ကြားလိုက်သည်နှင့် ရိဖျောင်း၏ရင်ထဲ၌ ထိတ်လန့်သွားလေတော့သည်။

ရိဖျောင်း၏အာရုံသည် ခြောက်ကပ်လာသည်ဟု ခံစားလိုက်ရသည်။

ထို့ပြင် သူ၏လက်ဖျားများသည် ရေခဲတမျှ အေးစက်လာသည်ဟု ရိဖျောင်း ခံစားလိုက်ရလေတော့သည်။

* * *



မီးတောက်မီးလျှံများသည် ရဲတိုက်တခုလုံးအား ဝါးမျို နေပြီဖြစ်သည်။ အနက်ရောင်ဝတ် လူလေးယောက်သည် တံတား ရှိရာသို့ ပြန်လည်ဆုတ်ခွာသွားပြီဖြစ်သည်။

ဆရာပိုင်သည် ရဲတိုက်၏တံခါးကို သော့ဖြင့် ခတ်လိုက်ပြီး မီးလောင်နေသော ရဲတိုက်ကို တချက်ကြည့်လိုက်သည်။ ထိုစဉ်

'ချွမ်း'

ဟူသော မှန်ကွဲသံနှင့်အတူ ရိဖျောင်း၏ခန္ဓာကိုယ်သည် ရဲတိုက်၏ အပေါ်ထပ် ပြတင်းပေါက်မှ လွင့်ကျလာလေတော့သည်။

ရိဖျောင်း၏ခန္ဓာကိုယ်သည် မြေကြီးပေါ်သို့ ဖွဲ့အိတ်တအိတ်ပမာ ကျရောက်လာလေသည်။

ထို့နောက် ရိဖျောင်း၏ ခန္ဓာကိုယ်သည် တချက်မျှ တွန့်လိမ်ပြီး ငြိမ်သက်သွားလေတော့သည်။

ထိုအချိန်တွင် ကြီးကြပ်ရေးမှူးချန်းသည် ရိဖျောင်း လွင့်စင်ကျလာသော ပြတင်းပေါက်မှ ခုန်ဆင်းလာလေတော့သည်။

သူသည် မြေပြင်ပေါ်သို့ရောက်သည်နှင့် မီးလောင်နေသော ရဲတိုက်ကို တချက်မျှ လှည့်၍ ကြည့်လိုက်လေသည်။

သူ၏ မျက်လုံးများတွင် ကြေကွဲသော အရိပ်အရောင်များ ပေါ်လွင်၍နေလေသည်။ ဤသို့ဆိုလျှင် သူသည် ဤ ရဲတိုက်အတွက် ကြေကွဲခြင်းလော....

သို့တည်းမဟုတ် လူပေါင်း ၃၀၀ကျော် သေဆုံးခဲ့ရသော အမည်မဲ့ခြံဝင်းအတွက် ကြေကွဲခြင်းလော...

မည်သို့ပင် ဆိုပါစေ လူသားတဦးအတွက် ဤသို့သော အဖြစ်အပျက်မျိုးသည် ကြေကွဲစရာပင် မဟုတ်ပါလော။

*　　　*　　　*

နှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သော 'ဝမ်ကျင့်ဆူ'၏ ရဲတိုက်သည် တညအတွင်း ပြာပုံအဖြစ်သို့ ပြောင်းလဲသွားပြီ ဖြစ်သည်။

ရိုဖျောင်းအပါအဝင် သိုင်းဆရာ ၃၀ ကျော်နှင့် အလုပ် သမား ၁၀ ယောက်ကျော်တို့၏ အသက်သည်လည်း ပြာမှုန့် များနှင့်အတူ လေထဲသို့ လွင့်ပျံ့သွားပြီး ဖြစ်ပါသည်။

ရွှေနဂါးဌာနခွဲ အမှတ်ငါး၏ မီးလောင်ကျွမ်းမှု သတင်း သည်လည်း လေနှင့်အတူ လွင့်မျောကာ ရွှေနဂါးသိုင်းသမား ကြီး ဆန်ဝန်ကျက်၏နားထဲသို့ ရောက်ရှိ လာလေတော့သည်။

ယင်းသတင်း ကြားသည့်အချိန်မှစ၍ ဆန်ဝန်ကျက်၏မျက် နှာသည် ကြောက်စရာကောင်းလောက်အောင် တင်းမာ၍ နေ လေတော့သည် မဟုတ်ပါလော....

သို့သော် ဆန်ဝန်ကျက်၏မျက်နှာ တင်းမာသည်နှင့်အမျှ ပြုံး၍နေသောပုဂ္ဂိုလ်လည်း ရှိပါသည်။ ထိုလူမှာ အမည်မဲ့ ခြံပိုင်ရှင် ကုန်းစွန်းယန်းပင်ဖြစ်သည် မဟုတ်ပါလော…။

*　　　*　　　*





ထုံကွမ်းရှိ ရွှေနဂါးဌာနခွဲအမှတ်ငါး မီးလောင်မှုဖြစ်သွား ပြီး ရက်သတ္တပတ်အတွင်း ဟန်မြို့သို့သွားသော လမ်းမကြီး ပေါ်၌ ရင်းဟိုကို တွေ့မြင်နိုင်ပေသည်။

ထို့နောက် မကြာမီမှာပင် ဟန်မြို့ရှိ 'ရှင်ပျော်ပျော်ဘည်းခိုရိပ်သာ'တခုလုံး မီးလောင်ခြင်းခံရပြီး လူပေါင်း ၃၀ကျော် သေဆုံးသော အဖြစ်အပျက်တခု ဖြစ်ပွားခဲ့လေလည်။

ထို ရှင်ပျော်ပျော်ဘည်းခိုရိပ်သာသည်ရွှေနဂါးသိုင်းသမား ၏ ရွှေနဂါးဌာနခွဲ အမှတ် ၃ ပင်ဖြစ်ပါသည်။

ထို့နောက် ရက်သတ္တ တပတ်အတွင်း ရင်းဟိုကို 'ယန်စီ' မြို့၌ တွေ့မြင်ရပေသည်။

မကြာမီမှာပင် ယန်စီမြို့ရှိ ယန်း'အာမခံဌာနတခုလုံး မီး လောင်ကျွမ်းသည့် အဖြစ်အပျက် ဖြစ်ပွားခဲ့လေတော့သည်။

ထို 'ယန်း' အာမခံဌာနသည် ရွှေနဂါးဌာနခွဲ အမှတ် ၇ပင် ဖြစ်သည် မဟုတ်ပါလော။

*　　　*　　　*

ကျကျန်ရှန့်သည် မည်သူမျှ သတိမပြုမိသော အချက်ကို သတိပြုမိခဲ့သည်။ ထိုအချက်မှာ မီးလောင်မှုသည် ရင်းဟိုနှင့် ဆက်နွယ်နေသည်ဟူသော အချက်ပင်ဖြစ်ပါသည်။

သို့သော် မီးလောင်မှုဖြစ်ပွားစဉ်၌ ရင်းဟိုသည် ထိုအရပ်၌ မရှိတော့ချေ။ ထို့ကြောင့် ကျကျန်ရှန့်သည် ရင်းဟိုကို စုံစမ်းလေတော့သည်။

သို့ရာတွင် သူသည် ရင်းဟိုနှင့်ပတ်သက်၍ ဘာမျှ တိတိကျကျ မသိရချေ။ သူ စုံစမ်း၍ရသော အချက်များမှာ....

ရင်းဟိုသည် စိတ်မနှံ့သော အရူးတယောက်ဟူ၍ပင် ဖြစ်သည်မဟုတ်ပါလော....

ယခု ရင်းဟိုသည် လှိုရမ်းတိုးမြို့သို့သွားသော လမ်းမကြီးပေါ်၌ ရှိနေပါသည်။ ဤသို့ဆိုလျှင်
လှိုရမ်းတိုးမြို့၌ မီးလောင်မှု ဖြစ်ပွားဦးမည်လော...

+ * *

နေ့ဦးဧည့်ဆောင်။

ယင်းဧည့်ဆောင်အတွင်းသို့ ရွှေနဂါးဌာနချုပ် တာဝန်ခံ ချိုင်ရီစု ဝင်ရောက်လာသောအခါ ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်သည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေဆဲဖြစ်သည်။





ဆန်ဝန်ကျက်၏ မျက်နှာသည်လည်း တင်းမာနေဆဲ ဖြစ်သည်။ ဆန်ဝန်ကျက်သည် ချိုင်ရီစုဝင်လာသည်ကိုတွေ့မှ သူ၏ မျက်နှာထားကို လျော့ချလိုက်လေသည်။

ပြီးမှ သူသည် ချိုင်ရီစုအားပြုံးပြကာ ထိုင်ရန် နေရာပေးလိုက်လေသည်။ ချိုင်ရီစုက ဦးညွှတ်၍ ဆန်ဝန်ကျက်အား အရိုအသေ တချက်ပြုလိုက်ပြီး ဆန်ဝန်ကျက်ညွှန်ပြသော ခုံ၌ ဝင်ရောက်ထိုင်လိုက်လေသည်။

ဆန်ဝန်ကျက်သည် အခန်းထဲ၌ ပြန်လည်၍ ခေါက်တုံ့ခေါက်ပြန်လျှောက်ယင်း

'ချိုင်ရီစု မင်း တခုစဉ်းစားကြည့်စမ်း'

ဟု စကားနိဒါန်းပျိုးလိုက်လေသည်။

ချိုင်ရီစုက ဦးခေါင်းညိတ်ကာ...

'ဟုတ်ကဲ့'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်က အခန်း၏ မျက်နှာကြက်ကို မော့ကြည့်ယင်း...

'တို့ရဲ့ အမှတ်ငါး၊ အမှတ်သုံး၊ အမှတ်ခုနစ် ဌာနခွဲတွေကို မီးရှို့တာ ဘယ်သူဖြစ်မယ်လို့ မင်းထင်သလဲ'

ဟု ရုတ်တရက် မေးလိုက်လေသည်။

ချိုင်ရီစုသည် ဆန်ဝန်ကျက်ကို တချက်လှမ်း၍ကြည့်လိုက်သည်။ ချိုင်ရီစုအနေဖြင့် ဤကိစ္စသည် အမည်မဲ့ခြံဝင်း၏ လက်ချက်ဖြစ်မည်ဟု ခန့်မှန်းမိသည်။

F.7

သို့သော် ဤကိစ္စမှာ မိမိနှင့်မဆိုင်သဖြင့် မည်သို့မျှ ဝေဖန်ခြင်းမပြုပဲ တိတ်ဆိတ်၍နေလေသည်။ ဆန်ဝန်ကျက်က မျက်နှာကြက်ကို မော့ကြည့်နေရာမှ ချိုင်ရီစုအား စူးစိုက်ကြည့်လိုက်ပြီး…

'ဘယ်သူ့လက်ချက်လို့ မင်းထင်သလဲ'

ဟု ထပ်၍ မေးလိုက်လေသည်။

ချိုင်ရီစုက သက်ပြင်းတချက်မှုတ်ထုတ်ယင်း

'ဘာသဲလွန်စမှ ကျန်မနေတော့ ကျွန်တော်လဲ မစဉ်းစားတတ်အောင်ဖြစ်နေတယ်'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်က တချက် မဲ့ပြုံးပြုံးလိုက်ပြီး

'ကျကျန်ရှန့်ရဲ့ လက်ချက်ကလွဲလို့ ဘယ်သူမှမဖြစ်နိုင်ဘူး'

ဟု ပြောလိုက်လေသည်။

ချိုင်ရီစုက ဆန်ဝန်ကျက်အား တချက်မျှ မော့၍ ကြည့်ယင်း….

'အမည်မဲ့ခြံဝင်းရဲ့လက်ချက်ရော မဖြစ်နိုင်ဘူးလား'

ဟု စောဒကတက်လိုက်လေသည်။

ဆန်ဝန်ကျက်က မျက်မှောင်ကြုတ်ယင်း

'မဖြစ်နိုင်ဘူး၊ အမည်မဲ့ခြံက ဒီလောက်အထိ အချိန်ဆွဲပြီး ကလဲ့စားချေမှာမဟုတ်ဘူး'

ဟု ငြင်းလိုက်လေသည်။

ချိုင်ရီစုက

'ဒါပေမယ့်….'





ချိုင်ရီစု၏ စကားမဆုံးမီ ဆန်ဝန်ကျက်က လက်ကာ၍ပြလိုက်ပြီး

'ဒီမှာ ချိုင်ရီစု ကျကျန်ရှန့်ကြောင့် လက်ထပ်ပွဲပျက်ရတယ်၊ ကျကျန်ရှန့်ကြောင့် ဆူးရိဖုံးသေရတယ်၊ ကျုပ်ရဲ့ လုပ်ငန်းကို ကျကျန်ရှန့်ကလွဲလို့ ဘယ်သူက ဖျက်လိုဖျက်ဆီး လုပ်မှာလဲ၊ ပြီးတော့ ကျကျန်ရှန့်ဟာ သိုင်းလောကမှာ နာမည်ကြီးဖို့အတွက် ကျုပ်ကလွဲလို့ ဘယ်သူ့ကိုသွားပြီး ယှဉ်ပါ့မလဲ'

ဟု ပြောလိုက်လေသည်။

ချိုင်ရီစုက သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး

'ကျကျန်ရှန့်ဟာ ကုန်းစွန်းယန်းမဖြစ်နိုင်ဘူးလား'

ဟု မေးလိုက်လေသည်။

ချိုင်ရီစု၏ စကားကြောင့် ဆန်ဝန်ကျက်သည် တချက်မျှ ငေးငိုင်၍သွားလေသည်။ ပြီးမှ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းယင်း

'မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

ဟု ပြောလိုက်လေသည်။

သို့သော် ဆန်ဝန်ကျက်၏စိတ်ထဲ၌ အကယ်၍သာ ကျကျန်ရှန့်သည် ကုန်းစွန်းယန်း ဖြစ်ခဲ့ပါက…ဆန်ဝန်ကျက် ဆက်၍ မတွေးတော့ပါ။

သူသည် သက်ပြင်းတချက်ကို မှုတ်ထုတ်လိုက်ယင်း ချိုင်ရီစုအား လှမ်း၍

'ချိုင်ရီစု…ဘာပဲဖြစ်ဖြစ် ကျုပ်တို့က တခုခုတော့ လုပ်ရလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ထို့နောက် ဆန်ဝန်ကျက်သည် အတန်ကြာအောင် စဉ်းစားလိုက်ပြီး ချိုင်ရီစုအား

'ခင်ဗျားတို့... လို့ရမ်းတိုးကို သွားပြီး သတင်းတခု လွှင့်လိုက်ပါ'

ချိုင်ရီစုက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။ ဆန်ဝန်ကျက်က ကောက်ကျစ်စွာ တချက်ပြုံးလိုက်ပြီး

'ဆန့်ကွမ်းချုံးကို လို့ရမ်းတိုးမှာ ဖမ်းထားတဲ့ သတင်းသာ ကြားယင် ကျကျန်ရှန့် ရောက်လာမှာပဲ၊ ဒီတော့ ကျကျန်ရှန့်နဲ့ ကုန်းစွန်းယန်းဟာ တယောက်တည်းလား၊ တယောက်စီလား ဆိုတာ သိရမှာပေါ့'

ဟု ပြောလိုက်လေသည်။

ထို့နောက် ဆန်ဝန်ကျက်သည် မိမိ၏အစီအစဉ် အသေးစိတ်ကို ချိုင်ရီစုအား တီးတိုးပြောပြလိုက်လေသည်။

ချိုင်ရီစုသည် ဆန်ဝန်ကျက် ပြောသမျှကို တိတ်ဆိတ်စွာ နားထောင်နေပြီးမှ သူသည် ဦးခေါင်းကိုမော့ကာ ဆန်ဝန်ကျက်အား

'ကျကျန်ရှန့်ကို မင်းသား မြင်ဖူးလား'

ဟု မေးလိုက်လေသည်။

ဆန်ဝန်ကျက်သည် ချိုင်ရီစု၏ အမေးစကားကြောင့် ရုတ်တရက် ငေးငိုင်သွားပြီး ချိုင်ရီစုံအား စူးစိုက်၍ ကြည့်လိုက်လေသည်။





ထို့နောက် ဆန်ဝန်ကျက်သည် ဘာမျှ ပြန်မပြောတော့ပဲ သက်ပြင်းတချက်ကို ချလိုက်လေသည်။ အကြောင်းမှာ ဆန်ဝန်ကျက်သည် ကျကျန်ရှန့်အား မြင်တွေ့ဖူးခြင်း မရှိသောကြောင့် မဟုတ်ပါလော။

✤ ✱ ✤

ကျောက်ဆန်းကျိသည် သဒ္ဒါကျစွာ တဟားဟားဖြင့် ရယ်မောနေလေသည်။

ရှောင်လင်မှ လျှောင်အင်းနှင့် ဝူးတန်မှ ဝူစွမ်းတို့သည် တယောက်မျက်နှာတယောက်ကြည့်လိုက်သည်။ ကျောက်ဆန်းကျိက ငှက်မွေးယပ်တောင်ကို ခပ်ယင်း

'ရှင်တို့က ကျွန်မကို ကျေးဇူးတင်ရမယ်'

ဟု ပြောလိုက်သည်။

လျှောင်အင်းက တံတွေးတချက်ထွေးလိုက်ပြီး

'မင်းဘာသာမင်း နေရာလိုချင်လို့ ဆူးရိဖုံးကို သတ်လိုက်တာ၊ ငါတို့က ဘာဖြစ်လို့ ကျေးဇူးတင်ရမှာလဲ'

ဝူစွမ်းကလည်း နှုတ်ခမ်းတချက်မဲ့ကာ

'မင်းလို ကောက်ကျစ်တဲ့မိန်းမဟာ သိုင်းလောကရဲ့ ဒုတိယ ဆူးရိဖုံး ဖြစ်လာမှာပဲ'

ဟု ပြောလိုက်လေသည်။

ကျောက်ဆန်းကျိုက သဘောကျစွာ ပြုံးလိုက်ပြီး

'ပထမ ဆုရိဖုံးလိုတော့ ရှင်တို့ကို ရှုံးမှာမဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။

သူမ၏လေသံသည် လျှောင်အင်းနှင့် ဝူစွမ်းတို့ကို စိန်ခေါ်သော လေသံမျိုး ဖြစ်ပါသည်။

ဝူစွမ်းက မျက်မှောင်တချက်ကြုတ်လိုက်ပြီး....

'မင်းဟာ ဆုရိဖုံးမဟုတ်ဘူးဆိုတာ သတိထားအုံး'

ကျောက်ဆန်းကျိုက ရယ်မောလိုက်ယင်း

'ရှင်တို့ကလဲ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်က လျှောင်အင်းနဲ့ ဝူစွမ်း မဟုတ်တော့ဘူးဆိုတာ ပြန်ပြီး သတိရပါအုံး'

လျှောင်အင်းက နှုတ်ခမ်းတချက်မဲ့လိုက်ပြီး

'ဆုရိဖုံးကို မင်းကသတ်လိုက်ကြောင်း ဆန့်ကွမ်းချုံးသာ သိယင်'

ကျောက်ဆန်းကျိုက -လျှောင်အင်း၏ စကားမဆုံးမီ ဖြတ်၍ ရယ်မောလိုက်ပြီး

'အခုအချိန်ဆို ဆန့်ကွမ်းချုံးဟာ သေ့းဝိညာဉ်ခြံသခင်လေးရဲ့ ရင်ခွင်ထဲ ရောက်နေရောပေါ့'

ဟု ပြောလိုက်လေသည်။

ဝူစွမ်းနှင့် လျှောင်အင်းတို့သည် မျက်နှာတချက်ပျက်သွားပြီး တယောက်မျက်နှာ တယောက် ကြည့်လိုက်လေသည်။

ထို့နောက် သူတို့သည်တိုင်ပင်ထားသည့်အလား ထိုင်ရာမှ ပြိုင်တူ ရပ်လိုက်လေသည်။



တဆက်တည်း သူတို့သည် ကျောက်ဆန်းကျိုထံသို့ ပြေးဝင်တိုက်ခိုက် လေတော့သည်။ သို့သော် ကျောက်ဆန်းကျို၏ သိုင်းဆရာများက လျှောင်အင်းနှင့်ဝူစွမ်းတို့ကို လမ်းမှဆီးကြို တိုက်ခိုက်လေတော့သည်။

လျှောင်အင်းနှင့်ဝူစွမ်းတို့၏လက်ထဲ၌ ယပ်တောင်တချောင်းစီမှအပ မည်သည့်လက်နက်မျှ မရှိပါ။

သို့သော်ယင်းယပ်တောင်များကပင် သိုင်းသမား၏ ဓားလှံလက်နက်များကို ကောင်းစွာ ကာကွယ်နိုင်ခဲ့လေသည်။

ထိုစဉ် ကျောက်ဆန်းကျို၏ ရယ်မောသံသည် အခန်းတခုလုံး ပျံ့လွင့်၍လာလေတော့သည်။ ထို့နောက် ကျောက်ဆန်းကျို ထိုင်နေသော ကုလားထိုင်သည် တဒီဒီမြည်ဟည်းကာ နံရံနောက်သို့ ရွှေ့လျားဝင်ရောက် ပျောက်ကွယ် သွားလေတော့သည်။

* * *

ကျောက်ဆန်းကျို၏ သိုင်းသမားဆယ်ယောက် အတုံးအရုံးလဲကျပြီ ဖြစ်သည်။ ကျန် သိုင်းသမားသုံးယောက်သည်လည်း လျှောင်အင်းနှင့် ဝူစွမ်းတို့အား ဆက်လက်မတိုက်ခိုက်ပဲ ထွက်ပြေးသွားပြီ ဖြစ်သည်။

လျှောင်အင်းနှင့်ဝူစွမ်းသည် တယောက်မျက်နှာတယောက် ကြည့်ပြီး ကျောက်ဆန်းကျိဝင်ရောက်ပျောက်ကွယ်သွားသော နံရံရှိရာသို့ လျှောက်သွားလေတော့သည်။

ထို့နောက် လျှောင်အင်းသည် နံရံပေါ်၌ လျှို့ဝှက်ခလုတ်ကို ရှာဖွေလိုက်သည်။ အတန်ကြာသောအခါ

'ထပ်....'

ဟူသော အသံတချက်ဖွဖွကလေးကြားလိုက်ရပြီး မကြာမီ တဒီဒီမြည်သံနှင့်အတူ နံရံပေါ်၌ လူတယောက် ဝင်သာရုံ အပေါက်တပေါက် ပေါ်လာလေတော့သည်။

လျှောင်အင်းသည် ဝူစွမ်းအားတချက်လှမ်း၍ကြည့်လိုက်ပြီး နံရံပေါက်ထဲသို့ ဝင်ရောက်သွား လေတော့သည်။

ဝူစွမ်းသည် ဘာမျှမပြောပဲ နောက်မှလိုက်၍ ဝင်သွားလေတော့သည်။

* * *

ရှည်လျားသော စင်္ကြံတလျှောက်၌ အလင်းရောင်သည် အနည်းငယ်သာ ရှိသည်။

စင်္ကြံ၏တဘက်၌ ကျောက်ဆန်းကျိသည် ရပ်တန့်၍နေလေသည်။ ဝူစွမ်းနှင့် လျှောင်အင်းတို့သည် ကျောက်ဆန်းကျိ





အား မြင်တွေ့သောအခါ တိုင်ပင်မထားပဲ နှစ်ယောက်သား ကျောက်ဆန်းကျိထံ ပြေးသွားလေတော့သည်။

သူတို့နှစ်ဦး စင်္ကြံ၏တဘက်သို့ ရောက်သောအခါ ကျောက်ဆန်းကျိ၏ အရိပ်အရောင်ကို မတွေ့ရချေ။

သို့သော် တဟားဟားဖြင့် ရယ်မောခဲ့သော ကျောက်ဆန်းကျိ၏ ရယ်သံသည်သာ ပဲ့တင်ထပ်၍ ကျန်ခဲ့လေသည်။

ထိုစဉ် ရုတ်တရက် ဝူစွမ်းနှင့်လျှောင်အင်းတို့၏ ခြေထောက်အောက်မှ ကြမ်းပြင်သည် ပွင့်၍သွားပြီး ဝူစွမ်းနှင့် လျှောင်အင်းတို့၏ ခန္ဓာကိုယ်သည် အောက်သို့ကျွံကျသွားလေတော့သည်။

* * *

ပွင့်နေသော ကြမ်းပေါက်ဝ၌ ကျောက်ဆန်းကျိ၏မျက်နှာ ပေါ်လာလေသည်။ ဝူစွမ်းနှင့်လျှောင်အင်းတို့သည် ကျောက်ဆန်းကျိအား တချက် မော့၍ကြည့်လိုက်သည်။

ထိုစဉ် ကျောက်ဆန်းကျိက တချက်ရယ်မောလိုက်ပြီး

'ရှင်တို့အတွက် ထောင်ချောက်ထဲမှာ အဖော်တွေ ရှိပါတယ်'

ဟု ပြောလိုက်လေသည်။

ထို့နောက် သူမ၏မျက်နှာသည် ကြမ်းပေါက်ဝမှ ပြန်လည်ပျောက်ကွယ်သွားလေတော့သည်။

မကြာမီ ကြမ်းမှ အံဖုံးတံခါးသည် ပြန်လည်၍ ပိတ်သွားလေတော့သည်။ ထို့ကြောင့် သားရဲတွင်းထဲ၌ မှောင်မည်း၍သွားလေတော့သည်။

ဝူစွမ်းသည် တောက်တချက် ခေါက်လိုက်ပြီး အိတ်ထဲမှ မီးခြစ်ဆံကို ထုတ်ယူကာ မီးခြစ်လိုက်လေသည်။

ထိုအချိန်တွင် သားရဲတွင်းထဲ၌ လေချွန်သံများ သဲ့သဲ့ကြားလိုက်ရလေသည်။ ဝူစွမ်းနှင့် လျောင်အင်းသည် မီးခြစ်ဆံမှ မီးရောင်ဖြင့် သားရဲတွင်းမှ လှုပ်ရှားနေသောအရာများကို မြင်တွေ့သောအခါ အံ့သြ၍ မျက်လုံးများ ပြူးကျယ်၍သွားလေတော့သည်။

အကြောင်းမှာ သားရဲတွင်း၏ နံရံများသည် စကာကဲ့သို့ အပေါက်များစွာရှိပြီး ထိုအပေါက်များထဲမှ အဆိပ်ပြင်းသော မြွေများ တကောင်ပြီးတကောင် ပေါ်ထွက်လာသောကြောင့် ဖြစ်သည် မဟုတ်ပါလော။



မြွေများသည် တကောင်နှစ်ကောင် မဟုတ်ပါ။ တဖြည်းဖြည်းနှင့် သားရဲတွင်းထဲ၌ မြွေပေါင်း တရာနှစ်ရာမက ပေါ်ထွက်လာလေတော့သည်။

ထို့နောက် များမကြာမီ ဝူစွမ်းနှင့် လျောင်အင်းတို့၏ အော်ဟစ်သံသည် ကြမ်းပြင်မှ အံဖုံးတံခါးကို ထိုးဖောက်၍ ပေါ်ထွက်လာလေတော့သည် မဟုတ်ပါလော...

ကျောက်ဆန်းကျိသည် နှစ်ခြိုက်စွာပြုံး၍ ဝူစွမ်းနှင့် လျောင်အင်းတို့၏ အော်ဟစ်သံတို့ကို နားထောင် နေလေတော့သည် မဟုတ်ပါလော။

* * *

## "သွေးဝိညာဉ်ခြံ"

မိုပေအရပ်။

မိုပေအရပ်၏ တောင်ဘက်ပိုင်းမှ ခြံဝင်းတခုသည် ရောင်စုံမီးပုံးများဖြင့် ထွန်းညှိထားသည်။

ခြံဝင်းထဲ၌ ပျော်ရွှင်စွာ ကခုန်နေသူများ၊ ခေါင်းမထောင်နိုင်အောင်ပင် အရက်မူးလွန်နေသူများကို တွေ့ရပေမည်။

မည်သို့ပင် ဆိုပါစေ၊ ဤခြံဝင်းအတွင်းရှိ လူတိုင်းသည် ပျော်ရွှင်နေသည် မဟုတ်ပါလော

မည်သူမဆို မိမိတို့ခြံပိုင်ရှင်သခင်လေး၏ မင်္ဂလာပွဲ၌ မပျော်ပဲ နေနိုင်မည်မဟုတ်ပါ။





သို့ဖြစ်၍ ခြံဝင်းထဲရှိလူတိုင်းသည် ပျော်ရွှင်နေကြခြင်းပင် ဖြစ်ပါသည်။ အားလုံးထက်ပို၍ ပျော်ရွှင်နေသူမှာ....

ဤ သွေးဝိညာဉ်ခြံပိုင်ရှင် စီထူမန်ပင် ဖြစ်ပါတော့သည်။

*　　*　　*

သွေးဝိညာဉ်ခြံပိုင်ရှင် စီထူမန်သည် ပြုံးရွှင်သောမျက်နှာဖြင့် ဧည့်သည်များကို လိုက်၍ နှုတ်ဆက်နေသည်။

အသက် ၆၀ ကျော်နေပြီဖြစ်သော်လည်း စီထူမန်၏ ဆံပင်သည် နက်ပြောင်နေဆဲဖြစ်သည်။ သူ၏ အသား အရေမှာလည်း သာမန် တောင့်တင်းဆဲ ဖြစ်ပါသည်။

သို့သော် စီထူမန်၏သားကမူ ဖခင်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ စီထူမန်၏သား သွေးဝိညာဉ်ခြံ သခင်လေး စီထူဝန်သည် ငယ်စဉ်ကတည်းက ချူချာသဖြင့် ကျန်းမာရေး ပြည့်စုံကောင်းမွန်သူမဟုတ်ချေ။

ငယ်စဉ်က ကျောက်ရောဂါဖိစီးသဖြင့် စီထူဝန်၏ မျက်နှာတခုလုံးသည် ကျောက်ပေါက်မာများဖြင့် အကျည်းတန်နေလေသည်။

သို့ဖြစ်၍လည်း စီထူမန်သည် သူ၏သားအတွက် သတို့သမီးရှာမရခဲ့ချေ။ တနေ့ ရိပိန်တောင်မှ ကျောက်ဆန်းကျိက စီထူမန်အား သတို့သမီးတဦး ရှောင်းခဲ့လေသည်။

ထိုသတို့သမီးမှာ ရုပ်ရည် လှပချောမောရှိ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်ပြေပြစ်သော ဆန့်ကွမ်းချုံးပင် ဖြစ်သည်မဟုတ်ပါလော။

မည်သို့ပင်ဆိုပါစေ စီထူမန်သည် မိမိ၏သားအတွက် သတို့သမီးရရှိပြီဖြစ်၍ ပျော်ရွှင်နေသည် မဟုတ်ပါလော။

ထိုစဉ်.... ရုတ်တရက်

'အား'

ဟူသောအော်ဟစ်သံသည် သွေးဝိညာဉ်ခြုံတခုလုံးအား ဖုံးလွှမ်းသွားလေတော့သည်။

*

စီထူမန်၏ခန္ဓာကိုယ်သည် တဒင်္ဂမျှ ကျောက်ဆစ်ရုပ်ကဲ့သို့ တောင့်တင်း၍ သွားလေသည်။ အတန်ကြာမှ စီထူမန်သည် အော်သံကြားရာသို့ တဟုန်ထိုး ပြေးသွားလေတော့သည်။

အကြောင်းမှာ အော်ဟစ်သံ ထွက်ပေါ်လာသော နေရာသည် စီထူဝန်၏အိပ်ခန်းမှ ဖြစ်သည်မဟုတ်ပါလော။

* * *

'ဝုန်း'

ဟူသောအသံနှင့်အတူ စီထူဝန်၏အခန်းတံခါးသည် ကျိုးပဲ့၍သွားလေသည်။ ထို့နောက် ကျိုးပဲ့သွားသော တံခါးပေါက်မှ စီထူမန် ဝင်ရောက်လာလေသည်။





စီထူမန်သည် အခန်းထဲသို့ရောက်သည်နှင့်တပြိုင်တည်း စီထူဝန်၏အိပ်ခန်းသို့ တဆက်တည်း ဝင်ရောက်လိုက်လေသည်။

စီထူဝန်၏ အိပ်ခန်းသို့ရောက်သောအခါ စီထူမန်၏မျက်နှာသည် ပြိုတော့မည့်မိုးကဲ့သို့ မည်းမှောင်လာလေတော့သည်။

အကြောင်းမှာ စီထူမန်၏သား စီထူဝန်သည် ခုတင်ပေါ်၌ ကန့်လန့်ဖြတ်လဲကျနေပြီး စီထူဝန်၏ခန္ဓာကိုယ်ပေါ်မှ သွေးများက ဖြူဖွေးသောအိပ်ရာခင်းကို နီရဲစေသည်မဟုတ်ပါလော

စီထူမန်သည် ခုတင်ပေါ်မှ သေဆုံးနေသော သူ၏သားအား တချက်ကြည့်လိုက်သည်။ ထို့နောက် သူ၏မျက်နှာသည် တင်းမာသွားပြီး အခန်းအား တချက်ဝေ့ကာ ဆန့်ကွမ်းချုံးကို ရှာဖွေလိုက်သည်။

သို့သော် ဆန့်ကွမ်းချုံး၏ အရိပ်အရောင်ကိုပင် မတွေ့ရချေ။ စီထူမန်သည် အိပ်ခန်းတခုလုံးအား လှည့်ပတ်ရှာဖွေလေသည်။

ထိုစဉ် စီထူမန်သည် အိပ်ခန်း၏အနောက်ဘက်မှ ပြတင်းပေါက်ပွင့်နေသည်ကို သတိပြုမိလိုက်သည်။ ထို့ကြောင့် သူသည် ထိုပွင့်နေသော ပြတင်းပေါက်သို့ ပြေးသွားကာ ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်သည်နှင့် သူသည် ဤပြတင်းပေါက်မှ ဆန့်ကွမ်းချုံး ထွက်ပြေးသွားကြောင်း သိလိုက်လေတော့သည်။

အကြောင်းမှာ ခန်းဆီးစများကို တခုနှင့်တခု ဆက်လျက်ကြိုးသဖွယ် ပြုလုပ်ထားသော ခန်းဆီးစများသည် ပြတင်းပေါက်မှ မြေပြင်ပေါ်သို့ တွဲလောင်းကျကာ လှုပ်ယမ်းနေသည်မဟုတ်ပါလော။

ထို့ကြောင့် စီထူမန်သည် ဆန့်ကွမ်းချုံး ထွက်ပြေးသည်မှာ မကြာသေးကြောင်း ရိပ်မိကာ ပြတင်းပေါက်မှ သူ၏ သိုင်းသမားများကို အော်ဟစ် ခေါ်လိုက်ပြီး ဆန့်ကွမ်းချုံးကို ခြံဝင်းထဲ အနှံ့ရှာဖွေရန် အမိန့်ပေးလိုက်လေသည်။

ထို့နောက် သူသည် ဒေါသတကြီး ဖြင့် အိပ်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

စီထူမန် ထွက်ခွာသွားပြီး မကြာမီ အိပ်ခန်းအတွင်းမှ ဗီရို တခု၏ တံခါးသည် ဖြည်းညင်းစွာ ပွင့်ဟလာလေတော့သည်။

ထို့နောက် ယင်းဗီရိုအတွင်းမှ ရှောင်မီဂူ ထွက်ပေါ်လာလေတော့သည်။

သူမ၏လက်ထဲ၌ သွေးစွန်းသော ဓားတလက် ကိုင်ထားပြီး သူမ၏ မျက်နှာပေါ်၌ ကောက်ကျစ်သော အပြုံးက နေရာယူထားလေသည်။

* * *

“ရှန့်ရှက် စားသောက်ဆိုင်”

လိုရမ်းတိုးမြို့။

ရှန့်ရှက် စားသောက်ဆိုင်တခု။

အစားအသောက် ညံ့သည်။ လိုရမ်းတိုး တမြို့လုံး၌ ဤဆိုင်သည် အစားအသောက် အညံ့ဖျင်းဆုံးဆိုင် ဖြစ်သည်။

သို့သော် ဤဆိုင်သည် လိုရမ်းတိုးမြို့၌ လူအစည်ကားဆုံးသော စားသောက်ဆိုင်ဖြစ်သည်။ အကြောင်းမှာ ဤဆိုင်တွင် သိုင်းလောက၏ သတင်းထူး၊ သတင်းဦး၊ သတင်းပေါင်းစုံကို ကြားရသောကြောင့် ဖြစ်ပါသည်။

ယခု ဤဆိုင်သည် ယခင်ထက် လူနှစ်ဆမျှ ပို၍စည်ကားနေလေသည်။ ဤသို့ စည်ကားနေခြင်းမှာ သတင်းထူးတခုကြောင့်ပင် ဖြစ်ပါသည်။

F.8

ထိုသတင်းမှာ ကျန်မင်ရှောင်ယောင် တောင်ကြား မှ လက်ထပ်ပွဲကို ပျက်ပြားစေသည့် သတို့သမီး ဆန့်ကွမ်းချုံး၏ သတင်းပင် ဖြစ်ပါသည်။

ဆန့်ကွမ်းချုံးသည် ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်အား လက်မထပ်လို၍ ထွက်ပြေး တိမ်းရှောင် ခဲ့သော်လည်း ဆန်ဝန်ကျက်က ဖမ်းဆီး၍ လှိုရမ်းတိုးမြို့ရှိ ရွှေနဂါးဌာနခွဲ တခု၌ ချုပ်ထားကြောင်း…

ဆန့်ကွမ်းချုံးက ဆန်ဝန်ကျက်အား သူမ၏ ချစ်သူ ကျကျန်ရှန့်နှင့် သိုင်းပညာ ယှဉ်ပြိုင်၍ အနိုင်ရလျှင် လက်ထပ်မည် ဖြစ်ကြောင်း စသည့် သတင်းထူးကြောင့်ပင် ဖြစ်ပါသည်။

ယင်းသတင်းသည် တရက် နှစ်ရက်အတွင်း တောမီး လောင် သကဲ့သို့ ပျံ့နှံ့သွားပြီး အနယ်နယ် အရပ်ရပ်မှ သိုင်းသမား များသည် လှိုရမ်းတိုးမြို့သို့ ရောက်ရှိလာလေတော့သည်။

ထို့ကြောင့် ဤ စားသောက် ဆိုင် သည် ယခင်ထက် လူ နှစ်ဆ၍ ပို၍ စည်ကားနေခြင်းပင်ဖြစ်သည် မဟုတ်ပါလော။

ထိုလူများထဲ၌ ကုန်းစွန်းယန်း တယောက်လည်း ပါဝင် ပေသည် မဟုတ်ပါလော။

* *





တချို့က ရွှေနဂါးသိုင်းသမား၏ ရွှေနဂါး ဓားသိုင်းကို ကြည့်လို၍ ရောက်ရှိခြင်းဖြစ်သည်။ တချို့က ကျကျန်ရှန့်ကို မြင်လို၍ဖြစ်သည်။

တချို့က ဆန့်ကွမ်းချုံး မည်မျှ လှပကြောင်း သိလို၍ ဖြစ်သည်။ မည်သို့ပင်ဆိုပါစေ။

ဆန်ဝန်ကျက်ကို ယှဉ်ပြိုင်ရဲသည့် ကျကျန်ရှန့်ကို တွေ့မြင်လိုသူများက ပို၍များပြားလေသည်။

ထိုလူများထဲ၌ ကုန်း စွန်း ယန်း လည်း ပါဝင် ပေသည်။ အကြောင်းမှာ သူသည် တတိယ ရွှေနဂါးမျိုးဆက်ကို မြင်တွေ့လိုသည် မဟုတ်ပါလော။

* * *

ကုန်းစွန်းယန်းသည် ရှန့်ရှက် စားသောက်ဆိုင်၏ ထောင့်စားပွဲ၌ တယောက်တည်း ထိုင်နေသည်။ သူ့ရှေ့ရှိ စားပွဲပေါ်တွင် ဝါးရွက်စိမ်းနှစ်ချို့ အရက်တအိုးရှိနေပြီး စားသောက်ရန် ဟင်းလျာများက အေးစက်နေပြီ ဖြစ်ပါသည်။

စားသောက်ဖွယ်ရာများ စားပွဲပေါ်သို့ ရောက်ရှိနေသည်မှာ ကြာပြီဖြစ်သော်လည်း ယခုထိ ကုန်းစွန်းယန်းသည် စားသောက်ခြင်း မရှိသေးပါ။

သူသည် ဆိုင်ထဲမှ ပြောဆိုနေသော စကားသံများကိုသာ စိတ်ဝင်တစား နားထောင်နေပါသည်။

ယခု သူ၏ ပုံပန်းသဏ္ဌာန်မှာ အသက်(၄၀)ခန့်ရှိ မင်းမှုထမ်း တယောက်၏ အသွင်သဏ္ဌာန်မျိုး ဖြစ်ပါသည်။ သူ၏ခန္ဓာကိုယ်ပေါ်မှ ပိုးဖဲအင်္ကျီက အဆင့်အတန်းရှိသော မင်းမှုထမ်း တဦး အသွင် ပို၍ထင်ရှားနေစေလေသည်။

သူ၏နောက်ကျောတွင် ဓားရှည်တလက်ကို လွယ်ထားလေသည်။

* * *

ကုန်းစွန်းယန်း၏ စားပွဲနှင့် မလှမ်းမကမ်း၌ လူနှစ်ယောက်သည် ကုန်းစွန်းယန်းအား မသိမသာ အကဲခတ်နေလေသည်။

ထိုလူနှစ်ယောက်သည် လိုရမ်းတိုးမြို့မှ လူရုပ် လူပွေနှစ်ဦး ဖြစ်ပါသည်။ ထိုလူနှစ်ယောက်မှာ ကြွက်မျက်စိ ဒန်ဖုနှင့် ဂျပိုး မာလောင်ချစ်တို့ပင် ဖြစ်ပါသည်။





ကြွက်မျက်စိဒန်ဖုက သူ၏ခြေထောက်ဖြင့် မာလောင်ချစ်၏ခြေထောက်ကိုတချက်ဆက်ကန် ကန်လိုက်ပြီး…

'မာလောင်ချစ် ဟိုလူကို မင်းဘယ်လိုမြင်သလဲ'

ဟု လေသံနိမ့်၍မေးလိုက်လေသည်။

ဓားလောင်ချစ်က ကုန်းစွန်းယန်း အား မသိမသာ အကဲခတ်ကြည့်နေရာမှ တိုးတိုးလေသံဖြင့်….

ကျကျန်ရှန့်ကလွဲလို့ ဘယ်သူရှိဦးမလဲ'

ဟု ပြောလိုက်လေသည်။

ထို့နောက် မကြာမီအချိန်အတွင်း၌ပင်ရှန့်ရှက်စားသောက်ဆိုင်၌ ကျကျန်ရှန့် ရောက်ရှိနေသည်၊ ဆိုသော သတင်းသည် လိုရမ်းတိုးမြို့ တမြို့လုံးသို့ ပျံ့နှံ့သွားလေတော့သည် မဟုတ်ပါလော…

* * *

လိုရမ်းတိုးမြို့ရှိ ရွှေနဂါးဌာနခွဲ၊

ဌာနခွဲမှူး လိုမင်းချူးသည် ပျဉ်းရိစွာ တချက် သန်းဝေလိုက်ပြီး စာကြည့်စားပွဲမှ ထလိုက်လေသည်။

ထို့နောက်…သူသည် စားပွဲပေါ်မှ ကဗျာစာအုပ်ကို ပိတ်လိုက်လေသည်။ အမှန်မှာ သူသည် စာပေ၊ အလင်္ကာ၊ ကဗျာတို့ကို စိတ်ဝင်စားသူမဟုတ်ချေ။

သို့သော် သူသည် ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်ကဲ့သို့ ဟိတ်ဟန်လုပ်၍ စာပေ၊ ကဗျာများကို ဖတ်ရှုခြင်း ဖြစ်သည်။

သို့ရာတွင် သူသည်မည်သည့်အခါမျှ ကဗျာစာအုပ် တအုပ်၏စာရွက်နှစ်ရွက်ကုန်အောင် မဖတ်ဖူးချေ။

သူသည် ခါးတချက်အညောင်းဆန့်လိုက်ပြီးနောက် စားပွဲပေါ်မှ အရက်ခွက်ကို လှမ်းယူလိုက်လေသည်။

ထိုစဉ် သူ၏အခန်းတံခါးခေါက်သံ ပေါ်ထွက် လာလေတော့သည်။ ထို့ကြောင့် သူသည် လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်၍ချထားလိုက်ပြီး တီးတိုးတချက် ကျိန်ဆဲလိုက်သည်။ ပြီးမှ

'ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

တံခါးအပြင်ဘက်မှ

'ကျင်းယုံပါ'

ဟု ဖြေကြားသံ ပေါ်ထွက်လာလေသည်။

ကျင်းယုံသည် လိုရမ်းတိုးဌာနခွဲမှ အထောက်တော်တဦး ဖြစ်ပါသည်။ ထို့ကြောင့် လိုမင်းချူးသည် အခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။





ကျင်းယုံသည် အခန်းထဲသို့ဝင်ရောက်လိုက်ပြီးတဆက်တည်း လိုမင်းချူးအား ဦးညွှတ်၍ အရိုအသေ ပြုလိုက်လေသည်။ လိုမင်းချူးက ဦးခေါင်းကို တချက်ညိတ်လိုက်ပြီး....

'ဘာအကြောင်းထူးသလဲ'

ဟု မေးလိုက်လေသည်။

ကျင်းယုံက တချက်ပြုံးလိုက်ပြီး

'ရှန့်ရှက်စားသောက်ဆိုင်မှာ ကျကျန်ရှန့် ရောက်နေတယ်'

ဟု ပြောလိုက်လေသည်။

ကျင်းယုံ၏ စကားကြောင့် လိုမင်းချူး၏ ပါးစပ်သည်ဟ၍ သွားလေသည်။ ထို့နောက်လိုမင်းချူးသည် မျက်မှောင်ကြုတ်ယင်း…

'သေချာရဲ့လား'

ဟု မေးလိုက်လေသည်။

ကျင်းယုံက ဦးခေါင်းကိုညိတ်လိုက်ကာ…

'သေချာပါတယ်'

ဟု ဖြေလိုက်လေသည်။

လိုမင်းချူးက ဦးခေါင်းကိုညိတ်လိုက်ပြီး…

'ကောင်းပြီ မင်းသွားတော့'

ဟု အမိန့်ပေးလိုက်လေသည်။

လိုမင်းချူး၏ အမိန့်သံဆုံးသည်နှင့် ကျင်းယုံသည် အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

လိုမင်းချူးသည် အတန်ကြာမှသက်ပြင်းတချလိုက်ပြီး သူ
၏ဓားကို ဆွဲယူလိုက်လေသည်။

ထို့နောက် အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

ဤနေရာသည် လိုရမ်းတိုးမြို့၏ တောင်ဘက်ပိုင်းတနေရာ
ဖြစ်ပါသည်။

မြို့စွန်ဖြစ်၍ လူသွား လူလာ ကျဲသောနေရာလည်း ဖြစ်ပါ
သည်။

လိုမင်းချူးသည် ထိုနေရာသို့ ရောက်သောအခါ၊ မိမိ၏
နောက်သို့ တချက်လှည့်၍ကြည့်လိုက်သည်။

မိမိ၏နောက်၌ မည်သူမျှလိုက်ပါလာသည်ကို မတွေ့မှ သူ
သည် ဝဲဘက်လမ်းအတိုင်း ချိုးကွေ့ဝင်ရောက်သွားလေသည်။

အတန်ကြာသောအခါ၊ လိုမင်းချူးသည် ကြီးမားသော
ခြံဝင်းတခုသို့ ရောက်ရှိသွားလေတော့သည်။

ခြံဝင်းအတွင်းသို့ ရောက်သောအခါ၊ ခြံစောင့်ကသူ့အား
ဧည့်ခန်းထဲသို့ လိုက်၍ ပို့ဆောင်ပေးလေသည်။

လိုမင်းချူး ဧည့်ခန်းသို့ရောက်ပြီး မကြာမီမှာပင် အပေါ်
ထပ်မှ ဆန်ဝန်ကျက်ဆင်းသက်လာလေတော့သည်။

* * *



ဆန်ဝန်ကျက်က လိုမင်းချူးပြောပြသမျှကို တိတ်ဆိတ်စွာ
နားထောင်နေလေသည်။

ပြီးမှ၊ ဆန်ဝန်ကျက်သည် မဲ့ပြုံးတချက်ပြုံးလိုက်ယင်း

'ဒီကျကျန်ရှန့်ဆိုတဲ့လူက ဘာဖြစ်လို့ မင်းတို့ရဲ့ဌာနခွဲကို
မလာတာလဲ'

ဟု မေးလိုက်လေသည်။

လိုမင်းချူးက သူ၏ပခုံးကို တချက်တွန့်လိုက်ပြီး။

'ရှန့်ရှက်မှာတည်းခိုပြီး သတင်းစုံစမ်းနေတာ ဖြစ်မယ်ထင်
တယ်'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်က ဦးခေါင်းကိုတချက်ခါယမ်းလိုက်ပြီး။

'ဘာပဲဖြစ်ဖြစ် ကျကျန်ရှန့်ဟာ ဆန့်ကွမ်းချုံးအတွက် မင်း
တို့ရဲ့ဌာနခွဲကို လာရမယ်၊ ဆန့်ကွမ်းချုံးကိုရှာရမယ်'

ဟု ပြောလိုက်လေသည်။

လိုမင်းချူးက ဘာမျှ ပြန်လည်၍မပြောပါ။

အတန်ကြာမှ ဆန်ဝန်ကျက်က တချက်ပြုံးလိုက်ပြီး

'အင်း ကျကျန်ရှန့်က ကျုပ်ကိုယှည်ပြိုင်ချင်တဲ့ဆန္ဒ ရှိတယ်
နဲ့တူတယ်'

'ကဲ ဒီလိုလုပ်'

ဟု ပြော၏။

ဆန်ဝန်ကျက်သည် ဧည့်ခန်းမှစားပွဲတွင် ဝင်ရောက်ထိုင်
လိုက်ပြီး စားတကြောင်းနှစ်ကြောင်း ရေးခြစ်လိုက်လေသည်။

ပြီးမှ၊ သူသည် လိုမင်းချူးထံ စာကိုလှမ်းပေးလိုက်ယင်း

'ရော့ မင်းဒီစာကို ကျကျန်ရှိန့်ကို သွားပေးချေ'
ဟု ခိုင်းစေလိုက်လေသည်။

လိုမင်းချူးက ဆန်ဝန်ကျက်ကမ်းပေးသောစာကို လှမ်းယူလိုက်ပြီး ညှဲခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

* * *

လိုမင်းချူးသည် ကျကျန်ရှိန့်ရှိရာ ရှန့်ရှက်စားသောက်ဆိုင်သို့သွားရန် စိတ်ကူးလိုက်သည်။

ပြီးမှ သူသည် သူ၏စိတ်ကူးကို ပြောင်းလဲကာ မိမိ၏လို့ရမ်းတိုးဌာနခွဲသို့ အယင်ပြန်လေသည်။

လို့ရမ်းတိုးဌာနခွဲသို့ ရောက်သောအခါ၊ လိုမင်းချူးသည် မိမိ၏ လက်ရွေးစင်သိုင်းသမား ၃ ဦးအား မိမိနှင့်လိုက်ပါရန် မှာကြားလိုက်လေသည်။

ထို့နောက် သူသည် သူ၏အခန်းသို့ အဝတ်အစားလဲလှယ်ရန် ဝင်ရောက်လိုက်လေသည်။

* * *



အခန်းထဲသို့ လိုမင်းချူးဝင်ရောက်လိုက်သည်နှင့် သူ၏ခန္ဓာကိုယ်တခုလုံးသည် အေးစိမ့်သွားသည်ဟု ခံစားလိုက်ရလေသည်။

ထို့ကြောင့် လိုမင်းချူးသည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး အခန်းအား တချက်ဝေ့ကြည့်လိုက်လေသည်။

အခန်းတခုလုံးသည် ခြေရာလက်ရာမပျက် ရှိနေသည်။

အေးစိမ့်သောပြင်ပမှလေသည် ပြတင်းပေါက်မှ ဝင်ရောက်လာကာ လိုမင်းချူးအား အေးစိမ့်စေလေသည်။

လိုမင်းချူးသည် ပွင့်နေသော ပြတင်းပေါက်တံခါးကို ကြည့်ယင်း မျက်မှောင်ပို၍ ကြုတ်လိုက်လေသည်။

အကြောင်းမှာ ဤပြတင်းပေါက်တံခါးသည် သူထွက်သွားစဉ်က ပိတ်၍ထားခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် လိုမင်းချူးသည် ဓားအိမ်မှ ဓားကို ဆွဲထုတ်လိုက်လေသည်။ ထိုစဉ် အိပ်ခန်းမှ ကန့်လန့်ကာသည် အနည်းငယ် လှုပ်၍သွားသည်ကို လိုမင်းချူး သတိပြုမိလိုက်သည်။

ထို့ကြောင့် လိုမင်းချူးသည် အိပ်ခန်းဘက်သို့ ဖြည်းညင်းစွာ ချဉ်းကပ်သွားလေသည်။

ထို့နောက် ကန့်လန့်ကာကို ရုတ်တရက် ဆွဲဖယ်လိုက်လေသည်။ သို့သော် ကန့်လန့်ကာ၏နောက်၌ မည်သူမျှရှိမနေချေ။

ထိုစဉ် အခန်းထဲမှ ဗီရိုတခု၏ တံခါးချပ်သည် အနည်းငယ် လှုပ်ရှားသွားသည်ဟု လိုမင်းချူး စိတ်ထဲ၌ ထင်လိုက်မိသည်။

ထို့ကြောင့် လိုမင်းချူးသည် ဗီရို ရှိရာသို့ လျင်မြန်စွာ ချဉ်းကပ်သွားလေသည်။

ထို့နောက် ကန့်လန့်ကာကို ရုတ်တရက် ဆွဲဖတ်လိုက်လေသည်။ သို့သော် ကန့်လန့်ကာ၏ နောက်ကျော၌ မည်သူမျှ ရှိမနေချေ။

ထိုစဉ် အခန်းထဲမှ ဗီရိုတခု၏ တံခါးချပ်သည် အနည်းငယ် လှုပ်ရှားသွားသည်ဟု လိုမင်းချူး စိတ်ထဲ၌ ထင်လိုက်မိသည်။

ထို့ကြောင့် လိုမင်းချူးသည် ဗီရိုရှိရာသို့ လျင်မြန်စွာ ချဉ်းကပ်သွားပြီး တဆက်တည်း ဗီရို တံခါးကို ဆွဲဖွင့်ကာ ဓားဖြင့် ခုန်ပိုင်းကာ ရည်ရွယ်လိုက်လေသည်။

ထိုစဉ် ရုတ်တရက်....

ဗီရိုတွင်းမှ....

'ညောင်'

ဟူသော အော်သံနှင့်အတူ ကြောင်တကောင် ထွက်လာလေသည်။

လိုမင်းချူးသည် တချက်ပြုံးလိုက်ပြီး ဓားကို ဓားအိမ်ထဲသို့ ပြန်လည်သိမ်းဆည်းလိုက်လေသည်။

ထို့နောက် သူသည် ဗီရိုတံခါးကို ပြန်လည် ပိတ်လိုက်ပြီး အိပ်ခန်းထဲမှ ထွက်ခွာသွားရန် နောက်သို့ လှည့်လိုက်လေသည်။ ယင်းသို့ လှည့်လိုက်သည်နှင့်တပြိုင်တည်း သူ၏မျက်လုံးများသည် ပြူးကျယ်၍ သွားလေတော့သည်။

အကြောင်းမှာ သူ၏ရှေ့တွင် မျက်နှာဖုံး စွပ်ထားသော လူတယောက် ရပ်တန့်နေသည် မဟုတ်ပါလော။

လိုမင်းချူးသည် ထိုလူအား မြင်တွေ့သည်နှင့် ထိတ်လန့်ကာ မိမိ၏ဓားကို ဆွဲထုတ်လိုက်လေသည်။



သို့သော် လိုမင်းချူး၏ လက်က ဓားရှိရာသို့ မရောက်မီ မျက်နှာဖုံးနှင့် လူ၏လက်သည် လျှပ်တပြက် လှုပ်ရှားသွားပြီး အေးစက်သော ဓားဖျားတခုက လိုမင်းချူး၏ လည်ပင်းသို့ ထိတွေ့လာလေတော့သည်။

* * *

ကြွက်မျက်စိ ဒန်ဖုသည် ရှန့်ရှက် စားသောက်ဆိုင်သို့ ဝင်ရောက်လာသော လူ(၃)ဦးကို မြင်တွေ့လိုက်သည်နှင့် ထိုင်ရာမှ ထလိုက်လေသည်။

မာလောင်ချစ်သည် ကြွက်မျက်စိဒန်ဖု ကြည့်ရာသို့လှမ်း၍ ကြည့်လိုက်သည်။ ယင်းသို့ ကြည့်လိုက်သည်နှင့် တပြိုင်တည်း မာလောင်ချစ်သည် အလိုအလျောက် ထိုင်ရာမှ ထလိုက်လေတော့သည်။

သူသည် ရှန့်ရှက် စားသောက်ဆိုင်သို့ ဝင်ရောက်လာသော လူသုံးဦးကို မြင်တွေ့လိုက်သည် မဟုတ်ပါလော။

ထို့ပြင် လူသုံးဦးသည် လှို့ရမ်းတိုးဌာနခွဲမှ လူများ ဖြစ်ကြောင်း သိလိုက်သည် မဟုတ်ပါလော။

* * *

ကြက်မျက်စိဒန်ဖုက ထိုလူသုံးဦးထံ လျှောက်သွားပြီး ခရီးဦးကြို ပြုလိုက်သည်။

ထို့နောက် သူသည် ထိုလူသုံးဦးအား ကုန်းစွန်းယန်း ထိုင်နေသော စားပွဲသို့ ညွှန်ပြလိုက်လေသည်။

ထိုလူသုံးဦးက ကြက်မျက်စိ ဒန်ဖုအား အာမျှ ပြန်သည် ပြောဆိုခြင်းမပြုပဲ ကုန်းစွန်းယန်း ထိုင်နေသော စားပွဲသို့ လျှောက်လာလေသည်။

ထိုလူသုံးဦးအနက် ရှေ့ဆုံးမှ လျှောက်လာသူက ကုန်းစွန်းယန်း၏ အနီးသို့ ရောက်သောအခါ သူ၏ လက်နှစ်ဘက်ကို ဆုပ်၍ အရိုအသေပြုယင်း…

'လှိုရမ်းတိုးဌာနခွဲက ဌာနခွဲမှူး လိုမင်းချူးဖြစ်ပါတယ်။ ကျကျန်ရှန့်အတွက် သတင်းပေးပို့ရန် ရောက်လာခြင်း ဖြစ်ပါတယ်'

ဟု ရိုသေလေးစားစွာ ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက ရုတ်တရက် ရယ်ချင်စိတ် ဖြစ်ပေါ်လာသည်။ လူတိုင်းက မိမိအား ကျကျန်ရှန့်အဖြစ် အောက်မေ့နေကြသဖြင့် ရယ်မောလိုက်ခြင်း ဖြစ်ပါသည်။

သို့သော် ကုန်းစွန်းယန်းသည် ရယ်မောလိုစိတ်ကို ထိန်းချုပ်ထားလိုက်သည်။

အကြောင်းမှာ လူတိုင်းက မိမိအား ကျကျန်ရှန့်အဖြစ် ထင်နေခြင်းသည် မိမိက ဆန်ဝန်ကျက်အား တွေ့ဆုံရန် အခွင့်အရေးတရပ် ဖြစ်သောကြောင့်ပင် မဟုတ်ပါလား။





ထို့ကြောင့် ကုန်းစွန်းယန်းက ချော်လဲရောထိုင်ဆိုသကဲ့သို့ လိုမင်းချူးအား ပြုံး၍ပြလိုက်ပြီး…

'ဘာသတင်းများပါလိမ့်'

ဟု မေးလိုက်လေသည်။

လိုမင်းချူးက မိမိ၏ ရင်ဘတ်ကြားမှ စာတစောင်ကိုထုတ်ယူလိုက်ပြီး ကုန်းစွန်းယန်းအား ရိုသေစွာကမ်းပေးယင်း

'မင်းသား ဆန်ဝန်ကျက်က ကျကျန်ရှန့်ကို လှိုရမ်းတိုးဌာနခွဲလာဖို့ ဖိတ်ကြားစာဖြစ်ပါတယ်'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက လိုမင်းချူး၏ လက်ထဲမှစာကို လှမ်း၍ ယူလိုက်ပြီး ဖတ်လိုက်လေသည်။

ပြီးမှ သူသည် စားသောက်ဆိုင် တဆိုင်လုံးအား တချက်ဝေ့ကြည့်လိုက်သည်။ စားသောက်ဆိုင်တဆိုင်လုံးရှိ လူများ၏ မျက်လုံးပေါင်းများစွာသည် မိမိတို့အား ကြည့်ရှုနေကြောင်း ကုန်းစွန်းယန်း သိလိုက်လေသည်။

ထို့ကြောင့် ကုန်းစွန်းယန်းက ကြည်လည်သောအသံဖြင့်…

'ကျုပ်က လှိုရမ်းတိုးဌာနခွဲကို သွားချင်ယင် စောစောကတည်းက ခင်ဗျားတို့ဆီ ကျုပ်ရောက်နေမှာပေါ့'

ဟု ပြောလိုက်လေသည်။

လိုမင်းချူးက တချက်ပြုံးလိုက်ပြီး

'ဆရာကျကျန်ရှန့်က မင်းသား ဆန်ဝန်ကျက်နဲ့ တွေ့ဆုံဖို့ တခြား နေရာရာတခုခုမှာ စီစဉ်ပေးဖို့လိုပါသလား'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက မျက်လုံးကို တချက်ပင့်တင်ယင်း
'ဆုံတွေ့ဖို့၊ အင်း.... ခဏစောင့်ဗျာ'
ဟု ပြောလိုက်သည်။
ပြီးမှ ကုန်းစွန်းယန်းသည် ထိုင်ရာမှထလိုက်ပြီး စားသောက်ဆိုင်တဆိုင်လုံးကို တချက်မျှ ဝေ့ယမ်းကြည့်လိုက်လေသည်။
ထို့နောက် သူသည် လက်ခုပ်တချက်တီးကာ စားသောက်ဆိုင်ထဲမှ ဆူညံသံများကို ငြိမ်သက်စေလိုက်သည်။

စားသောက်ဆိုင်ထဲမှ လူများကလည်း ကုန်းစွန်းယန်း၏ လက်ခုပ်သံကြောင့် ရုတ်တရက် ငြိမ်သက်သွားပြီး ကုန်းစွန်းယန်းထံသို့ အာရုံပို့၍ စူးစိုက်ကြည့်လိုက်ကြလေသည်။ ဆူညံသံများ ငြိမ်သက်သွားသောအခါ
ကုန်းစွန်းယန်းသည် ကြည်လင်သောအသံဖြင့်....

'ကျုပ် ကျကျန်ရှန့်ဖြစ်ပါတယ်၊ ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်နဲ့ သိုင်းပညာယှဉ်ပြိုင်ဖို့ လို့ရမ်းတိုးမြို့ကို ရောက်ရှိလာခြင်းဖြစ်ပါတယ်'
ဟု ပြောလိုက်လေသည်။
ထို့နောက် ကုန်းစွန်းယန်းသည် စားသောက်ဆိုင်ထဲမှ လူများကို တချက်မျှ အကဲခတ်ကြည့်လိုက်လေသည်။
ပြီးမှ ကုန်းစွန်းယန်းက သူ၏စကားကို ဆက်၍
'ဒါကြောင့် ဒီကမိတ်ဆွေများက ယှဉ်ပြိုင်ဖို့နေရာ ရွေးချယ်ပေးဖို့နဲ့ သက်သေလူကြီးများ ရှာပေးဖို့ တောင်းပန်ပါတယ်'
ဟု ပြောလိုက်လေသည်။





ကုန်းစွန်းယန်း၏ စကားဆုံးသည်နှင့် ကြွက်မျက်စိဒန်ဖုကရွှေသို့ ခြေဘလှမ်းတိုးလိုက်ပြီး
'လို့ရမ်းတိုးရဲ့ မြောက်ဘက်မြို့ပြင်က စွန်ပလွန်ပင်ကုန်းဟာ ဓားပညာယှဉ်ပြိုင်ဖို့ အသင့်တော်ဆုံးနေရာပါပဲ'
ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက လိုမင်းချူးဘက်သို့လှည့်၍ မြုံးမြလိုက်ပြီး....

'ကဲ.... နေရာကတော့ သူတို့ပြောတဲ့နေရာပဲ၊ အချိန်ကတော့ မနက်ဖြန် မွန်းတည့်ချိန်ပေါ့'
ဟု ပြောလိုက်လေသည်။

လိုမင်းချူးက ဦးခေါင်းကိုညိတ်ကာ
'ဟုတ်ကဲ့၊ ကျွန်တော် မင်းသားဆန်ဝန်ကျက်ကို ပြန်တင်ပြပေးပါမယ်'
ဟု ပြောလိုက်လေသည်။
ထို့နောက် လိုမင်းချူးသည် ကုန်းစွန်းယန်းအား ဦးညွှတ်၍ အရိုအသေပြုကာ ထိုနေရာမှ လှည့်ထွက် သွားလေတော့သည်။

လိုမင်းချူး၏ခြေလှမ်း သုံးလှမ်းမပြည့်မီ ကုန်းစွန်းယန်းက
'ခဏနေပါဦး'
ဟု လှမ်း၍တားလိုက်လေသည်။
လိုမင်းချူးက ရပ်တန့်လိုက်ပြီး ကုန်းစွန်းယန်းဘက်သို့ လှည့်ကာ...

'ဆရာ ကျကျန်ရှန့် ဘာများ မှာစရာရှိပါသေးလဲ'

ဟု မေးလိုက်လေသည်။

ကုန်းစွန်းယန်းက တချက်ပြုံးလိုက်ပြီး....

'ဩော်....ဆန့်ကွမ်းချုံးကလဲ အဲဒီနေရာကို မွန်းတည့်ချိန်မှာ ရောက်ရှိနေပါစေ'

ဟု မှာကြားလိုက်လေတော့သည်။

* * *

လိုမင်းချူးသည် ဆန်ဝန်ကျက်အား ပြန်လည် သတင်းပို့ပြီး မိမိအခန်းထဲသို့ရောက်သောအခါ သူသည် အားရ ပါးရ ရယ်မောလိုက်လေတော့သည်။ ပြီးမှ

'သူ့ကိုယ်သူ ကျကျန်ရှန့်တဲ့ အတော် ရယ်စရာကောင်းတဲ့ လူပဲ၊ ဘာဖြစ်လို့ သူက ငါ့ကိုယ်စား ဆန်ဝန်ကျက်နဲ့ ယှဉ်ပြိုင်ချင်ရတာတုံး'

ဟု တကိုယ်ဘည်းရေရွတ်လိုက်လေသည်။

ထို့နောက် သူသည် မျက်နှာပေါ်မှ ဆံပင်အတုကို ဖြုတ်လိုက်သည်။ လိုမင်းချူး၏မျက်နှာအသွင် သဏ္ဍာန်ကွယ်ပျောက်သွားပြီး ကျကျန်ရှန့်၏ မျက်နှာပေါ် ထွက်လာလေတော့သည် မဟုတ်ပါလော....

* * *





နောက်တနေ့

မွန်းတည့်ချိန်....

လို့ရမ်းတိုးမြို့၏ မြောက်ဘက်ပိုင်း စွန်းပလွန်ကုန်းမြင့်နေရာ ဖြစ်သည်။ ယှဉ်ပြိုင်မည့်သူများ တဦး တယောက်မျှ ရောက်ရှိခြင်း မရှိသေးပါ။

သို့သော် ယှဉ်ပြိုင်ပွဲကို ကြည့်မည့်သူများကတော့ မွန်းတည့်ချိန်မတိုင်မီကပင် ရောက်နှင့်နေကြပြီ ဖြစ်သည်။

မကြာမီ ...ထိုနေရာသို့ လူတစုရောက်ရှိလာလေသည်။ ဌာနခွဲမှူး လိုမင်းချူးကဦးဆောင်၍ ရောက်ရှိလာလေသည်။

လိုမင်းချူးနောက်မှ ခန့်ညားသော အသက် (၄၀) ကျော်ခန့်ရှိ လူတယောက်က သန်မာသောမြင်းကို စီးနင်းကာ ဝင့်ကြွားစွာဖြင့် လိုက်ပါလာလေသည်။

ထိုလူ၏ဘေး၌ လို့ရမ်းတိုးမြို့ ဌာနခွဲမှ သိုင်းဆရာ(၁၀)ဦး ခြံရံ၍ လိုက်ပါလာလေသည်။ စွန်ပလွန်ကုန်းမြင့်သို့ ရောက်ရှိနေသောသူများသည် ဆန်ဝန်ကျက်အား တွေ့ဖူးသူ တယောက်မျှမရှိပါ။

သို့သော်....ရွှေနဂါးဌာနခွဲမှ သိုင်းဆရာများ ခြံရံ၍ လိုက်ပါလာသူသည် ဆန်ဝန်ကျက်ဖြစ်ရမည်ဟု တွေးထင်လိုက်လေသည်။

ထိုလူက စွန်ပလွန်ကုန်းမြင့်သို့ရောက်သောအခါ ကြည်လင်သောအသံဖြင့်...

'ကျကျန်ရှန့် မရောက်သေးဘူးလား'

ဟု မေးလိုက်လေသည်။

လိုမင်းချူးက ပတ်ဝန်းကျင်ကိုတချက် ဝေ့ကြည့်လိုက်ပြီး လူ၏ ဦးခေါင်းကို ခါယမ်းကာ...

'မရောက်သေး'

လိုမင်းချူး၏ စကားမဆုံးမီ

'ကျုပ် ဒီမှာပါ'

ဟူသော အသံပေါ်ထွက်လာသည်။

ထို့နောက် လူရိပ်တရိပ်သည် စွန်ပလွန်ပင်ကြားမှ ပေါ်ထွက်လာလေတော့သည်။

ထိုလူရိပ်သည် ကုန်းစွန်းယန်း ပင် ဖြစ်ပါသည်။ ကုန်စွန်းယန်းသည် ကုန်းမြင့်အလယ်သို့ လျှောက်လာပြီး ပွဲကြည့် ပရိသတ်ဘက်သို့လှည့်ကာ ပြုံး၍နှုတ်ဆက်လိုက်သည်။ ပြီးမှ

'သက်သေပြုလုပ်မယ့် သိုင်းလောကက မိတ်ဆွေများရှေ့သို့တိုးပေးပါ'

ဟု ကြည်လင်စွာ ပြောလိုက်လေသည်။

ထို့နောက် သူသည် ဆန်ဝန်ကျက်ဘက်သို့ တချက်လှမ်းကြည့်လိုက်သည်။ ဆန်ဝန်ကျက်က မြင်းပေါ်မှ ဆင်းသက်ယင်း....

'ကျုပ် ဆန်ဝန်ကျက်ပဲ'

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယန်းက ဆန်ဝန်ကျက်အား တချက်မျှ စူးစိုက်၍ကြည့်လိုက်လေသည်။ ကုန်းစွန်းယန်းသည် ဆန်ဝန်ကျက်အား တကြိမ်မျှ တွေ့မြင်ဖူးခြင်းမရှိပါ။





ထို့ကြောင့် မိမိနှင့်ယှဉ်ပြိုင်မည့်သူသည် ဆန်ဝန်ကျက်ဟုတ်မဟုတ် ကုန်းစွန်းယန်း မသိပါ။

သို့ဖြစ်၍ ကုန်စွန်းယန်းက တဘက်လူ၏ ဓားကွက်ကိုကြည့်လိုသောဆန္ဒဖြစ်ပေါ်လာလေသည်။ ဆန်ဝန်ကျက် ကလည်း ကုန်းစွန်းယန်းအား ကျကျန်ရှုန့်ဟု ထင်မှတ်နေလေသည်။

ထို့ကြောင့် ဆန်ဝန်ကျက်သည် ဓားကို ဆွဲထုတ်ယင်း...

'ကျကျန်ရှုန့် ဘာလို ဓားမထုတ်သေးတာလဲ'

ဟု အောင်ဟစ်မေးလိုက်လေသည်။

ကုန်းစွန်းယန်းက တချက် မဲ့ပြုံးပြုံးလိုက်ပြီး

'ဆန့်ကွမ်းချူးက ဘာလို့ ရောက်မလာသေးတာလဲ'

ဟု မေးလိုက်လေသည်။

ထိုစဉ် အဝေးမှ ထမ်းစင်တခုကို သန်မာသော လူနှစ်ယောက် ထမ်းလာသည်ကို တွေ့မြင်ရလေတော့သည်။

ယင်းထမ်းစင်ကို မြင်တွေ့လိုက်သည်နှင့် ကုန်းစွန်းယန်း၏ ရင်သည် တချက်မျှ တုန်လှုပ်သွားလေသည်။

အကြောင်းမှာ ကုန်းစွန်းယန်းသည် ဆန့်ကွမ်းချူးအား မြင်ဖူးခြင်း မရှိခဲ့သောကြောင့် ဖြစ်သည် မဟုတ်ပါလော။

* * *

ယခုအချိန်၌

မိမိနှင့် ယှဉ်ပြိုင်မည့်သူသည် ဆန်ဝန်ကျက် ဟုတ်မဟုတ် ဆိုသော ကိစ္စသည် ကုန်းစွန်းယန်းအတွက် စိတ်ပူရန်မလိုပါ။

ထမ်းစင်ထဲမှ လိုက်ပါလာမည့်မိန်းကလေးသည် ဆန့်ကွမ်းချုံး ဟုတ်မဟုတ် ဆိုသည်ကသာ ကုန်းစွန်းယန်း အတွက် ပြဿနာတရပ် ဖြစ်ပါသည်။

သူသည် ဆန့်ကွမ်းချုံးအားတွေ့မြင်ဖူးခြင်းမရှိပါ။ သို့သော် ကျကျန်ရှန့်သည် ဆန့်ကွမ်းချုံး၏ ချစ်သူဟု ကုန်းစွန်းယန်းက သိထားသည် မဟုတ်ပါလော။

ထို့ကြောင့် ဆန့်ကွမ်းချုံးကို ကျကျန်ရှန့် သိမည်။

ကျကျန်ရှန့်ကို ဆန့်ကွမ်းချုံး သိမည်။

သို့သော် ကျကျန်ရှန့်ဟန် ဆောင်ထားသော မိမိက ဆန့်ကွမ်းချုံးအား မသိချေ။

ဆန့်ကွမ်းချုံးကလည်း မိမိအား သိမည်မဟုတ်ချေ။

ဤသို့ဆိုလျှင်....ကုန်းစွန်းယန်း ဆက်မတွေးတော့ပါ။

အကြောင်းမှာ သန်မာသောလူနှစ်ယောက် ထမ်းလာသော ထမ်းစင်သည် ပရိသတ်များအကြားမှ တိုးဝှေ့ကာ ကုန်းစွန်းယန်းတို့နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာပြီ မဟုတ်ပါလော။

ထို့နောက် သန်မာသောလူနှစ်ယောက်သည် ထမ်းစင်ကို မြေပေါ်သို့ ဖြည်းညင်းစွာ ချလိုက်လေသည်။

ထမ်းစင်၏ လေးဘက်လေးတန်ကို ဝါးယင်းများဖြင့်ကာရံထားသဖြင့် ထမ်းစင်အတွင်းမှလူကို မတွေ့ရချေ။



စွန်ပလွန်ကုန်းမြင့်ပေါ်ရှိပရိသတ်အားလုံး၏ မျက်လုံးများသည် ထမ်းစင်ပေါ်သို့ ကျရောက်လာလေသည်။

ကုန်းစွန်းယန်း၏ရင်သည် ပို၍ လှုပ်ရှားလာသည်။

ထိုစဉ် ထမ်းစင်၏ ဝါးယင်းကာများ တဖြည်းဖြည်းပွင့်သွားပြီး ထမ်းစင်ထဲမှ မိန်းကလေးတဦး ပေါ်ထွက်လာလေသည်။

ထို့နောက် မိန်းကလေးသည် ကုန်းစွန်းယန်းအား မြင်တွေ့လိုက်သည်နှင့်

'အစ်ကို....အစ်ကို ကျကျန်ရှန့်'

ဟု အော်ဟစ်ကာ ကုန်းစွန်းယန်း၏ ရင်ခွင်ထဲသို့ ပြေးဝင်လိုက်လေတော့သည်။

ရုတ်တရက် ကုန်းစွန်းယန်းသည် ငေးကြောင်၍ သွားပြီး မိန်းကလေးအား ဆီးကြို့ပွေ့ဖက်လိုက်မိလေသည်။

သို့သော် မိန်းကလေးသည် ကုန်းစွန်းယန်း၏ ရင်ခွင်ထဲသို့ မရောက်မီ....

'အား...'

ဟု တချက် အော်ဟစ်ကာ မြေပေါ်သို့ အရုပ်ကြိုးပြတ် ကျသွားလေတော့သည်။

အဖြစ်အပျက်သည် လျင်မြန်လွန်းလှသဖြင့် ကုန်းစွန်းယန်းကဲ့သို့သော ဝါရင့်သိုင်းသမားကြီးပင်လျှင် ငေးငိုင်သွားလေတော့သည်။

ပြီးမှ ကုန်းစွန်းယန်းသည် မိန်းကလေးအားသတ်လိုက်သော လိုမင်းချုံးကို အံ့သြစွာ တချက်ကြည့်လိုက်လေသည်။

လိုမင်းချူးသည် မြေပေါ်၌ လဲကျသေဆုံးနေသော မိန်းကလေး၏ လက်ကို ဓားဖြင့်ညွှန်ပြယင်း

'အဲဒီလက်သည်းမှာရှိတဲ့အဆိပ်ဟာ လူတယောက်ကို မျက်စိတမှိတ် အတွင်း သေစေနိုင်တယ်'

ဟု ပြောလိုက်လေသည်။

ထိုအခါကျမှ ကုန်းစွန်းယန်းသည် သေဆုံးနေသော မိန်းကလေး၏လက်ကို သေချာစွာ ကြည့်လိုက်မိလေသည်။

မိန်းကလေး၏ လက်သည်းများသည် ချွန်ထက်ပြီး စိမ်းပြာရောင် ဝင်းလက်၍ နေလေသည် မဟုတ်ပါလော။

ထိုစဉ် ဆန်ဝန်ကျက်က ဝမ်းခေါင်းသံတချက်ပြု လိုက်ပြီး လိုမင်းချူးအား စတင်တိုက်ခိုက်လေတော့သည်။

လိုမင်းချူးကနောက်သို့ ၃-၄ လှမ်းဆုတ်လိုက်ပြီး ဆန်ဝန်ကျက်အား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ကုန်းစွန်းယန်းက လိုမင်းချူးနှင့် ဆန်ဝန်ကျက်တို့ကြားသို့ ဝင်ရောက်လိုက်ပြီး ဆန်ဝန်ကျက်၏ဓားချက်ကိုဆီးကြို ခံယူယင်း လိုမင်းချူးအား

'ဟေ့ မင်းဖယ်နေ၊ ကျုပ်သူနဲ့ စာရင်းရှင်းစရာရှိတယ်'

ဟု ပြောကာ ဆန်ဝန်ကျက်အား တိုက်ခိုက်လိုက်လေတော့သည်။

တချိန်တည်းမှာပင် ရွှေနဂါးသိုင်းဆရာများက လိုမင်းချူးအား ဝင်ရောက်တိုက်ခိုက်လေတော့သည်။

တဒင်္ဂအတွင်း စွန်ပလွန်ပင်ကုန်းမြင့်တခုလုံးသည် ဓားသံများ၊ အော်ဟစ်သံများဖြင့် ဆူညံသွားလေတော့သည်။





ထိုစဉ် စွန်ပလွန်ပင်ကုန်းမြင့်ပေါ်သို့ လူတစုရောက်ရှိလာလေတော့သည်။

ထိုလူများမှာ သွေးဝိညာဉ်ခြံမှလူများပင် ဖြစ်သည်မဟုတ်ပါလော။

* * *

သွေးဝိညာဉ်ခြံပိုင်ရှင် စီထူမန်သည် ဆန်ဝန်ကျက်အား ခုတ်လိုက်သော ကုန်းစွန်းယန်း၏ဓားချက်ကို ဆီး၍ ခံယူလိုက်ပြီး ဆန်ဝန်ကျက်နှင့် ကုန်းစွန်းယန်းတို့၏ တိုက်ပွဲကို ခေတ္တမျှ ရပ်တန့်စေလိုက်သည်။

ပြီးမှ၊ စီထူမန်က

'ဆန်ဝန်ကျက် ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ဆန်ဝန်ကျက်က ဦးခေါင်းကိုမော့ကာ

'ကျုပ်ပဲ'

ဟု ဖြေလိုက်လေသည်။

စီထူမန်က အနည်းငယ်ပြုံးလိုက်ပြီး၊

'ဆန့်ကွမ်းချုံး ဘယ်မှာလဲ'

ဟု မေးလိုက်လေသည်။

ဆန်ဝန်ကျက်က သေဆုံးနေသောမိန်းကလေးကို ညွှန်ပြကာ—

'ဟိုမှာ'

ဟု ပြောလိုက်လေသည်။

စီထူမန်က တံတွေးတချက်ထွေးလိုက်ပြီး

'လူလိမ်'

ဟု အော်ဟစ်ကာ ဆန်ဝန်ကျက်ကို တိုက်ခိုက်လေတော့သည်။

မကြာမီအချိန်အတွင်း၌ စွန်ပလွန်ပင်ကုန်းမြင့်ပေါ်၌ ဓားသံ အော်ဟစ်သံများဖြင့် ပြန်လည်ဆူညံလာလေသည်။

ကုန်းစွန်းယန်းက ဆန်ဝန်ကျက်ကို တိုက်ခိုက်သည်။

သို့သော် စီထူမန်က ဝင်ရောက်ဟန့်တားလိုက်သည်။

ထို့နောက် စီထူမန်က ဆန်ဝန်ကျက်အား တိုက်ခိုက်သည်။

ကုန်းစွန်းယန်းက စီထူမန်၏ဓားချက်ကို ဟန့်တားလိုက်ပြီး တဆက်တည်း ဆန်ဝန်ကျက်ကို တိုက်ခိုက်လေသည်။

ထိုအချိန်၌ လိုမင်းချူးသည် ရွှေနဂါးသိုင်းသမား ၃ဦးကို ရှင်းလင်းပြီး ဖြစ်နေသည်။

ထိုစဉ် ရွှေနဂါးဌာနခွဲမှ သိုင်းဆရာနှစ်ယောက်သည် စွန်ပလွန်ပင်ကုန်းမြင့်ပေါ်မှ ထွက်ပြေးသွားလေတော့သည်။

လိုမင်းချူးသည် မိမိအားတိုက်ခိုက်လာသော သေ့ဝိဉာဉ်ခြံမှ သိုင်းဆရာတဦး၏ဓားချက်ကို ရှောင်တိမ်းလိုက်ပြီး ထွက်



ပြေးသွားသော သိုင်းသမားနှစ်ယောက်နောက်သို့ ပြေးလိုက်သွားလေတော့သည်။

ကျန်ရွှေနဂါးဌာနခွဲမှ သိုင်းသမားများသည် ကုန်းစွန်းယန်းအား ဝိုင်းရံတိုက်ခိုက်လေသည်။

ကုန်းစွန်းယန်းက ထိုသိုင်းသမားများကို ထိုးဖောက်ကာ ဆန်ဝန်ကျက်အား တိုက်ခိုက်လိုက်လေသည်။

သို့သော် သေ့ဝိဉာဉ်ခြံမှ သိုင်းသမားများက ကုန်းစွန်းယန်းအား လမ်းတဝက်မှ ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

စီထူမန်နှင့် ဆန်ဝန်ကျက်တို့ သိုင်းကွက်ပေါင်း ၄၀ ကျော်ခန့် ယှဉ်ပြိုင်ပြီးနောက် ဆန်ဝန်ကျက်သည် စီထူမန်၏ဖမ်းချုပ်ခြင်းကို ခံရလေတော့သည်။

ယင်းအဖြစ်အပျက်ကို မြင်သောအခါ ကုန်းစွန်းယန်းသည် မျက်မှောင်တချက်ကြုတ်လိုက်မိလေတော့သည်။

ထိုစဉ် စီထူမန်သည် ဆန်ဝန်ကျက်အား ဖမ်းချုပ်ပြီး စွန်ပလွန်တောင်ကုန်းပေါ်မှ ခေါ်ဆောင်သွားလေတော့သည်။

ကုန်းစွန်းယန်းသည် မည်သို့ပြုလုပ်ရမည်ကို ရုတ်တရက်မဆုံးဖြတ်နိုင်ချိန်မှာပင် စီထူမန်တို့အဖွဲ့သည် စွန်ပလွန်ကုန်းပေါ်မှ ပျောက်ကွယ်သွားပြီဖြစ်သည် မဟုတ်ပါလော။

* * *

စားပွဲပေါ်တွင် ဟင်းလျာများမရှိပါ။

ဟင်းလျာများအစား လိုမင်းချူး၏အလောင်းက နေရာယူထားပါသည်။

ဆန်ဝန်ကျက်သည် လိုမင်းချူး၏အလောင်းကို တချက်မျှကြည့်လိုက်သည်။ ပြီးမှ သူသည် ကျင်းယုံအား တချက်ကြည့်လိုက်ပြီး

'စွန်ပလွန်ကုန်းမြင့်ကိုလိုက်သွားတဲ့ လိုမင်းချူးဟာ ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ကျင်းယုံက ဦးခေါင်းကိုခါယမ်းယင်း

'အဲဒီ လိုမင်းချူးရဲ့ခေါင်းလိုဖြတ်ပြီး ကြည့်မှ သိမယ်'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်က တချက် မဲ့ပြုံးပြုံးလိုက်ပြီး

'ကျကျန်ရှန်ရဲ့တပည့် ဖြစ်မယ်ထင်တယ်'

ဟု တကိုယ်တည်း ရေရွတ်လိုက်လေသည်။

ကျင်းယုံက ပြုံးလိုက်ပြီး...

'အခုဆို သူတို့နှစ်ယောက်ပေါင်းပြီး ဆန်ဝန်ကျက်အတုကို တိုက်ခိုက်နေရောပေါ့'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်က ပြုံးလိုက်ပြီး

'ဘာပဲဖြစ် သိုင်းကွက် ၅၀ မတိုင်မီအတွင်း ဆန်ဝန်ကျက်အတုဆိုတာ ကျကျန်ရှန်တို့ သိမှာမဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။



ပြီးမှ ကောက်ကျစ်စွာ တချက် ရယ်မောလိုက်ပြီး

'အင်း — သိုင်းကွက် ၅၀ လဲပြည့်ရော ဆန်ဝန်ကျက် အတုမှန်း သူတို့ ရိပ်မိလိမ့်မယ်၊ အဲဒီအခါကျတော့ ဆန်ဝန်ကျက်အတုက ရိုပိန်တောင်ရဲ့အဆိပ်မှုန့်ကို သုံးလိမ့်မယ်'

ကျင်းယုံက ပြုံးယင်း

'ဒါဆို ညနေကျယင် ကျွန်တော်တို့ ကျကျန်ရှန်ရဲ့အလောင်းကို သွားကောက်ရုံပဲ ရှိတော့တာပေါ့'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်က မျက်နှာကြက်သို့ မော့ကြည့်ကာ တကိုယ်တည်း အားရပါးရ ရယ်မောလိုက်လေတော့သည်။

ထိုစဉ် အခန်းထဲသို့ ရမ်းတိုးဝှာနခဲ့မှ သိုင်းသမား တဦးသည် မောကြီးပန်းကြီးဖြင့် ပြေးဝင်လာလေသည်။

ထိုသိုင်းသမား၏ ခန္ဓာကိုယ်တခုလုံးရှိ အဝတ်အစားသည် စုတ်ပြတ်နေပြီး တကိုယ်လုံး ဒဏ်ရာများနှင့် ပြည့်နှက်၍နေသည်။

ဆန်ဝန်ကျက်သည် ထိုသိုင်းသမားအား မြင်တွေ့လိုက်သည်နှင့် မျက်နှာတချက် ပျက်သွားလေသည်။

ကျင်းယုံက ပြေး၍ ထိုသိုင်းသမားအား ဆီးကြိုလိုက်လေသည်။ သိုင်းသမားသည် ကျင်းယုံ ဆီးကြိုခြင်း မပြုမီမှာပင် ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်။

ထို့နောက် ထိုသိုင်းသမားသည် ဦးခေါင်းကိုမော့လိုက်ပြီး

'လို့ရမ်း... မီး... မီးရှို့... သေ'

ဟု စကားကို ပြတ်တောင်း ပြတ်တောင်းဖြင့် ပြောကာ စကားမဆုံးမီမှာပင် သူ၏ခန္ဓာကိုယ် တချက်တွန့်ကာ သေဆုံးသွားလေတော့သည်။

ထိုသိုင်းသမား၏စကားသည် ဝါကျ မပြည့်စုံသော်လည်း ကြားရသူတိုင်းအတွက် အဓိပ္ပာယ် ပြည့်စုံနေပေသည်။

ထို့ကြောင့် ကျင်းယုံသည် ထိုသိုင်းသမားဘေးမှ ရုတ်တရက် ရပ်လိုက်ပြီး အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

ကျင်းယုံ၏နောက်မှ သိုင်းသမား အယောက် ၂၀ ခန့်လိုက် ပါသွားလေတော့သည်။

* *

ကျင်းယုံသည် ရှေ့မှပြေးနေသည်။

သူ၏နောက်မှ သိုင်းသမား ၂၀ ခန့် ပြေး၍ လိုက်ပါနေသည်။

လမ်းချိုးတခုသို့ ရောက်သောအခါ ကျင်းယုံသည် လူတယောက်နှင့် တိုက်မိမည်ကဲ့သို့ ဖြစ်သွားလေသည်။

ထို့ကြောင့် ကျင်းယုံသည် စိတ်ဆိုးမာန်ဆိုးဖြင့်

'ဖယ်စမ်း.... အရှူး'





ဟုပြောကာ ထိုလူကို လမ်းဘေးသို့ တွန်းထုတ်လိုက်လေသည်။

ထိုလူ၏ခန္ဓာကိုယ်သည် လေထဲသို့မြောက်ကာ လမ်းဘေး၌ နှစ်ပတ်သုံးပတ်မျှ လိမ့်သွားလေသည်။

ကျင်းယုံသည် ထိုလူကို ဂရုမစိုက်ပဲ လှိုရမ်းတိုးဌာနခွဲရှိရာသို့ ဦးတည်၍ ပြေးလွှားသွားလေတော့သည်။

လမ်းဘေး၌ လဲကျသွားသော လူသည် ကျင်းယုံတို့ လူစုအား သူ၏မြင်ကွင်းမှ ပျောက်ကွယ်သည့်တိုင် ငေး၍ကြည့်နေလေသည်။

ကျင်းယုံတို့ လူစု ပျောက်ကွယ်သွားမှ ထိုလူသည် သဘောကျစွာ တဟားဟား ရယ်မောလိုက်လေသည်။

အရူးတယောက် ရယ်မောခြင်းမှ အဆန်းမဟုတ်ပါ။

သို့သော် ယခု လမ်းဘေး၌ လဲကျနေသော အရူးက ရယ်မောလိုက်ခြင်းသည် ထူးဆန်း၍နေလိမ့်မည် ဖြစ်သည်။

အကြောင်းမှာ ထိုအရူးသည် 'ရင်းဟို' ဖြစ်သောကြောင့်ပင် မဟုတ်ပါလော။

မကြာမီ လှိုရမ်းတိုးမြို့၏ တောင်ဘက်ပိုင်းရှိ မြို့စွန်မှ ကြီးမားသော ခြံဝင်းသည် မီးလောင်ခြင်း ခံရလေတော့သည်။

သို့သော် ထိုခြံဝင်း မီးလောင်ခြင်းမခံရမီ အချိန်အတွင်း၌ ထိုခြံဝင်း၏ လျှို့ဝှက်လမ်းမှ ဆန်ဝန်ကျက် ထွက်ခွာသွားသည်ကို မည်သူမျှ မသိလိုက်ချေ။

* * *

စွန်ပလွန်ကုန်းမြင့်မှ ထွက်ပြေးလာသော သိုင်းသမား နှစ်ယောက်သည် ပြေး၍မလွတ်နိုင်မှန်း သိသဖြင့် ခြေလှမ်းကို ရပ်တန့်ကာ လိုမင်းချူးနှင့် ရင်ဆိုင်လိုက်လေသည်။

လိုမင်းချူးသည် ထိုသိုင်းသမား နှစ်ယောက်အား သေချာစွာ စူးစိုက်၍ ကြည့်လိုက်ပြီး မိမိ၏မျက်နှာပေါ်မှ လိုမင်းချူး၏ မျက်နှာတုကို ဖယ်လိုက်လေသည်။

ထိုအခါ ခန့်ညားသော ကျကျန်ရှန့်၏ မျက်နှာ ပေါ်ထွက်လာလေတော့သည်။

လိုရမ်းတိုးဌာနခွဲမှ သိုင်းသမားနှစ်ယောက်သည် တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြပြီး ကျကျန်ရန့်အား ဝင်ရောက် တိုက်ခိုက်လိုက်လေတော့သည်။

ဓားကွက် (၁၀)ကွက် မတိုင်မီမှာပင် သိုင်း သမား တယောက်၏ ဝိညာဉ်သည် ကျကျန်ရှန့်၏ ဓားဖျား၌ ငြိတွယ်သွားလေတော့သည်။

ကျန်သိုင်းသမားသည် နောက်သို့ ခြေလှမ်း (၂)လှမ်းမျှ ဆုတ်လိုက်ပြီး ကျကျန်ရှန့်အား ထိတ်လန့်စွာ တချက်ကြည့်လိုက်လေသည်။

ကျကျန်ရှန့်သည် ထိုသိုင်းသမားအား လှမ်း၍…
'ဆန့်ကွမ်းချိုး ဘယ်မှာဝှက်လားသလဲ'
ဟု မေးလိုက်လေသည်။
ထိုသိုင်းသမားက ဦးခေါင်းကိုခါယမ်းပြလေသည်။





ကျကျန်ရှန့် အနည်းငယ် စိတ်ပျက်သွားသည်။ သူ၏ လက်ထဲမှလည်း ထိုသိုင်းသမား မသိခြင်းမှာ အမှန်ဖြစ်လိမ့်မည်ဟု ယုံကြည်ထားသည်။

အကြောင်းမှာ ယမန်နေ့ညက သူသည် လိုမင်းချူးအား ထိုမေးခွန်းကို မေးခဲ့သည်။

လိုမင်းချူးထံမှ ယခု သိုင်းသမားဖြေသော အဖြေမျိုးသာ ရရှိခဲ့သည်။

ကျကျန်ရှန့်သည် သက်ပြင်းရှည်တချက် ချလိုက်ပြီး....
'ကောင်းပြီ၊ မင်းတို့ရဲ့ ရွှေနဂါးဌာနချုပ် ဘယ်မှာရှိသလဲ'
ဟု မေးလိုက်လေသည်။
ထိုသိုင်းသမားက ဦးခေါင်းကို ခါယမ်းပြလိုက်လေသည်။
ကျကျန်ရှန့်က တချက်ပြုံးလိုက်ပြီး ...
'ကောင်းပြီ၊ တခြားဌာနခွဲတွေရဲ့ နေရာဒေသ မင်းသိသလား'
ဟု မေးလိုက်သည်။

ထိုသိုင်းသမားက ဦးခေါင်းကိုသာ ခါယမ်း ပြလိုက်လေသည်။

ကျကျန်ရှန့်သည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး မိမိ၏ ဓားကို ဓားအိမ်ထဲသို့ ပြန်လည်သိမ်းဆည်းလိုက်လေသည်။

ထို့နောက် ထိုသိုင်းသမားကို ကျောခိုင်းကာ လှည့်ထွက်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် သိုင်းသမားသည် ဤသည်ကို အခွင့်ကောင်းယူ၍ ကျကျန်ရှန့်၏ နောက်ကျောအား ဓားဖြင့်ထိုးစိုက်လိုက်လေတော့သည်။

F.10

သို့သော် ကျကျန်ရှန့်သည် နောက်သို့ လှည့်မကြည့်ပဲ ဓားအိမ်မှ ဓားကို လျှပ်တပြက် ဆွဲထုတ်ကာ နောက်ပြန် ဓားတချက် ဝှေ့ယမ်းလိုက်လေတော့သည်။

ယင်းသို့ ဝှေ့ယမ်းလိုက်သည်နှင့် တပြိုင်တည်း…

'အား….'

ဟူသော အော်သံသည် ကျကျန်ရှန့်၏နောက်မှ ပေါ်ထွက်လာတော့သည် မဟုတ်ပါလော။

* * *

လိုရမ်းတိုး ဌာနခွဲတခုလုံး မီးဟုန်းဟုန်း တောက်လောင်နေပြီဖြစ်သည်။

မီး၏ အပူဒဏ်ကြောင့် ကျင်ယုံတို့ လူသိုက်သည် လိုရမ်းတိုး ဌာနခွဲအနီးသို့ ကပ်နိုင်စွမ်းမရှိချေ။

သူတို့သည် မီးကို ငြိမ်းသတ်ရန် ကြိုးစားစဉ်မှာပင် လိုရမ်းတိုး ဌာနခွဲသည် ပြာပုံအဖြစ်သို့ ပြောင်းလဲသွားပြီ ဖြစ်ပါတော့သည်။

ကျင်ယုံသည် ဘာမျှ မတတ်နိုင်တော့သည့်အလား သက်ပြင်းတချက်ချလိုက်လေသည်။





ထို့နောက် ကျင်းယုံသည် သူ့လူများကိုခေါ်ကာ ထိုနေရာမှ လှည့်ထွက်သွားလေတော့သည်။

ကျင်းယုံတို့ လူသိုက်ထွက်ခွာသွားပြီး မကြာမီမှပင်ကျကျန်ရှန့်သည် ထိုနေရာသို့ ရောက်ရှိလာလေတော့သည်။

သူသည် ကျင်းယုံတို့လူသိုက် သွားရာဘက်သို့ မျက်မှောင်ကြုတ်၍ ကြည့်နေလေတော့သည်။

* * *

စွန်ပလွန်ကုန်းမြင့်သို့ ကျကျန်ရှန့် ပြန်လည် ရောက်ရှိသောအခါ မည်သူမျှမရှိတော့ချေ။

ကျကျန်ရှန့်သည် အတန်ကြာအောင် ငေးငိုင်၍ ရပ်နေပြီး မည်သို့ဆက်လက်ပြုလုပ်ရမှန်း စဉ်းစား၍ မရအောင် ဖြစ်နေလေသည်။

သူသည် ရင်းဟို၏နောက်သို့ ခြေရာခံ၍ လိုက်ယင်း လိုရမ်းတိုးမြို့သို့ ရောက်ရှိခဲ့သည်။

လိုရမ်းတိုးမြို့သို့ ရောက်ရှိသောအခါ ဆန့်ကွမ်းချုံး ၏ သတင်းကို ကြားသိရသဖြင့် လိုရမ်းတိုး ဌာနခွဲ အတွင်းသို့ တိတ်တဆိတ် ဝင်ရောက်ကာ လိုမင်းချူးအဖြစ် ဟန်ဆောင်၍ ဆန့်ကွမ်းချုံးကို ရှာဖွေခဲ့သည်။

သို့သော်…ထိုသတင်းမှာ ဆန်ဝန်ကျက်၏ လုပ်ကြံသတင်း တပုဒ်မျှသာ ဖြစ်သဖြင့် ဆန့်ကွမ်းချုံးကို မတွေ့ရှိခဲ့ရချေ။

ထို့ကြောင့် ယခုဆုသည် မည်သို့ ဆက်လက် စခန်းသွားရ မည်ကို စဉ်းစား၍မရနိုင်အောင် ဖြစ်နေသည်မဟုတ်ပါလော။

ကျကျန်ရှန့်သည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး စွန်ပ လွန်ကုန်းမြင့်မှ ဆင်းသက်ရန် လှည့်ထွက်လိုက်သည်။

ထိုစဉ် ရုတ်တရက်….

သူ၏မျက်လုံးများသည် မြေပေါ်မှ စာရွက်ခေါက်ကလေး တခုကို မြင်တွေ့လိုက်ရလေတော့သည်။

ထို့ကြောင့် သူသည် စာရွက်ခေါက်အား ကောက်ယူ၍ ဖြန့်ကြည့်လိုက်လေသည်။

ယင်းသို့ စာရွက်ခေါက်အား ဖြန့်ကြည့်လိုက်သည်နှင့် သူ၏ မျက်လုံးများသည် ဝင်းလက်၍ သွားလေတော့သည်။

အကြောင်းမှာ ယင်းစာရွက်ပေါ်၌ လိပ်စာ(၁၂)ခု ရေး သားထားပြီး ထိုလိပ်စာများမှာ ရွှေနဂါးဌာနခွဲ၏ လိပ်စာ များဖြစ်သည် မဟုတ်ပါလား….

ထို့ကြောင့် သူသည် ယင်းစာရွက်ကို သူ၏အင်္ကျီ ရင်ဘတ် ကြားထဲသို့ထည့်၍ သိမ်းဆည်းလိုက်ပြီး ထိုနေရာမှ ထွက်ခွာ သွားလေတော့သည်။

* * *



## "ဆန့်ကွမ်းချုံး"

စီထူမန်သည် ဆန်ဝန်ကျက် အား ဖမ်းဆီးကာ စွန်ပလွန် ကုန်းမြင့်မှ ခေါ်ဆောင်သွားပြီ ဖြစ်သည်။

ဆန်ဝန်ကျက်သည် သိုင်းကွက် (၄၀) ကျော်ရုံမျှ အတွင်း စီထူမန်ကို ရှုံးနိမ့်ခဲ့သဖြင့် ကုန်းစွန်းယန်းသည် ရုတ်တရက် ငေးကြောင်သွားလေတော့သည်။

အကြောင်းမှာ ဆန်ဝန်ကျက်၏ ရွှေနဂါး သိုင်းကွက်သည် သိုင်းကွက်ပေါင်း(၄၀)ကျော်ပြီးနောက် ထပ်မံ၍ ထွက်ပေါ် မလာတော့ချေ။

သိုင်းကွက်ပေါင်း (၄၀)ကျော်ပြီးနောက် ဆန်ဝန်ကျက်၏ သိုင်းကွက်သည် သာမန်အဆင့်သို့ လျှောကျသွားသည်မဟုတ် ပါလော။

ထို့ကြောင့် ကုန်းစွန်းယန်းသည်အတန်ကြာအောင် ငေးငိုင်၍ နေမိခြင်းဖြစ်ပါသည်။

အတန်ကြာမှ ကုန်းစွန်းယန်းသည် သတိရကာ စီထူမန်ကို နောက်သို့ ပြေးလိုက်သွားလေသည်။

သို့သော်....စီထူမန်၏ သွေးဝိညာဉ်ခြံမှ သိုင်း သမားများက ကုန်းစွန်းယန်း အား လမ်းတဝတ်မှ ဆီးကြို ခုခံထားလေသည်။

ကုန်းစွန်းယန်းသည် ထိုသိုင်းသမားများကို ထိုးဖောက်ပြီး အချိန်၌ စီထူမန်သည် ဆန်ဝန်ကျက်အား ခေါ်ငင်ကာအဝေးသို့ ရောက်ရှိနေပြီ ဖြစ်သည်ကို ကုန်းစွန်းယန်း တွေ့မြင်လိုက်ရသည်မဟုတ်ပါလော-

* * *

ကုန်းစွန်းယန်းသည် ရှန့်ရှက် စားသောက်ဆိုင်ရှိ ငှားရမ်းထားသော အခန်းသို့ ရောက်သောအခါ အခန်းထဲ၌ လူတယောက်ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် 'ရင်းဟို'ပင် ဖြစ်ပါသည်။





ကုန်းစွန်းယန်းသည် ရင်ဟိုအား တချက်လှမ်း၍ကြည့်လိုက်သည်။ ရင်းဟိုက သူ၏ညာလက်ကိုထောက်လိုက်ပြီး၊ လက်မနှင့်လက်ညှိုးကို ဝလုံးပုံလဏ္ဏာန် ပြုလုပ်ပြလိုက်လေသည်။

ကုန်းစွန်းယန်းကပြုံး၍ ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ရင်းဟိုပြုလုပ်ပြသော သင်္ကေတမှာ မိမိလုပ်ဆောင်သော လုပ်ငန်းအောင်မြင်ကြောင်း သင်္ကေတပင် မဟုတ်ပါလော။

အတန်ကြာမှ ကုန်းစွန်းယန်းသည် ရင်းဟိုအား

'မင်းဘယ်ကဝင်လာသလဲ'

ဟု မေးလိုက်လေသည်။

ရင်းဟိုက ပြတင်းပေါက်တခုကို ညွှန်ပြလိုက်လေသည်။

ကုန်းစွန်းယန်းကပြုံးလိုက်ပြီး၊ မိမိ၏အင်္ကျီရင်ဘတ်ကြားထဲသို့ လက်နှိုက်လိုက်လေသည်။

ထို့နောက် သူသည် မျက်မှောင်တချက်ကြုတ်လိုက်ပြီး ရင်ဘတ်ဘခုလုံးသို့ ဟိုစမ်းသည့်စမ်း ပြုလုပ်လိုက်သည်။

ပြီးမှ သက်ပြင်းတချက်မှုတ်ထုတ်ယင်း

'သွားပြီ၊ ဟိုစွန်ပလွန်ကုန်းပေါ်မှာပဲ ကျခဲ့ပြီနဲ့တူတယ်'

ဟု ညည်းညူလိုက်လေသည်။

အတန်ကြာမှ ကုန်းစွန်းယန်းသည် တချက်ပြုံးလိုက်ပြီး။

'ကိစ္စမရှိပါဘူး၊ လိပ်စာတွေအားလုံး ကျုပ်အလွတ်ရတယ်'

ဟု ပြောလိုက်လေသည်။

ထို့နောက်သူသည် ရင်းဟိုအား ရွှေနဂါးဌာနခွဲတခု၏ လိပ်စာကို လေသံနိမ့်၍ ပြောပြလိုက်လေသည်။

ထိုလိပ်စာမှာ ဟန့်ကို မြို့ရှိအသေး စားငွေချေးဌာနတခုလိပ်စာပင် ဖြစ်ပါသည်။

သို့သော် ထိုအသေးစားငွေချေးဌာနသည် ရွှေနဂါးဌာနခွဲ အမှတ် ဂ ပင် ဖြစ်သည်မဟုတ်ပါလား။

ထိုစဉ်

ရုတ်တရက်

လူရိပ်တရိပ်သည် အခန်းထဲသို့နှ်ဝင်လာပြီး ကုန်းစွန်းယန်းအား လျှပ်တပြက် တိုက်ခိုက်လိုက်လေတော့သည်။

* * *

နောက်တနေ့။

ရှန့်ရှက်စားသောက်ဆိုင်မှ ဆိုင်လုလင်သည် နံနက်စာများကို လင်ဗန်းဖြင့်ထည့်ကာ တည်းခိုသူများ၏အခန်းသို့ လိုက်လံပို့ပေးလေသည်။

သူသည် ကုန်းစွန်းယန်း၏အခန်းသို့ ရောက်သောက်ခါ၊ အခန်းတံခါးကိုခေါက်လိုက်ပြီး နှုတ်ခွန်းဆက်စကား ပြောလိုက်လေသည်။

သို့သော် အခန်းထဲမှ မည်သို့မျှတုံ့ပြန်ခြင်း မရှိချေ။





ထို့ကြောင့်သူသည် မျက်ခုံးတချက်ပင့်ဘင်လိုက်ပြီး အခန်းတံခါးကို တွန်းကြည့်လိုက်လေသည်။

အခန်းတံခါးသည် လွယ်လင့်တကူပင် ပွင့်သွားလေတော့သည်။

ထို့ကြောင့်သူသည် အခန်းထဲသို့ ဝင်ရောက်လိုက်လေတော့သည်။ အခန်းထဲ၌လူတယောက်သည် သူ့ကို နောက်ကျောပေး၍ ထိုင်နေလေသည်။

သို့ဖြစ်၍ သူသည် မျက်နှာကိုပြုံးလိုက်ပြီး

'ဆရာကြီး'

ဟု ခေါ်လိုက်လေသည်။

သို့သော် ထိုလူ၏ထံမှမည်သည့်အသံမျှပေါ်ထွက်မလာချေ။

ထို့ကြောင့်ဆိုင်လုလင်သည် ထိုလူ၏အနားသို့ တိုး၍

'ဆရာကြီး'

ဟု ခေါ်လိုက်လေသည်။

ထိုလူသည် တုတ်တုတ်မျှမလှုပ်ချေ။

ထို့ကြောင့် ဆိုင်လုလင်သည် ထိုလူ၏ပခုံးကို အသာပုတ်၍။

'ဆရာကြီး'

ဟု ထပ်မံခေါ်လိုက်လေသည်။

ထိုအခါ တိုလူသည် ဆိုင်လုလင်၏ခေါ်သံအား တုံ့ပြန်လိုက်လေသည်။

သို့သော် စကားဖြင့်တုံ့ပြန်လိုက်ခြင်းမဟုတ်ပါ၊ ထိုလူ၏ခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ လဲကျသွားခြင်းဖြင့် တုံ့ပြန်လိုက်ခြင်း ဖြစ်ပါသည်။

ဆိုင်လုလင်သည် ကြောက်လန့်ကာ နောက်သို့ ခြေလှမ်း နှစ်လှမ်း သုံးလှမ်းမျှ ဆုတ်လိုက်လေသည်။

ဆိုင်လုလင်၏လက်ထဲမှ လင်ဗန်းသည်လည်း ကြမ်းပေါ်သို့ လွတ်ကျသွားလေသည်။

ဆိုင်လုလင်သည် ကြမ်းပေါ်မှထိုလူအား ငေးကြောင်ကြည့်နေပါသည်။

သို့သော် ထိုလူသည် ကြမ်းပြင်ပေါ်မှထလာခြင်း မရှိပါ။ အသက်ခန္ဓာချုပ်ငြိမ်းနေသောလူတယောက်သည်မည်သည့်အခါမှ ထလာနိုင်မည် မဟုတ်ချေ။

ဆိုင်လုလင်သည် ထိုလူ၏မျက်နှာအား ကြည့်ယင်း တီးတိုးရေရွတ်လိုက်လေတော့သည်။

'ကျင်း ကျင်းယုံ ပါလား...'

ဆန့်ကွမ်းချုံးသည် သူမရှေ့မှ ချုံနွယ်များကို ဖယ်ရှားလိုက်လေသည်။

ယင်းသို့ ဖယ်ရှားလိုက်သည်နှင့် 'ဟန့်ကို့'သို့ သွားသောလမ်းမကြီးသည် သူမ၏ရှေ့၌ ဘွားကနဲ ထွက်ပေါ် လာလေတော့သည်။

သူမသည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး ခေတ္တ ရပ်တန့် လိုက်လေသည်။ သူမ၏ အဝတ်အစားများသည် နေရာအနှံ့ စုတ်ပြဲ၍ နေသည်။

သူမ၏ ခန္ဓာကိုယ် တခုလုံးသည်လည်း ဆူးခြစ်ရာများဖြင့်ပြည့်နှက်နေလေသည်။





သူမ၏ လှပသော မျက်နှာသည် ဖုန်များဖြင့်မည်းညစ်ပြီး ပင်ပန်း နွမ်းနယ်နေလေသည်။

သူမ သွေးဝိညာဉ်ခြံမှ ထွက်ပြေးခဲ့သည်မှာ လေးရက်ရှိပြီဖြစ်ပါသည်။

သူမသည် လေးရက်လုံးလုံး သွေးဝိညာဉ်ခြံမှ လူများကိုရှောင်တိမ်းကာ ပြေးလွှားခဲ့ရသဖြင့် အစာရေစာကို ငတ်တလှည့် ပြတ်တလှည့်ဖြင့် စားသောက်ခဲ့ရလေသည်။

ထို့ကြောင့် ယခု သူမသည် အလွန်အမင်း ဆာလောင်မွတ်သိပ်နေသည့်အပြင် သူမ၏ ခြေလက်များကို မသယ်ချင်အောင်ပင် နွမ်းလျနေလေတော့သည်။

* * *

ညနေ ဆည်းဆာချိန် ဖြစ်ပါသည်။

လမ်းမကြီးပေါ်၌ မြင်းလှည်းတစီးသည် ဟန့်ကို့မြို့သို့ဦးတည်၍ သွားနေပါသည်။

ထိုမြင်းလှည်းထဲ၌ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသောမိန်းမပျိုတယောက်သည် အတွေးနယ်ချဲ့ယင်း လိုက်ပါလာလေသည်။

ထိုမိန်းမပျိုမှာ စင်းမမပင်ဖြစ်ပါသည်။ သူမသည် ရိပိန်တောင်သို့ မသွားပဲ တရုတ်ပြည်၌ပင်နေထိုင်ကာ ဆန့်ကွမ်းချုံး၏ သတင်းကို စုံစမ်းခဲ့လေသည်။

ထို့ကြောင့် ရွှေနဂါးသိုင်းသမား ဆန်ဝန်ကျက်က ဆန့်ကွမ်းချုံးအား ဖမ်းထားသော သတင်းကို ကြားသိခဲ့ရပေသည်။

သို့ဖြစ်၍ သူမသည် လို့ရမ်းတိုးမြို့သို့ လာခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် မကြာမီ နေဝင်တော့မည်ဖြစ်၍ ဟန့်ကို့မြို့၌ တညတာ ရပ်နားရန် စိတ်ကူးလိုက်လေတော့သည်။

* * *

အသေးစား ငွေချေးဌာန။

သီးခြားနာမည် ချိတ်ဆွဲထားခြင်း မရှိပါ။

အသေးစား ငွေချေးဌာနဟူသော စာလုံးကိုသာ ရေးချိတ်ထားပါသည်။

ထိုငွေချေးဌာန၏ အပေါ်ထပ်သို့ မည်သူမျှ မတက်ရောက်ရပေ။ လှေကားရင်း၌လည်း တာဝန်မှအပ မတက်ရဟူ၍ ရေးသားထားလေသည်။





ထိုငွေချေးဌာန၏ အပေါ်ထပ်သည် သီးသန့်အခန်းဖြစ်ပြီး ရွှေနဂါးဌာနခွဲ အမှတ်ရှစ်၏ တည်နေရာလည်း ဖြစ်ပါသည်။

ယခု ထိုသီးသန့်ခန်းထဲ၌ ဆန်ဝန်ကျက်သည် ခေါက်တုံ့ခေါက်ပြန်လျှောက်နေလေသည်။ သူ၏မျက်နှာသည် ခက်ထန်၍ တင်းမာနေလေသည်။

သူသည် စိတ်ကို တည်ငြိမ်အောင် ကြိုးစားယင်း ပြဿနာရပ်တိုင်းကို ပြန်လည်၍ စဉ်းစားနေလေသည်။

ပထမ ချိန်မင်ရှောင်ယောင် တောင်ကြား၌ ပြုလုပ်မည့်လက်ထပ်ပွဲ ပျက်ပြားခဲ့ရသည်။

ဒုတိယ ရိပိန်တောင် ဘီလူးမ ဆူးရိဖုံး သေဆုံးပြီး ဆန့်ကွမ်းချုံး ပျောက်ဆုံးနေသည်။

တတိယ မိမိ၏ဌာနခွဲအချို့ မီးလောင်ခံရသည်။

ယခုပင်လျှင် လို့ရမ်းတိုးမြို့ရှိ ဌာနခွဲ မီးလောင်ကျွမ်း ခံရသည် မဟုတ်ပါလော။ တဆက်တည်းမှာပင်

သူသည် ကျကျန်ရှန့်နှင့် ရင်ဆိုင်မတွေ့ခဲ့သည်ကို နောင်တရမိလေသည်။ အကယ်၍သာ သူသည် ကျကျန်ရှန့် တောင်းဆိုသကဲ့သို့ စွန်ပလွန်ကုန်းမြင့်၌ ရင်ဆိုင်ခဲ့လျှင် ယခုကဲ့သို့ မိမိ၏ဌာနခွဲ မီးလောင်ခံရမည်လော။

ထို့ပြင် ထို မိမိ၏ဌာနခွဲမှ ဌာနခွဲမှူး လိုမင်းချူးကိုသတ်၍ လိုမင်းချူး ဟန်ဆောင်ထားသူက မည်သူနည်း။

ဘဖန် မိမိ၏ဌာနခွဲများကို လျှို့ဝှက်စွာ ထားရှိခဲ့ခြင်းဖြစ်၍ မည်သူက မိမိ၏ဌာနခွဲများကို သိနိုင်မည်နည်း။

ဤသို့ဆိုလျှင် မိမိ၏ဌာနခွဲများကို မီးရှို့ဖျက်ဆီး နေသူသည် မိမိ၏အဖွဲ့သားများထဲမှ မဖြစ်နိုင်ဟု မည်သူ ပြောနိုင်မည်နည်း။

ဆန်ဝန်ကျက်သည် တွေးယင်းတွေးယင်းဦးနှောက်ခြောက်လာလေ တော့သည်။

ထို့ကြောင့် သူသည် သက်ပြင်းကို တချက်မှုတ်ထုတ်လိုက်ပြီး ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲလျောင်းလိုက် လေတော့သည်။

\+ ✱ ✱

'ကျောက်စိမ်းမြတ်'

တည်းခိုခန်းတခု၏အမည် ဖြစ်ပါသည်။

ယင်းတည်းခိုခန်းသည် ဟန့်ကိုမြို့၏ မြောက်ဘက်ပိုင်းတွင်ရှိပြီး ကြီးမားသော ခြံဝင်းထဲမှ နှစ်ထပ်အိမ်တဆောင်ပင် ဖြစ်ပါသည်။

အောက်ထပ်၌ စားသောက်ခန်းမအဖြစ် ပြုလုပ်ထားပြီး တည်းခိုခန်းများကို အိမ်၏အပေါ်ထပ်၌ အခန်း ဖွဲ့ထားလေသည်။



ယင်းတည်းခိုခန်း၏နောက်ဘက်၌ အိမ်ငယ်တလုံးရှိပြီး ထိုအိမ်ခန်းကို အမြဲတစေ သော့ခတ်ထားလေသည်။

အမှန်မှာ ထိုတည်းခိုခန်းသည် စိန်ကျားခြံမှ ပိုင်ဆိုင်သောတည်းခိုခန်းဖြစ်ပါသည်။

အမြဲတစေ သော့ခတ်ထားသော အခန်းသည်လည်း စိန်ကျားခြံမှ မင်းသား စိန်ဝန်လွှမ်းအတွက် သီးသန့် အခန်းပင်ဖြစ်ပါသည်။

ယခု ထိုအခန်းသည် သော့ပွင့်လျက်ရှိသည်။ အခန်းထဲမှ ပြာလဲ့သောမီးရောင်ကလည်း ပြတင်းပေါက်မှတဆင့် အပြင်သို့ ဖြာကျနေလေသည်။

ထို့ကြောင့် ယင်းအခန်းထဲ၌ လူရှိနေမည် ဖြစ်လေသည်။ ဤသို့ဆိုလျှင် ယင်းအခန်းထဲ၌ရှိနေသောလူသည် စိန်ဝန်လွှမ်းမှလွဲ၍ မည်သူမျှမဖြစ်နိုင်ပေ။

သို့သော် အခန်းထဲ၌ စိန်ဝန်လွှမ်းတယောက်တည်း ရှိနေခြင်းမဟုတ်ပါ။ သူနှင့်အတူ မိန်းမပျိုတယောက် ရှိနေပါသည်။

သူမသည် ဆန့်ကွမ်းချုံးပင်ဖြစ်ပါသည်။

✱ ✱ ✱

စီကျင်းသည် 'ကျောက်စိမ်းမြတ်'တည်းခိုခန်း၏ တာဝန်ခံ ဖြစ်ပါသည်။

သို့သော် ဟန်ကို့မြို့ရှိလူတိုင်းက သူ့အား ကျောက်စိမ်း မြတ် တည်းခိုခန်းပိုင်ရှင်ဟု သိကြလေသည်။

ထို့ပြင် သူသည် စိန်ကျားခြံမင်းသား စိန်ဝန်လွမ်း၏ အားကိုးရသော တပည့်တဦးလည်းဖြစ်သည်။

ထို့အတူ မိကျောင်းကြီး အိသောင်းနှင့် လောင်ဆန်းတို့ သည် စီကျင်း အားကိုးရသော တပည့်များဖြစ်ပါသည်။

ယနေ့ သူတို့သည် ဟန်ကို့မြို့စွန်၌ မိန်းကလေးတဦးမယောင် မလည်ဖြစ်နေသည်ကို တွေ့ခဲ့လေသည်။

ထို့ကြောင့် အမြဲတမ်း မျက်နှာပေါ်တွင် အပြုံးပန်းပွင့်နေ တတ်သော စီကျင်းက ထိုမိန်းကလေးထံချဉ်းကပ်ကာ ပျားရည် ဆမ်းသော စကားလုံးများဖြင့် မိန်းကလေးအား ကျောက်စိမ်း မြတ်သို့ ခေါ်ဆောင်လာခဲ့လေသည်။

ကျောက်စိမ်းမြတ်သို့ရောက်သောအခါ စီကျင်းသည် မိန်းက လေး၏ အ ားအစာများထဲ၌ အိပ်ဆေးခတ်ကာ စိန်ဝန်လွမ်း ထံသို့ ခေါ်ဆောင်သွားလေတော့သည်။

ထိုမိန်းကလေးသည် ဆန့်ကွမ်းချုံးပင် ဖြစ်ပါသည်။

* * *





ဆန့်ကွမ်းချုံးသည် ဟန့်ကို့မြို့သို့ ရောက်သောအခါ မည် သည့်နေရာသို့ သွားရမှန်းမသိအောင် ဖြစ်နေလေသည်။

သူမ၏ဝမ်းဗိုက်သည် ဆာလောင်နေသော်လည်း သူမ၏ လက်ထဲ၌ ငွေ တပြားတချပ်မျှ မရှိချေ။

နောက်ဆုံးတွင် သူမသည် လမ်းဘေး၌ ရောင်းချနေသော ပေါက်စီသည်ထံမှ အသားလွတ်ပေါက်စီတလုံးကို ဆိုင်ရှင်မသိ အောင် နှိုက်ယူလိုက်လေသည်။

သို့သော် ဆိုင်ရှင်က မြင်တွေ့သွားသဖြင့် ရှုတ်ရှုတ် သဲသဲ ဖြစ်သွားခဲ့သည်။

ထိုစဉ် လူတယောက်က ဝင်ရောက်၍ ပြဿနာကို ဖြေရှင်း ပေးခဲ့ပြီး ကျောက်စိမ်းမြတ်တည်းခိုခန်းသို့ ခေါ်သွားခဲ့ လေ သည်။

ထိုလူမှာ စီကျင်းပင် ဖြစ်ပါသည်။ ဆန့်ကွမ်းချုံးသည် စီကျင်းကျွေးမွေးသော စားသောက်စရာများကို စားသောက် ပြီးသည်နှင့်တပြိုင်တည်း သူမ၏ မျက်ခွံများသည် လေးလံ၍ လာလေတော့သည်။

မကြာမီမှာပင် သူမသည် လုံးဝ ဟန်မဆောင်နိုင်တော့ပဲ စားပွဲပေါ်သို့ မှောက်လျက် အိပ်ပျော် သွားလေတော့သည်။

စီကျင်းက ပြုံးလိုက်ပြီး မိကျောင်းကြီး အိသောင်းနှင့် လောင်ဆန်းတို့အား မျက်စပစ်ပြလိုက်လေတော့သည်။

F.11

မိကျောင်းကြီးအိသောင်းနှင့် လောင်ဆန်းတို့သည် စီကျွဲ(င်)အား သူတို့၏ ညစ်ထေးသောသွားများကို ပေါ်အောင် ပြုံးပြလိုက်ပြီး ဆန့်ကွမ်းချုံးအားပွေ့ထူကာ စိန်ဝန်လွမ်းအခန်းသို့ သယ်ဆောင်သွားလေတော့သည်။

*

ကျောက်စိမ်းမြတ်တည်းခိုခန်း။

ယင်း တည်းခိုခန်း၌ တည်းခိုရန် အခန်းပေါင်း များစွာ ရှိသည်။

အခန်းအမှတ်(၁၃)သည် အနောက်ဘက်၌ရှိသော အခန်း တခန်းဖြစ်ပါသည်။

ယင်းအခန်းထဲ၌ အပြာရောင်ဝတ်ဆင်ထားသော မိန်းမပျို တဦးသည် ပြတင်းပေါက်မှငေးမော ကြည့်ရှုနေလေသည်။

သူမ၏ပြတင်းပေါက်မှ ကျောက်စိမ်းမြတ်၏ နောက်ဘက်ရှိ စိန်ဝန်လွမ်း၏ သီးသန့်အခန်းကို လှမ်းမြင်နေရသည် မဟုတ်ပါလား။

သူမသည် ပြတင်းပေါက်မှ ငေးမောကြည့်နေသည်။





သို့သော် သူမ၏မျက်လုံးများသည် ရိပိန်တောင်၏ကျယ်ပြန့်သော ပန်းပေါင်းစုံဥယျာဉ်အတွင်း၌ သူမသည် ဆန့်ကွမ်းချုံးအား ပွေ့ချီကာ ကစားနေပုံကိုသာ မြင်ယောင်နေလေသည်။

ဆန့်ကွမ်းချုံး လေးနှစ် ငါးနှစ် အရွယ်ခန့်တွင် သူမသည် ရိပိန်တောင်သို့ ရောက်ရှိလာပြီး ဆူးရိဖုံး၏ လက်အောက်၌ စံအိမ်ထိမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့လေသည်။

ထို့ပြင် သူမသည် ဆန့်ကွမ်းချုံး၏ အထိန်းတော်တဦးအနေဖြင့်လည်း ဆန့်ကွမ်းချုံးနှင့်အတူ နေထိုင်ခဲ့လေသည်။

ရိပိန်တောင်ရှိ ပန်းပေါင်းစုံ ဥယျာဉ် အတွင်း၌ သူမနှင့် ဆန့်ကွမ်းချုံးတို့သည် ပြေးလွှားဆော့ကစားခဲ့သော နေရာပင် ဖြစ်ပါသည်။

ဆန့်ကွမ်းချုံးသည် ပန်းပေါင်းစုံ ဥယျာဉ်၏ တဘက်စွန်းမှ သူမ၏အမည်အား အော်ဟစ်ကာ ပြေးလွှားလာနေသည်။

ထိုစဉ် ရုတ်တရက်

အရိပ်နှစ်ရိပ်က ဆန့်ကွမ်းချုံး ၏ ရှေ့၌ ပေါ်ထွက်လာပြီး ဆန့်ကွမ်းချုံး အား ဖမ်းဆီး ခေါ်ဆောင် သွားလေတော့သည်။

ဆန့်ကွမ်းချုံးသည် ထိုအရိပ်နှစ်ရိပ်ကြားမှ ရုန်းကန်အော်ဟစ်နေလေသည်။

ဆန့်ကွမ်းချုံး၏ အော်ဟစ်သံသည် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေတော့သည်။

စင်းမမသည် ရုတ်တရက်ငေးကြောင်နေရာမှ ဆန့်ကွမ်းချုံးဟု အော်ဟစ်ကာ ပြေးလိုက်သွားလေတော့သည်။

သို့သော်....သူမနှင့် ဆန့်ကွမ်းချုံးတို့ အကြား၌ မှန်တချပ်ကာရံထားလေသည်။ ထိုအခါမှ စင်းမမသည် သတိပြန်လည်ဝင်ရောက်လာပြီး တကိုယ်တည်း ပြုံးလိုက်လေတော့သည်။

အကြောင်းမှာ.... သူမသည် ပြတင်းပေါက်ရှေ့၌ ရပ်ယင်းအတွေးလွန်နေခြင်းသာ ဖြစ်သည်မဟုတ်ပါလော။

ထိုစဉ် ရုတ်တရက်သူမမျက်လုံးများသည် လှုပ်ရှားမှုတခုကိုပြတင်းပေါက်မှတဆင့် မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် သူမသည် ပြတင်းပေါက်မှန်ကို မျက်နှာ တိုးကပ်လျက် သေချာစွာ စူးစိုက်ကြည့်လိုက်လေသည်။

လူရိပ်နှစ်ရိပ်သည် မိန်းမပျိုတဦးအား ပွေ့ချီကာ စိန်ဝန်လှမ်း၏ သီးသန်အခန်းသို့ တရွေ့ရွေ့ သယ်ဆောင်သွားနေသည်ကို စင်းမမမြင်တွေ့လိုက်ရလေသည်။

တဆက်တည်းမှာပင် ထိုလူရိပ် နှစ်ရိပ်ကြားမှ မိန်းကလေး၏ပုံပန်းသဏ္ဌာန်သည် ဆန့်ကွမ်းချုံးနှင့် တူသည်ဟု စင်းမမ၏စိတ်ထဲ၌ တွေးထင်မိလေသည်။

ထို့ ကြောင့် သူမသည် ဘာပဲ ဖြစ်ဖြစ် ထိုလူနှစ်ယောက်နောက်မှ လိုက်၍ကြည့်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

*  *  *





ဆန်ဝန်ကျက်သည် ဆိုင်အဝင်ဝ နှဖူးစည်းကို မော့ကြည့်လိုက်သည်။

ကျောက်စိမ်းမြတ်'

ဟူသော စာတန်းကို မြင်တွေ့လိုက်ရသည်။

ထို့နောက် သူသည် ဆိုင်ထဲသို့လှမ်း၍ ဝင်ရောက်လိုက်လေ့သည်။ ကျောက်စိမ်းမြတ် တည်းခိုခန်းထဲသို့ ဝင်ရောက်လိုက်သည်နှင့် ဆန်ဝန်ကျက်သည် တစုံတယောက်နှင့် တိုက်မိမည်ကဲ့သို့ ဖြစ်သွားလေသည်။

ထိုလူသည် ဆန်ဝန်ကျက်အား ပြုံးပြကာ ယဉ်ကျေးစွာတောင်းပန်လိုက်လေသည်။ ဆန်ဝန်ကျက်က ပြုံးလျက်...

'ကိစ္စမရှိပါဘူး'

ဟု ပြောလိုက်လေသည်။

ထို့နောက် ထိုလူသည် ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

ဆန်ဝင်ကျက်က ထိုလူ၏ နောက်ကျောအား ကြည့်လိုက်ပြီးနောက် ဆိုင်ထဲသို့ဝင်ရောက်လိုက်လေတော့သည်။

အကယ်၍သာ ဆန်ဝန်ကျက်နှင့် တိုက်မိမည်ကဲ့သို့ ဖြစ်သောလူသည် အမည်မဲ့ခြံဝင်း၏ ကြီးကြပ်ရေးမှူး ချန်းဖြစ်ကြောင်း ဆန်ဝန်ကျက် သိခဲ့ပါမူ....

သို့တည်းမဟုတ်၊ ကြီးကြပ်ရေးမှူးချန်းသည် မိမိနှင့်ဝင်တိုက်မည်ကဲ့ဖြစ်သောလူသည် မိမိတို့၏ရန်သူတော်ရွှေနဂါးခင်းသား ဆန်ဝန်ကျက်မှန်း သိခဲ့လျှင်...

*  *  *

ဆန်ဝန်ကျက်မှာထားသော ဟင်းလျာများနှင့်အရက်အိုးတ
ရောက်ရှိလာချိန်၌ ဆန်ဝန်ကျက်၏မျက်လုံးများသည် အပေါ်
ထပ်လှေကားမှ ဆင်းသက်လာသော အပြာရောင်ဝတ်မိန်းက
လေးပေါ်သို့ ကျရောက်သွားလေတော့သည်။

ယင်းသို့ကျရောက်သွားသည်နှင့် တပြိုင်နက်တည်း ဆန်ဝန်ကျက်၏နှုတ်ခမ်းမှ

'စင်းမမ ပါလား'

ဟု တိုးတိုးရေရွတ်လိုက်လေတော့သည်။

စင်းမမသည် လှေကားအတိုင်းဆင်းသက်လာပြီး ဆိုင်၏နောက်ဘက်သို့ ဝင်ရောက်သွားလေတော့သည်။

ဆန်ဝန်ကျက်သည် ထိုင်ရာမှထလိုက်ပြီး၊ အိတ်ထဲမှငွေစတချို့ကို ထုတ်ယူကာ စားပွဲပေါ်သို့ ပစ်တင်လိုက်လေသည်။

ထို့နောက် ဆန်ဝန်ကျက်သည် စင်းမမ၏နောက်သို့ လိုက်သွားလေတော့သည်။

* * *

စင်းမမသည် ပြာလဲ့သောမီးရောင် ဖြာကျနေသည့်ပြတင်းပေါက်သို့ တိတ်တဆိတ် ချဉ်းကပ်သွားလေသည်။

ထို့နောက်သူမသည် ပြတင်းပေါက်မှပြူ၍ အခန်းထဲသို့ချောင်းကြည့်လိုက်လေသည်။



စိန်ဝန်လွမ်းသည် စားပွဲပေါ်မှ အရက်ခွက်ကိုယူ၍ မော့သောက်လိုက်သည်။

ပြီးမှသူသည် အရက်ခွက်ကိုကိုင်လျက် ခုတင်ရှိရာသို့လျှောက်လာလေသည်။

ထို့နောက်သူသည် ခုတင်ပေါ်၌အိပ်ပျော်နေသော မိန်းကလေးကို တချက်မျှစူးစိုက်၍ ကြည့်လိုက်လေသည်။

စင်းမမသည် စိန်ဝန်လွမ်း၏ လှုပ်ရှားမှုများကို ပြတင်းပေါက်မှတဆင့် ကြည့်၍နေလေသည်။

ထို့နောက် စင်းမမ၏မျက်လုံးများသည် ခုတင်ပေါ်မှမိန်းကလေး၏မျက်နှာပေါ်သို့ ကျရောက်သွားလေတော့သည်။

စင်းမမသည် ခုတင်ပေါ်မှမိန်းကလေးကို မြင်တွေ့လိုက်သည်နှင့် သူမ၏မျက်လုံးသည် ပြူးကျယ်သွားပြီး နှုတ်ခမ်းမှ

'ဆန်နှကွမ်းချုံး'

ဟု ရေရွတ်လိုက်လေတော့သည်။

ထို့နောက်သူမသည် သူမ၏အင်္ကျီလက်ကြားမှ ဓားမြှောင်ကို ထုတ်ကာ ပြတင်းပေါက်တံခါးအား ကန့်လန့်၍ ဖွင့်လေတော့သည်။

ထို့နောက်

သူမသည် ပြတင်းပေါက်ကိုကျော်ကာ အခန်းထဲသို့ ဝင်ရောက် သွားလေတော့သည်။

ထိုစဉ်...

ကျောက်စိမ်းမြတ် တည်းခိုခန်း၏ နောက်ဘက် တံခါးဝ၌ လူတယောက် ပေါ်ထွက်လာလေတော့သည်။

ထိုလူသည် ဆန်ဝန်ကျက်ပင် ဖြစ်ပါသည်။

*　　　*　　　*

မီးရောင်သည် ပြာလဲ့လဲ့ လင်း၍နေသည်။

နံရံပေါ်၌ လှပသော ပန်းချီကားများ ချိတ်ဆွဲထားပြီး ပန်းချီကိုမြင်သည်နှင့် တန်ဖိုးကြီးသော ပန်းချီကားချပ်မှန်း သိရှိနိုင်ပေသည်။

ကြီးမားကျယ်ပြန့်သော ခုတင်တလုံးကို ကြက်သွေးရောင် မွေ့ရာခင်းဖြင့် ခင်းထားလေသည်။

ခုတင်ရှေ့သို့ မလှမ်းမကမ်းတွင် ဆောင်းဘွင်း မီးလင်းဖို တခု ရှိပြီး ထိုမီးလင်းဖို၌ မီးဖိုထားသဖြင့် အခန်းတွင်း၌ နွေးထွေး၍ နေလေသည်။

ထို့ပြင် မီးဖိုထဲမှ မွှေးကြိုင်သော ရနံ့များသည် အခန်းတခန်းလုံးအား မွှေးကြိုင်စေလေသည်။

စားပွဲပေါ်၌ စားပြီးသောဟင်းခွက်များ သိမ်းဆည်းခြင်း မရှိသေးချေ။



စိန်ဝန်လှမ်းသည် လက်ထဲ၌အရက်ခွက်ကိုကိုင်ယင်း ခုတင်ပေါ်မှ မိန်းကလေးကို စူးစိုက်၍ ကြည့်နေလေသည်။

စိန်ဝန်လှမ်း၏ မျက်လုံးများသည် အရက်ခိုး၊ ရမ္မက်ခိုး တို့ဖြင့် ဖုံးလွှမ်းကာ မိန်းကလေးအား စိုက်ကြည့်နေခြင်းပင် ဖြစ်ပါသည်။

ထို့နောက် စိန်ဝန်လှမ်းသည် ခုတင်ပေါ်သို့ တင်ပါးလွှဲထိုင်လိုက်ပြီး မိန်းကလေး၏ ပါးပြင်အား နမ်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ရှုတ်တရက် သူ၏မျက်လုံးထောင့်၌ လှုပ်ရှားမှုတခုကို ရိပ်ကနဲတွေ့လိုက်ရလေသည်။ လူရိပ်တရိပ်သည် လျှပ်စီးကဲ့သို့ လျင်မြန်စွာ စိန်ဝန်လှမ်း၏ အနီးသို့ ရောက်ရှိလာပြီး စိန်ဝန်လှမ်း၏ သွေးကြောကို ပိတ်လိုက်လေသည်။

သို့သော် စိန်ဝန်လှမ်းသည် သူ၏မျက်စိထောင့်၌ လှုပ်ရှားမှုကို တွေ့လိုက်သည်နှင့် တပြိုင်တည်း သူ၏ခန္ဓာကိုယ်ကို ခုတင်ပေါ်ရှိ မိန်းကလေး၏ ခန္ဓာကိုယ်ပေါ်မှ ကျော်၍ တပတ်ကျွမ်းထိုးကာ ရှောင်တိမ်းလိုက်လေသည်။

ထို့ကြောင့် လူရိပ်၏လက်ချောင်းများသည် စိန်ဝမ်လှမ်း၏ အင်္ကျီစကိုသာ ဆုပ်ကိုင်မိပြီး အင်္ကျီစ စုတ်ပြဲသံနှင့် အတူ လက်ထဲ၌ ပါလာလေတော့သည်။

စိန်ဝန်လှမ်းသည် ခုတင်ပေါ်မှ အောက်သို့ လိမ့်ချလိုက်ပြီး ကြမ်းပေါ်၌ မတ်တတ်ရပ်လိုက်လေသည်။ အခန်းထဲသို့ ဝင်ရောက်လာသော လူရိပ်က လျှပ်တပြက် ခုတင်ကိုပတ်ကာ စိန်ဝန်လှမ်း၏ သွေးကြောကို ထပ်မံပိတ်လိုက်ပြန်လေသည်။

စိန်ဝန်လွှမ်းက သူ၏ခန္ဓာကိုယ်ကို ဗယ်ညာယိမ်း၍ ရှောင်လိုက်လေသည်။ တချိန်တည်းမှာပင် လူရိပ်၏ဗယ်ခြေထောက်သည် မြောက်တက်သွားပြီး စိန်ဝန်လွှမ်းကို ကန်လိုက်လေသည်။

စိန်ဝန်လွှမ်းသည် သူ၏ခန္ဓာကိုယ်ကို တချက်ဆန့် လိုက်ပြီး ခုတင်ကို ကန့်လန့်ဖြတ် ကျွမ်းထိုး၍ ရှောင်လိုက်လေသည်။

ထို့နောက် သူသည် ကြမ်းပေါ်၌ တပတ်မျှလှိမ့်လိုက်ပြီး မတ်တတ်ရပ်လိုက်လေသည်။

တဆက်တည်းမှာပင် သူသည် မိမိအားတိုက်ခိုက်လာသူကို ကြည့်လိုက်လေသည်။ ယင်းသို့ကြည့်လိုက်သည်နှင့် သူ၏မျက်လုံးသည် အံ့ဩသော အရိပ်အရောင် ပေါ်ထွက် လာလေတော့သည်။

အကြောင်းမှာ ယခုသူ့အားတိုက်ခိုက်နေသူမှာ ယောကျ်ားတဦး မဟုတ်ပဲ မိန်းမပျိုတဦး ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

သူသည် အတန်ကြာမှ ရှတ်တရက် ရယ်မောလိုက်ပြီး

'မင်း....ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

စိန်ဝန်လွှမ်း၏အမေးကို မိန်းမပျိုက ဖြေကြားခြင်းမပြုပဲ ခုတင်ပေါ်မှ မိန်းကလေးကို တချက်မျှ ကြည့်လိုက်လေသည်။

ထို့နောက် သူမသည် ခုတင်ပေါ်မှမိန်းကလေး၏ပါးပြင်ကို အသာအယာပုတ်ကာ

'ဆန့်ကွမ်းချုံး....ဆန့်ကွမ်းချုံး'



ဟု ခေါ်လိုက်လေသည်။

စိန်ဝန်လွှမ်းသည် မိန်းကလေး၏ စကားသံကြောင့် မျက်မှောင်တချက်ကြုတ်သွားပြီး....

'ဆန့်ကွမ်းချုံး၊ အင်း... ကြားဖူးသလိုပဲ'

ဟု တကိုယ်တည်း ရေရွတ်လိုက်လေသည်။

ပြီးမှ သူသည် မိန်းကလေးအားထပ်မံ၍

'ဟေ့... ငါမေးတယ်၊ မင်းဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

မိန်းမပျိုသည် စိန်ဝန်လွှမ်းအား ဘာမျှ ပြန်လည်မပြောပဲ သူမ၏ ရင်ဘတ်ကြားမှ ကတ္တီပါအိတ်ကို ထုတ်ယူလိုက်ပြီး ထိုအိတ်ထဲမှ ဆေးလုံးတလုံးကို ထုတ်ယူလိုက်လာ ဆန့်ကွမ်းချုံး၏ ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။

အပြာရောင်ဝတ် မိန်းမပျိုက မိမိ၏အမေးကို မဖြေပဲနေသဖြင့် စိန်ဝန်လွှမ်း၏မျက်နှာသည် နီမြန်းလာပြီး

'ဟေ့... မင်း ဘယ်သူလဲ'

စိန်ဝန်လွှမ်း၏စကားမဆုံးမီ

'ရိပိန်တောင်က စင်းမမဆိုတာပဲ'

ဟူသောအသံသည် အခန်းတံခါးဝမှ ပေါ်ထွက်လာလေတော့သည်။

ထိုအသံကြောင့် စိန့်ဝန်လွှမ်းရော စင်းမမပါ အခန်းတံခါးဝသို့ လှမ်းကြည့်လိုက်လေသည်။

အခန်းတံခါးဝ၌ လူတယောက်သည် တံခါးဘောင်ကိုမှီ၍ ရပ်နေလေသည်။

စိန်ဝန်လွှမ်းက မျက်မှောင်ကြုတ်လိုက်ပြီး တံခါးဘောင်၌ မှီနေသောလူကို လှမ်း၍....

'မင်းကဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

တံခါးဘောင်၌မှီ၍နေသောလူသည် ကိုယ်ကို တံခါးဘောင်မှခွာကာ အခန်းထဲသို့လှမ်းဝင်ယင်း

'ဆန်ဝန်ကျက်'

ဟု ပြောလိုက်လေသည်။

စိန်ဝန်လွှမ်းက အံတချက်ကြိတ်လိုက်ပြီး ရုတ်တရက် ဆန်ဝန်ကျက်အား တိုက်ခိုက်လေတော့သည်။

စိန်ဝန်လွှမ်း၏လက်သီးသုံးချက်သည် ဆန်ဝန်ကျက်ကိုမထိပဲ လေထဲ၌သာ တဝိုးဝိုးဖြင့် ဖြတ်သန်းသွားလေတော့သည်။

ထိုစဉ် စင်းမမထံမှ

'ဆန့်ကွမ်းချုံး.... ဆန့်ကွမ်းချုံး'

ဟူသောအသံသည် ပေါ်ထွက်လာလေသည်။

ဆန့်ကွမ်းချုံးထံမှလည်း ညည်းညူသံသဲ့သဲ့ ပေါ်ထွက်လာလေသည်။ ဆန်ဝန်ကျက်သည် စိန်ဝန်လွှမ်း၏တိုက်ကွက်ကိုဟန့်တားလိုက်ပြီး ခုတင်အနီးသို့ ချဉ်းကပ်သွားလေသည်။

ရုတ်တရက် စင်းမမသည် ဆန်ဝန်ကျက်၏ရှေ့မှ ကာဆီးလိုက်ပြီး



'မင်းသား ဘာလုပ်မလို့လဲ'

ဟု မေးလိုက်လေသည်။

ဆန်ဝန်ကျက်ကပြုံးလိုက်ပြီး

'စင်းမမက မေ့သွားပြီလား၊ ဆန့်ကွမ်းချုံးဟာ ကျုပ်ရဲ့ဇနီးလေ'

ဟု ပြောလိုက်လေ့သည်။

စင်းမမက ဦးခေါင်းကို ခါယမ်းလိုက်ပြီး

'ဇနီးမဖြစ်သေးပါဘူး'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်ကပြုံးယင်း

'ဆူးရိဖုံးက ကျုပ်နဲ့ပေးစားဖို့ သဘောတူထားပြီပဲ'

စင်းမမက ဦးခေါင်းကိုခါယမ်းယင်း

'မင်းသားလဲ မေ့တတ်တာပဲ၊ ဆူးရိဖုံးကသေပြီ'

ဟု ပြောလိုက်လေသည်။

ဆန်ဝန်ကျက်သည် မျက်နှာတချက်ပျက်သွားပြီး

'ဒါပေမယ့် သေသွားတဲ့လူရဲ့ စကားကို နားထောင်သင့်တယ်မဟုတ်လား'

စင်းမမကပြုံးလျက်

'ဆူးရိဖုံး မရှိတော့တဲ့အတွက် ကာယကံရှင်ရဲ့ဆန္ဒကို မေးသင့်တယ်မဟုတ်လား'

ဆန်ဝန်ကျက်က ဘာမျှ ပြန်၍မပြောပဲ စင်းမမကို စူးစိုက်ကြည့်လိုက်သည်။

ထိုစဉ် စိန်ဝန်လွမ်းက နံရံမှဓားကို ဖြည်းညင်းစွာ ထုတ်ယူလိုက်ပြီး ဆန်ဝန်ကျက်၏ ကျောပေါ်သို့ ထိုးစိုက်လိုက်လေတော့သည်။

* * *

စိန်ဝမ်လွမ်းက နံရံပေါ်မှဓားကို ဖြည်းညင်းစွာ ထုတ်ယူလိုက်ပြီး ဆန်ဝန်ကျက်၏ နောက်ကျောသို့ ထိုးစိုက်လိုက်လေတော့သည်။

သို့သော်…ဆန်ဝန်ကျက်က လျင်မြန်စွာ သူ၏ခန္ဓာကိုယ်ကို တဘက်သို့ တိမ်းပေးလိုက်လေသည်။

ထို့ကြောင့် စိန်ဝမ်လွမ်း၏ ဓားသည် ဆန်ဝန်ကျက်အား မထိပဲ စင်းမမ၏ ရင်ဝသို့ ထိုးစိုက်သွားလေတော့သည်။ သို့သော်....

'ထန်'

ဟူသော အသံနှင့်အတူ စင်းမမ၏ ဓားမြှောင်က စိန်ဝမ်လွမ်း၏ ဓားများကို ရိုက်ထုတ်နိုင်ခဲ့လေသည်။

တချိန်တည်းမှာပင် ဆန်ဝန်ကျက်က နဂါးလည်ပြန် သိုင်းကွက်ဖြင့် စိန်ဝမ်လွမ်းအား လက်ပြန်ရိုက်လိုက်လေသည်။





'ဝုန်း'

ဟူသော အသံနှင့်အတူ စိန်ဝမ်လွမ်း၏ ခန္ဓာကိုယ်သည် လေထဲသို့ မြောက်ကာ အခန်းဝသို့ ရောက်ရှိ သွားလေတော့သည်။

ထိုစဉ်....အခန်းတံခါးဝ၌စီကျင်း၊မိကျောင်းကြီးအိခသောင်းနှင့် လောင်ဆန်းတို့ ပေါ်ထွက်လာပြီး ဆန်ဝန်ကျက်နှင့် စင်းမမတို့အား တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ထို့နောက် တဆက်တည်း ကျောက်စိမ်းမြတ်တည်းခိုခန်းမှ လူမိုက် ၁၀ ယောက်သည် အခန်းထဲသို့ ဝင်ရောက် လာပြီး ဆန်ဝန်ကျက်နှင့် စင်းမမတို့အား ဝိုင်း၍ တိုက်ခိုက်လေတော့သည်။

တခဏအတွင်းမှာပင် စိန်ဝမ်လွမ်း၏ သီးသန့်ခန်းထဲ၌ ဓားသံ၊ အော်ဟစ်သံများဖြင့် ဆူညံသွားလေတော့သည်။

ထိုအသံများသည် တဖြည်းဖြည်း သီးသန့်အခန်းမှ ရွေ့လျားကာ အပြင်သို့ ရောက်ရှိလာလေတော့သည် မဟုတ်ပါလော…။

* * *

'အား'

ဟူသော အော်ဟစ်သံသည် စီကျင်းထံမှ ပေါ်ထွက်လာလေသည်။

စင်းမမက စီကျွင်း၏ ရင်ဝမှ မိမိ၏ဓါးကို ပြန်လည်နှုတ်ယူလိုက်သည်နှင့် စီကျွင်း၏ ခန္ဓာကိုယ်သည် မြေပေါ်သို့ လဲကျသွားလေတော့သည်။

စင်းမမသည် ပတ်ဝန်းကျင်ကို တချက် ကြည့်လိုက်သည်။ သူတို့သည် စိန်ဝမ်လွှမ်း၏ အခန်းထဲ၌ တိုက်ခိုက် နေရာမှ တဖြည်းဖြည်းနှင့် အပြင်သို့ရောက်ရှိကာ ဆက်လက် တိုက်ခိုက်နေကြသည် မဟုတ်ပါလော...။

စင်းမမသည် သူမနှင့် တိုက်ခိုက်ခဲ့သော စီကျွင်းကို ရှင်းလင်းပြီးနောက် ပတ်ဝန်းကျင်ကို တချက် ဝေ့ကြည့်လိုက်သည်။

ထို့နောက် သူမသည် ရုတ်တရက် နောက်သို့ လှည့်ကာ စိန်ဝန်လွှမ်း၏ အခန်းသို့ ပြေးသွားလေတော့သည်။

သူမ၏ နောက်မှ ကျောက်စိမ်းမြတ်၏ လူမိုက်နှစ်ယောက် ထက်ကြပ်မကွာ လိုက်ပါသွားလေသည်။

*　　　　*

အခန်းထဲသို့ စင်းမမရောက်သောအခါ သူမ၏မျက်လုံးသည် ပြူးကျယ်၍ သွားလေတော့သည်။

အကြောင်းမှာ ကြီးမား ကျယ်ပြန့်သော ခုဘင်ပေါ်၌ ဆန့်ကွမ်းချုံးကို မတွေ့ရသောကြောင့်ပင် မဟုတ်ပါလော...။





ထို့ကြောင့် စင်းမမသည် ဆန့်ကွမ်းချုံး၏ အမည်ကို အော်ကာ အခန်းတခုလုံး ရှာဖွေလေတော့သည်။

ထိုစဉ်.... ကျောက်စိမ်းမြတ်၏ လူမိုက် နှစ်ယောက်သည် အခန်းထဲသို့ ဝင်ရောက်ကာ စင်းမမအား လျှပ်တပြက် ဝင်ရောက် တိုက်ခိုက်လေတော့သည်။

*　　　　*　　　　*

စင်းမမ၏ ဖြေဆေးကြောင့် ဆန့်ကွမ်းချုံးသည် တဖြည်းဖြည်း သတိရလာပြီ ဖြစ်သည်။

ထို့ကြောင့် သူမသည် လေးလံသော မျက်ခွံကို တဖြည်းဖြည်း ဖွင့်လိုက်လေသည်။

သူမ၏ မြင်ကွင်းသည်လည်း တဖြည်းဖြည်း မှုန်ဝါးရာမှ ကြည်လင်လာလေသည်။

ယင်းသို့ ကြည်လင်လာသည်နှင့် သူမ၏ မျက်လုံးသည် ဝိုင်းစက်၍ သွားလေတော့သည်။

ထို့နောက် သူမသည် ကြောက်လန့်တကြား ထ၍ ထိုင်လိုက်လေသည်။ ပြီးမှ....သူမသည် ခုတင်ပေါ်မှ ကပျာကယာ ဆင်းလိုက်ပြီး ခုတင်အား ငေး၍ ကြည့်နေလေသည်။

တဆက်တည်းပင် သူမသည် မိမိ၏ ပတ်ဝန်းကျင်ကို လျှင်မြန်စွာ အကဲခတ်ကြည့်လိုက်လေသည်။ အခန်းထဲ၌ သူမတဦးတည်း ရှိနေကြောင်း သိလိုက်ရသဖြင့် သက်ပြင်းတချက်ကို မသိမသာ ချလိုက်လေသည်။

ထို့နောက် သူမသည် အခန်းထဲမှထွက်လိုက်လေသည်။

ထိုစဉ် သူမ၏နားထဲ၌အဝေးမှပြေးလွှားလာသောခြေသံကို ကြားလိုက်ရသဖြင့် သူမသည် အိမ်ခန်း၏နောက်ဘက်သို့ ပြေးကာ နောက်ဘက်တံခါးကိုဖွင့်၍ ထွက်ပြေး သွားလေတော့သည်။

အကယ်၍သာ မိမိခနနခဲ့သော အခန်းထဲသို့ ပြေးဝင်လာသူသည် စင်းမမဖြစ်ကြောင်း သူမသိမည်ဆိုလျှင် ယခုကဲ့သို့ထွက်ပြေးလိမ့်မည်မဟုတ်ပါ။

*   *   *

စိန်ဝန်လွှမ်း၏ဓားက ပန်းပွင့်များကို ခြွေလိုက်သည်။

ဆန်ဝန်ကျက်၏ ခြေ၊ လက်တို့က ပန်းအိုးများကို ခွဲလိုက်သည်။

ထို့ကြောင့် သူတို့နှစ်ဦး၏ ပတ်ဝန်းကျင်၌ ပွင့်ဖတ်များ၊ သစ်ကိုင်းစများ၊ ပန်းအိုးကွဲများ ကျဲပြန့်နေလေသည်။





ထို့ပြင် ကျောက်စိမ်းမြတ်၏ လူမိုက် ခြောက်ယောက်ခန့်လည်း မြေပေါ်၌ မလှုပ်ရှားနိုင်တော့ချေ။

မိကျောင်းကြီး အိုသောင်းသည် ဆန်ဝန်ကျက် အနီးသို့ မကပ်နိုင်ချေ။

လောင်ဆန်းသည် ဆန်ဝန်ကျက်၏လက်ချက်ဖြင့် မည်သည့်အခါမျှ မြေပေါ်မှ ပြန်လည်ထနိုင်တော့မည်မဟုတ်ချေ။

လရောင်အောက်၌ လူရိပ်နှင့် ဓားရိပ်တို့သည် ရောယှက်၍နေလေသည်။ အတန်ကြာသောအခါ

စိန်ဝန်လွှမ်းဓားသည် ဆန်ဝန်ကျက်၏လက်ထဲသို့မျက်လှည့်ပြသကဲ့သို့ ရောက်ရှိသွားပြီး စိန်ဝန်လွှမ်း၏ နှာကျင်စွာ အော်ဟစ်သံသည် ပေါ်ထွက်လာလေတော့သည်။

စိန်ဝန်လွှမ်း၏ အော်ဟစ်သံနှင့်အတူ စိန်ဝန်လွှမ်း၏ ဗယ်လက်သည် လက်မောင်းရင်းမှ ပြတ်ကာ မြေပေါ်သို့ ကျလာလေတော့သည်။

မိကျောင်းကြီး အိုသောင်းသည် လဲကျလာသော စိန်ဝန်လွှမ်း၏ ကိုယ်လုံးကို ထိန်းကာ လျှင်မြန်စွာ စိန်ဝန်လွှမ်း၏ သွေးတိတ်ကြောကိုနှိပ်၍ သွေးတိတ်စေလိုက်သည်။

ထို့နောက် သူသည် စိန်ဝန်လွှမ်းကိုထမ်းလျက် ထိုနေရာမှ ထွက်ပြေးသွားလေတော့သည်။

ကျောက်စိမ်းမြတ် လူမိုက်နှစ်ယောက်သည် နောက်သို့လှည့်ကာ မိကျောင်းကြီးအိသောင်းနောက်သို့ ပြေးလိုက် သွားလေတော့သည်။

* * *

အခန်းတံခါးဝ၌ လဲကျသေဆုံးနေသော ကျောက်စိမ်းမြတ်၏ လူမိုက်နှစ်ယောက်ကို ကျော်၍ အခန်းထဲသို့ ဆန်ဝန်ကျက် ဝင်လိုက်သည်။

အခန်းထဲ၌ ကြီးမားသော ခုတင်မှလွဲ၍ ဆန့်ကွမ်းချုံးကို မတွေ့ရတော့ချေ။

ထို့အတူ စင်းမမ၏ အရိပ်အရောင်ကိုလည်း ဆန်ဝန်ကျက် မတွေ့ရချေ။ ဆန်ဝန်ကျက်သည် မျက်မှောင်ကြုတ်ကာ နှုတ်ခမ်းကို ကိုက်လိုက်လေသည်။

ထို့နောက် သူသည် အခန်းထဲမှလှည့်ထွက်လိုက်လေတော့သည်။ အခန်းပြင်သို့ရောက်သည်နှင့် လူတယောက်ကို ဆန်ဝန်ကျက် တွေ့မြင်လိုက်ရသေးသည်။

ထိုလူသည် ဟန့်ကို့ရှိ ရွှေနဂါးဌာနခွဲအမှတ်ချစ်၏ဌာနခွဲမှူးကို့ဟိုပင်ဖြစ်ပါသည်။ ကို့ဟို၏ တကိုယ်လုံးသည် ဓားဒဏ်ရာ





များနှင့် ပြည့်နက်နေပြီး သူ၏လက်ဘဘက်သည် မီးလောင်ခဲ့ဟန် ပေါ်လွင်နေလေသည်။

သူသည် ဆန်ဝန်ကျက်အားတွေ့သည်နှင့်

'မင်းသား....ဌာနခွဲ မီး–မီးလောင်–အားလုံးသေ'

ဟု စကားကိုဆုံးအောင် မပြောနိုင်ပဲ မြေပေါ်သို့ လဲကျသေဆုံးသွားလေတော့သည်။

ယင်းသတင်းကို ကြားသည်နှင့် ဆန်ဝန်ကျက်၏ မျက်နှာသည် တင်း၍ လာလေသည်။ ဆန်ဝန်ကျက် အံကြိတ်ကာ ကို့ဟို၏အလောင်းကို အတန်ကြာအောင် ကြည့်နေပြီးမှ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *


သိုင်းစာစဥ်များpage.
ALiEN.
နန္ဒကျော်သူ
ရွှေနဂါးသိုင်းကျမ်း
တတိယပိုင်း (ဇာတ်သိမ်း) အပိုင်း (၂) အား ဆက်လက်ဖတ်ရှုပါရန်...